ကြေးမုံ
The Mirror Daily
ခေတ်မှန်ဘက်ရှိဖို့ရှိဖို့ကြိုးပမ်းဖော်ဆောင်သည် Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 November 2020 ၁၀၁၉၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့သို့ ပါဝင်တက်ရောက်






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၅)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၂၃)ကြိမ်မြောက် အာဆီယံ +၃ ထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့သည်။

(၂၃)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

❖ COVID-19 ကပ်ရောဂါကဲ့သို့သော စိန်ခေါ်မှုအကျပ်အတည်းများကြားမှ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

❖ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရစေကာမူ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့နှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းလုံး၌ တိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ


ကြေးမုံ ယနေ့ ဖတ်စရာ

**၂၀၂၀ အထွေထွေရွေးကောက်ပွဲကို နိုင်ငံရေးပါတီတွေအားလုံးက ပူးပေါင်းပါဝင် ယှဉ်ပြိုင်အရွေးခံခဲ့ကြပြီး ချောချောမွေ့မွေ့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်**

စာမျက်နှာ » ၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အား ငွေကျပ် သိန်း ၈၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများ လှူဒါန်း**

စာမျက်နှာ » ၁၉



# ကြေးမုံ

## အခွင့်အခါရခိုက် ပညာဖွံ့ဖြိုးရေးအားထုတ်

“ဆရာ မပြ နည်းမကျ” ဥပမာစကားကဲ့သို့ မည်သည့်အသိပညာ၊ အတတ်ပညာတွင်မဆို၊ ပညာနှင့်ဆိုင်သော မည်သည့်အကြောင်းအရာကိစ္စတွင်မဆို အတွေ့အကြုံများသော၊ အသိဉာဏ်ပညာမြင့်မားသော ဆရာသမားများ၏ လမ်းညွှန်ပြသပေးမှုမရှိလျှင် နည်းလမ်းမကျ အောင်မြင်မှုမရ ဖြစ်တတ်ပေသည်။ ဆရာသမားများ၏ လမ်းညွှန်ပြသပေးမှုများကို စနစ်တကျနာယူရပါက “ဆရာကောင်းတပည့် ပန်းကောင်းပန်”ဆိုသကဲ့သို့ နယ်ပယ်အသီးသီး၌ အောင်မြင်ထင်ရှားသူများ ဖြစ်လာနိုင်ပါသည်။

လောကအလယ်၌ ထင်ရှားကျော်ကြား အောင်မြင်ကြသူ ပုဂ္ဂိုလ်အသီးသီးတို့မှာ ဆရာသမားများ၏ နည်းလမ်းတကျ သွန်သင်ပြသမှုတို့ကို ကြည်ကြည်ဖြူဖြူခံယူခဲ့ကြသည်သာမက ၎င်းတို့ကိုယ်တိုင်လည်း ပတ်ဝန်းကျင်လောက၊ စာပေလောကတို့မှ အသိအမြင်ဗဟုသုတများ အလုံးစုံကြွယ်ဝအောင် အပတ်တကုတ် လေ့လာဆည်းပူး အားထုတ်ခဲ့ကြပါသည်။ ၎င်းတို့မှာ ရန်ကုန်တက္ကသိုလ်နယ်မြေတွင် အတိတ်တစ်ချိန်က ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ပညာအမွေခံယူခဲ့ကြသော တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအား ညွှန်းဆိုချင်ပါသည်။

ရန်ကုန်တက္ကသိုလ်တွင် နှစ်ပေါင်းများစွာ ပညာသင်ကြားပို့ချပေးခဲ့ကြသော၊ အတွေ့အကြုံရင့်ကျက်သော၊ အတွေးအခေါ်မြင့်မားလှသော ပါမောက္ခ၊ ကထိက ဆရာကြီး ဆရာမကြီးများ၏ ပညာအမြင်၊ ဘဝအမြင်၊ တက္ကသိုလ်သင်ကြားရေးလမ်းညွှန်အမြင်များသည် ကျောင်းသား ကျောင်းသူများ၏ ဘဝများကိုသာမက တိုင်းပြည်၏ အနာဂတ်အတွက်ပါ လွှမ်းခြုံမိစေပါသည်။ ထို့အပြင် ဆရာကြီး ဆရာမကြီးများ၏ လမ်းညွှန်ချက်များသည် တက္ကသိုလ်ကြီး တိုးတက်ကြီးပွားရေးအတွက်ပါ အထောက်အကူဖြစ်စေခဲ့ပါသည်။

သာဓကအားဖြင့် အတိတ်တစ်ချိန်က ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်များနှင့်တကွ ပါမောက္ခဆရာကြီး ဆရာမကြီးများ၏ လမ်းညွှန်ပြသမှုများမှာ မှတ်သားနာယူစရာဖြစ်သည်။ တက္ကသိုလ်တွင် စာသင်ဆရာ (Lecturer) က တစ်သမတ်တည်း စာကိုချည်းရွတ်၊ ကျောင်းသားများကလည်း တစ်သမတ်တည်း ခေါင်းငုံ့ပြီး ကြားသမျှလျှောက်ကူးသည့် အကျင့်ကိုဖျက်ဖို့ အားပေးခဲ့ကြသည်။ စာသင်နေစဉ်မှာပင် ကျောင်းသားများအား နှုတ်ဖြင့်မေးမြန်းခြင်း၊ စာေဒကတက်ခိုင်းခြင်း စသည့်အလုပ်ကို လုပ်ခြင်းအားဖြင့် ကျောင်းသားများ၏ လွတ်လပ်စွာ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေးခေါ်နိုင်သည့်စွမ်းရည်ကို ဆွပေးနိုင်ခဲ့သည်။

ဆရာလုပ်သူကိုယ်တိုင်က အချိန်တိကျမှန်ကန်မှုကို လေးစားပြခြင်း၊ မုသားကို ရှောင်ကြဉ်ခဲ့ခြင်း၊ ကျောင်းသားကို အမှားသင်မိပါက၊ ပြောမိပါက သိသည်နှင့်တစ်ပြိုင်နက် ဝန်ခံ၍ အမှားပြင်ဆင်စေခြင်းတို့ကို ပြုလုပ်ပြခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ စာရိတ္တခိုင်မာအောင် ကူညီအားပေးခဲ့သည်။ ကျောင်းသားရေးရာကို ကိုင်တွယ်ရာတွင် ဆရာကြီး ဆရာမကြီးများသည် ယုံကြည်ချက်အတိုင်းသာ ဆောင်ရွက်ခဲ့ကြသည်။ ပညာရပ်ဆိုင်ရာများသည် ကမ္ဘာတွင် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်ဖြစ်၍ နိုင်ငံတကာပညာရပ်ဆိုင်ရာများအား အစဉ်အမြဲ ဖတ်မှတ်လေ့လာပါမှ ဆရာ၊ ကျောင်းသား အဆင့်အတန်းမြင့်လာမည်ဟု ဆရာကြီးများက မှာကြားခဲ့သည်။

အတိတ်တစ်ချိန်က ရန်ကုန်တက္ကသိုလ် ဆရာကြီး ဆရာမကြီးများက တက္ကသိုလ်ကျောင်းသားများအပေါ်ထားရှိသည့် ခံယူချက်နှင့် သင်ကြားလမ်းညွှန်ပြမှုများသည် ရန်ကုန်တက္ကသိုလ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ တိုးတက်ရာတိုးတက်ကြောင်း နည်းလမ်းကောင်းများဖြစ်သည်။ ထိုဆရာကောင်းများ၏ တပည့် ဖြစ်ခဲ့ကြသူ၊ ဆရာများ၏ လမ်းညွှန်မှာကြားမှုများကို လိုက်နာခဲ့ကြသူ ကျောင်းသား ကျောင်းသူများသည် ပန်းကောင်းပန်နိုင်ကြသူများ ဖြစ်ခဲ့ကြသည်။ မိမိတို့၏လူမှုဘဝနှင့် မိမိတို့ကျင်လည်ရာနယ်ပယ်တွင် ဆရာပြ၍ နည်းလမ်းတကျဖြစ်ကာ တိုးတက်အောင်မြင်မှုများရခဲ့ကြသည်။

ယခုအခါ ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ် ၁၀၀ ပြည့်ကာလသို့ ရောက်ရှိလာပြီဖြစ်ရာ အတိတ်က တက္ကသိုလ်နှင့်ဆရာများအား ဂုဏ်ပြုသောအားဖြင့် မျက်မှောက် ကာလ ပညာရေးတိုးတက်ဖွံ့ဖြိုးစေရန် တာဝန်ယူသူများ အခွင့်အခါကောင်း ရနေစဉ်တွင် ပညာဘူမိနက်သန်၊ ပညာဗဟိုချက်ဖြစ်သည့် ရန်ကုန် တက္ကသိုလ်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးစားအားထုတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း။ ။

## ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် မျက်နှာကြက်တော် ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် မျက်နှာကြက်တော် ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ပင့်သံဃာတော်များနှင့် တက်ရောက်လာကြသူများက နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံမှ မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ဆက်ကပ်လှူဒါန်းမည့် သင်္ကန်းခုနစ်စုံတို့ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက ဆက်ကပ်လှူဒါန်းခဲ့သည်။



ဆက်လက်၍ မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသထံမှ အနုမောဒနာ တရားတော်မြတ်ကို နာယူကြည်ညိုကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်ရှိ ဗုဒ္ဓဆင်းတုတော်များ၏ မျက်နှာကြက်တော်များကို ဆက်ကပ်လှူဒါန်းပြီး ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား သင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ထန်တလန်မြို့နယ်၌ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလမ်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ချင်းပြည်နယ် ထန်တလန်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလမ်းတံတားများမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး)မှ သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၇၀၈ ဒသမ ၀၇ သန်းဖြင့် ထန်တလန်မြို့နယ် သီကိရ်-သဘာဝဥယျာဉ်မြေလမ်း (၁၃/၄) မိုင်အနက် (၆/၄) မိုင်ဖောက်လုပ်ပြီး ကျန်ခုနစ်မိုင်အား လမ်းမျက်နှာပြင် ၂၆ ပေ တောင်ကမ်းပါးရံဘက်ခြမ်း ရေမြောင်း သုံးပေ စုစုပေါင်း ၂၉ ပေအကျယ် အပြီးသတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်တွင် ပေ ၅၀ သံကူကွန်ကရစ်တံတား တစ်စင်း၊ ပေ ၄၀ သံပေါင်ဘေလီတံတား တစ်စင်း၊ ပေ ၂၀ ရှည် သံပေါင်ဘေလီတံတား တစ်စင်း၊ (၅x၅x၂၆) ပေရှိ Box Culvert ၂၉ စင်းတို့မှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ယင်းလမ်းကြောင်းပေါ် ရှိ ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၈၁၃ အိမ်၊ လူဦးရေ ၂၃၅၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် အကျိုးပြုမည်ဖြစ်ကြောင်း ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)မှ သိရသည်။

စိုးဝင်းထွန်း(သတင်းစဉ်)



MYANMAR Digital News
Presented by MPI
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၃)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

❍ ရှေ့ဖုံးမှ

ခေါင်းဆောင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များက အာဆီယံ+၃ နိုင်ငံများအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ခေါင်းဆောင်များက အဓိကမောင်းနှင်အားအဖြစ် အာဆီယံတည်ရှိသည့် အရှေ့အာရှ အသိုက်အဝန်းတစ်ရပ် ထူထောင်ရေးဆိုင်ရာ ရေရှည်ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံ+၃ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ကူးစက်ရောဂါအလွန် ဒေသတွင်းပြန်လည်နာလန်ထူရေးကို ဆောင်ရွက်ရာတွင် အာဆီယံ+၃ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက် ခိုင်မာစေရန်နှင့် COVID-19 ကူးစက်ရောဂါကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အာဆီယံ+၃ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို ပိုမိုမြှင့်တင်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ခေါင်းဆောင်များက အရှေ့အာရှဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်ဖော်ဆောင်ရာ၌ အာဆီယံ+၃ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း ထုတ်ဖော်ပြောဆိုပြီး လူကုန်ကူးမှု၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှု စသည့် သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များကို ရင်ဆိုင်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရန် ကတိကဝတ်ပြုခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အာဆီယံ+၃ နိုင်ငံခေါင်းဆောင်များနှင့် အရှေ့အာရှစီးပွားရေးကောင်စီ၏ကိုယ်စားလှယ်များ တွေ့ဆုံသည့် အခမ်းအနားတွင် ပါဝင်ဆွေးနွေးစဉ်။

### ဒေသတွင်းတည်ငြိမ်အေးချမ်းမှု များစွာအရေးကြီး

အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကူးစက်ရောဂါပျံ့နှံ့မှု၊ စီးပွားရေးအားပြိုင်မှုနှင့် ပထဝီမဟာဗျူဟာ အခင်းအကျင်းပြောင်းလဲမှုတို့ကို ရင်ဆိုင်နေကြရသည့်အချိန်တွင် အာဆီယံ+၃ နိုင်ငံများအကြား စည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မာလျက်ရှိသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ လက်ရှိကာလနှင့် အနာဂတ်တွင် ကြုံတွေ့မည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကို ရင်ဆိုင်ဖြေရှင်းရာတွင် ပိုမိုအသင့်ရှိစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ပြန်လည်ဆန်းသစ်ခိုင်မာစေရန် အရေးကြီးကြောင်း၊ COVID-19 ကူးစက်ရောဂါဆိုင်ရာ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း၊ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ချင်းမိုင်အစီအစဉ် (CMIM)ကို တိုးတက်ခိုင်မာစေခြင်း၊ မရှိမဖြစ်လိုအပ်သော ကုန်စည်များပို့ဆောင်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခြင်းနှင့် ဒေသတွင်း ပုံမှန်ခရီးသွားလာမှုကို တဖြည်းဖြည်းပြန်လည်စတင်ခြင်း စသည်တို့မှတစ်ဆင့် စီးပွားရေးနှင့် ဘဏ္ဍာရေးကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေးအတွက် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသည့် မူဝါဒဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုတို့ကို ဆက်လက်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ အာဆီယံ+၃ နိုင်ငံများအနေဖြင့် ကမ္ဘာ့ကူးစက်ရောဂါကို ရင်ဆိုင်ကျော်လွှားရေးနှင့် ကူးစက်ရောဂါအလွန် ပြန်လည်နာလန်ထူရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုသည် များစွာအရေးကြီးသည်ဖြစ်၍ အာဆီယံ+၃ လုပ်ငန်းစဉ်

**လက်ရှိကာလနှင့် အနာဂတ်တွင် ကြုံတွေ့မည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကို ရင်ဆိုင်ဖြေရှင်းရာတွင် ပိုမိုအသင့်ရှိစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ပြန်လည် ဆန်းသစ်ခိုင်မာစေရန် အရေးကြီး**

(၂၀၁၈-၂၀၂၂)တွင် ပါရှိသည့် သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

(၁၅)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များက အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံများအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အရှေ့အာရှထိပ်သီးအစည်းအဝေး ထူထောင်ခြင်း (၁၅)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည် အခါသမယတွင် ခေါင်းဆောင်များက အားလုံးနှင့်သက်ဆိုင်သည့် မဟာဗျူဟာ၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို အတူတကွ ပူးပေါင်းဖြေရှင်းကြရာတွင် အရှေ့အာရှ ထိပ်သီးအစည်းအဝေးကို ခေါင်းဆောင်များ ဦးဆောင်သည့် အဓိကနေရာတစ်ခုအဖြစ် ပိုမိုတိုးတက်ခိုင်မြဲစေရန် ထပ်လောင်းကတိကဝတ် ပြုခဲ့ကြသည်။ ထို့ပြင် ခေါင်းဆောင်များက COVID-19 ကူးစက်ရောဂါကို ရင်ဆိုင်တုံ့ပြန်ရာတွင် ထိရောက်မှုရှိသည့်ကုသဆေးနှင့် ကာကွယ်ဆေးများကို အားလုံးက သာတူညီမျှခံစားရရှိရေး၏အရေးပါမှုကို အသိအမှတ်ပြုကြပြီး၊ ဘေးကင်းလုံခြုံမှုရှိ၍ အရည်အသွေးပြည့်ဝပြီး ထိရောက်မှုရှိသည့် COVID-19 ကာကွယ်ဆေးများကို အားလုံးက လက်လှမ်းမီသည့် ဈေးနှုန်းဖြင့် သာတူညီမျှခံစားရရှိစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြမည့် ၎င်းတို့၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

### ရေရှည်ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး တိုးမြှင့်ဖော်ဆောင်

အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှစ်ဦးနှစ်ဖက်အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုများရှိသည့် နယ်ပယ်များ၌ မဟာဗျူဟာဆွေးနွေးမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ခြင်းအားဖြင့် အာဆီယံနှင့်ဒေသပြင်ပ၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို တိုးမြှင့်ဆောင်ရွက်ရာတွင် အရှေ့အာရှထိပ်သီးအစည်းအဝေး၏ အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုကြောင်း၊ အပြန်အလှန်ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို တိုးမြှင့်တည်ဆောက်ရန်အတွက် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးပွင့်လင်းစွာ လွတ်လွတ်လပ်လပ်တိုင်ပင်ဆွေးနွေးသည့် အပြုသဘောဆောင်သော အနေအထားကို ပိုမိုတိုးတက်ခိုင်မာစေရန် အရေးကြီးကြောင်း၊ COVID-19 ကူးစက်ရောဂါမှ ဆောလျင်စွာ ပြန်လည်နာလန်ထူနိုင်ရေးနှင့် အနာဂတ်တွင် ကြုံတွေ့မည့် အကျပ်အတည်းများကို ရေရှည်ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေးတို့အတွက် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှေ့အာရှထိပ်သီးအစည်းအဝေး၏ မနီလာလုပ်ငန်းစဉ်အောက်မှ တိုးမြှင့်ဖော်ဆောင်သွားကြရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ခေါင်းဆောင်အချို့၏ ပြောကြားချက်ကို တုံ့ပြန်ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်းတို့နည်းတူ မိမိအနေဖြင့်လည်း ယင်းကိစ္စနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုရှိသည်ကို ပြောကြားလိုပါကြောင်း၊ COVID-19 ကပ်ရောဂါကဲ့သို့သော စိန်ခေါ်မှုအကျပ်အတည်းများကြားမှ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရစေကာမူ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့နှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်းလုံး၌ တိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဒေသအတွင်းနှင့် တစ်ကမ္ဘာလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာအတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အာဆီယံ+၃ နိုင်ငံခေါင်းဆောင်များနှင့် အရှေ့အာရှစီးပွားရေးကောင်စီ၏ ကိုယ်စားလှယ်များ တွေ့ဆုံသည့် အခမ်းအနားသို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ အလားတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် (၈)ကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၊ အာဆီယံ-နယူးဇီလန် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-ဩစတြေးလျထိပ်သီးအစည်းအဝေးတို့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ကိုယ်စား ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးဖက်နိုင်ငံများနှင့် ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများတွင် ခေါင်းဆောင်များက အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(၈)ကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးတွင် အမေရိကန်နိုင်ငံက အာဆီယံနိုင်ငံမှ ကျောင်းသား ကျောင်းသူများ အမေရိကန်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်
(၈)ကြိမ်မြောက် အာဆီယံ-အမေရိကန်
ထိပ်သီးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။

နိုင်ငံတွင် ပညာသင်ကြားမည့်အခွင့်အလမ်း ပိုမိုရရှိစေမည့် Billion Future Scholars' အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အလားတူ အာဆီယံ-နယူးဇီလန် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေး၌ နယူးဇီလန်နိုင်ငံက အာဆီယံ၏ COVID-19 တုံ့ပြန်ရေးရန်ပုံငွေသို့ ဒေါ်လာ ၁ သန်း၊ ကူးစက်ရောဂါတုံ့ပြန်ရေးကို ကူညီပံ့ပိုးရန် ဒေါ်လာ ၁၂ သန်း၊ ဒေသတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပံ့ပိုးပေးရန် ဒေါ်လာ ၂၄ သန်း၊ ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဒေါ်လာ ၁၀ သန်းနှင့် ရေအရင်းမြစ်စီမံခန့်ခွဲမှုအတွက် မဲခေါင်ကော်မရှင်သို့ ဒေါ်လာ ၅ သန်း ကူညီထောက်ပံ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့ပြင် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးတွင် ဩစတြေးလျနိုင်ငံက အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသတွင် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်သည့် COVID-19 ကာကွယ်ဆေးများကို အားလုံးက ရရှိခံစားနိုင်ရန်အတွက် ဒေါ်လာသန်း ၅၀၀ ကူညီထောက်ပံ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ (၂၃)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့သို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လာအိုနိုင်ငံနှင့် ဘူတန်နိုင်ငံဝန်ကြီးချုပ်တို့က ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၄

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အနိုင်ရရှိခဲ့သည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လာအိုနိုင်ငံနှင့် ဘူတန်နိုင်ငံ ဝန်ကြီးချုပ်တို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ -

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ် ထံမှ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ခြင်းအတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် နွေးထွေးစွာဂုဏ်ယူဝမ်းမြောက်ရကြောင်းကို ပြောကြားလိုပါကြောင်း၊

အဆွေတော်၏ အမြော်အမြင်ရှိသည့် ဦးဆောင်မှုနှင့် အတွေ့အကြုံကြွယ်ဝမှုတို့ဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် COVID-19 ကပ်ရောဂါကို နှိမ်နင်း၊ ထိန်းချုပ်ရေးနှင့် လာမည့်နှစ်များတွင် မြန်မာပြည်သူများအတွက် ပိုမိုတိုးတက်သာယာဝပြောစေရေးရှေးရှုလျက် စီးပွားရေးကဏ္ဍတွင်လည်း ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် ကြီးမားသည့် အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားဖော်ဆောင်သွားရေးအတွက် လာအိုနှင့် မြန်မာနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးနှင့် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အဆွေတော်နှင့် နီးကပ်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် တာဝန်ဝတ္တရားများထမ်းဆောင်ရာတွင် အောင်မြင်မှုများ ပိုမိုရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ လိုတေး ရှာရင်း ထံမှ ပေးပို့ခဲ့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့ခြင်းအတွက် ဘူတန်နိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော်နှင့် NLD ပါတီတို့၏ အောင်မြင်မှုသည် အဆွေတော်အနေဖြင့် NLD ပါတီအား ထက်မြက်တက်ကြွစွာ ဦးဆောင်နိုင်ခဲ့မှုနှင့် အဆွေတော်၏ မဲဆန္ဒနယ်ရှိ ပြည်သူများအပါအဝင် မြန်မာလူထုက အဆွေတော့်အပေါ် ယုံကြည်ကိုးစားမှုကို ထင်ဟပ်ပြသခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊

NLD ပါတီ၏ ဥက္ကဋ္ဌအဖြစ် မြန်မာပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အရေးကြီးသော နိုင်ငံ့တာဝန်များ အောင်မြင်စွာ ဆက်လက်သယ်ပိုးနိုင်ပါစေရန် မိမိအနေဖြင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း၊

မိမိတို့နှစ်နိုင်ငံအကြား သမိုင်းကာလရှည်ကြာစွာ တည်တံ့လျက်ရှိသည့် နွေးထွေးချစ်ကြည်ရင်းနှီးသောဆက်ဆံရေးရှိကြသည်ဖြစ်ရာ ယင်းနီးကပ်သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲလာမည်ဟု မျှော်လင့်ပါကြောင်း။

---

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၆၁ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည်-

| အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ဦးဆင်ဆုန်း | ၁/ပတအ(နိုင်)၀၀၈၉၈၅ | ခေါင်လန်ဖူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၆၂ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည် -

| အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ဦးရခွီဖုန်(RAKWI PUNG) | ၁ / မကန(နိုင်)၀၁၄၈၇၈ | အမှတ် ( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၆၃ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ကချင်ပြည်နယ်** | | | |
| (၁) | ဦးရွှေလေး | ၁/ခဘဒ(နိုင်)၀၀၁၈၇၆ | ခေါင်လန်ဖူး(၁) | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၂) | ဦးဇီရမ်ဆားရ် | ၁/ပတအ(နိုင်)၀၄၁၃၃၅ | ခေါင်လန်ဖူး(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုဝင်ဘာ ၉ ရက်မှ ၁၄ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| စဉ် | အနိုင်ရပါတီ | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် (တိုင်းရင်းသားလူမျိုးများလွှတ်တော်) |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ ဦး | ၁၃၈ ဦး | ၅၀၁ ဦး | ၂၀ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆ ဦး | ၇ ဦး | ၃၈ ဦး | - |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ ဦး | ၂ ဦး | ၂၇ ဦး | - |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၄ ဦး | ၄ ဦး | ၇ ဦး | - |
| ၅။ | မွန်ညီညွတ်ရေးပါတီ | ၂ ဦး | ၃ ဦး | ၆ ဦး | ၁ ဦး |
| ၆။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| ၇။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၂ ဦး | ၇ ဦး | - |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ ဦး | ၃ ဦး | ၃ ဦး | - |
| ၉။ | ရခိုင့်ဦးဆောင်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၀။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ ဦး | - | ၃ ဦး | - |
| ၁၁။ | ‘ဝ’အမျိုးသားပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၂။ | ဒီမိုကရေစီပါတီသစ်(ကချင်) | - | ၁ ဦး | ၁ ဦး | - |
| ၁၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| ၁၄။ | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| ၁၅။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ ဦး | - |
| ၁၆။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | ၁ ဦး |
| ၁၇။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး | - | ၁ ဦး | - |
| ၁၈။ | ကယန်းအမျိုးသားပါတီ | - | - | - | ၁ ဦး |
| ၁၉။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | - |
| ၂၀။ | တစ်သီးပုဂ္ဂလ | - | - | ၂ ဦး | ၂ ဦး |
| | စုစုပေါင်း | ၃၁၅ ဦး | ၁၆၁ ဦး | ၆၁၂ ဦး | ၂၅ ဦး |

# အနိုင်ရပါတီများ ကိုယ်စားလှယ်လောင်းဦးရေ စာရင်းချုပ်

| စဉ် | ပါတီအမည် | အရေအတွက် |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၁၇ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁ ဦး |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၂ ဦး |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၁၅ ဦး |
| ၅။ | မွန်ညီညွတ်ရေးပါတီ | ၁၂ ဦး |
| ၆။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၁၂ ဦး |
| ၇။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၁ ဦး |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၈ ဦး |
| ၉။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄ ဦး |
| ၁၀။ | ရခိုင့်ဦးဆောင်ပါတီ | ၃ ဦး |
| ၁၁။ | ‘ဝ’အမျိုးသားပါတီ | ၃ ဦး |
| ၁၂။ | ဒီမိုကရေစီပါတီသစ်(ကချင်) | ၂ ဦး |
| ၁၃။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ ဦး |
| ၁၄။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ ဦး |
| ၁၅။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁ ဦး |
| ၁၆။ | ကရင်ပြည်သူ့ပါတီ | ၁ ဦး |
| ၁၇။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး |
| ၁၈။ | ကယန်းအမျိုးသားပါတီ | ၁ ဦး |
| ၁၉။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ ဦး |
| ၂၀။ | တစ်သီးပုဂ္ဂလ | ၄ ဦး |
| | စုစုပေါင်း | ၁၁၁၃ ဦး |

❒ ကျောဖုံးမှ

| | | | | |
|---|---|---|---|---|
| (၂) | ဦးမလောင်အောင်ရမ် | ၁/ပတအ(နိုင်)၀၃၉၉၈၅ | နောင်မွန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

ရှမ်းပြည်နယ်

| | | | | |
|---|---|---|---|---|
| (၃) | ဒေါက်တာအောင်နိုင်ဝင်း | ၁၂/ကမရ(နိုင်)၀၄၂၀၈၃ | ဗမာ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးဇုတ်ဒေါင် | ၁၃/လရန(နိုင်)၀၉၇၂၄၈ | ကချင် တိုင်းရင်းသား | တစ်သီးပုဂ္ဂလ |
| (၅) | ဒေါ်ခင်စန်းမြင့်(ခ) ယာန်ချီမီး | ၁၃/နဆန(နိုင်)၀၃၇၇၅၁ | လီဆူး တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးယောသပ် | ၁၃/လရန(နိုင်)၀၂၁၄၈၂ | လားဟူ တိုင်းရင်းသား | လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၇) | ဦးလှိုင်(ခ) ဦးထွန်းလှိုင်(ခ) ဒေါက်တာထွန်းလှိုင် | ၁၃/ညရန(နိုင်)၀၀၄၄၅၁ | အင်းသား တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးယာကုပ် | ၁၃/တခလ(နိုင်)၀၀၀၅၂၆ | အာခါ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးတင်နု | ၁၃/ပလန(နိုင်)၀၈၈၀၃၆ | ကယန်း(ခ) ပဒေါင် တိုင်းရင်းသား | ကယန်းအမျိုးသားပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် စာရင်းချုပ်(ပါတီအလိုက်)
# [၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ]

(ည ၈:၀၀ နာရီ) ၁၄-၁၁-၂၀၂၀

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | တိုင်း/ပြည်နယ် လွှတ်တော် | တိုင်းရင်းသား လူမျိုး | | |
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ | ၁၃၈ | ၅၀၁ | ၂၀ | ၉၁၇ | |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆ | ၇ | ၃၈ | - | ၇၁ | |
| ၃ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ | ၂ | ၂၇ | - | ၄၂ | |
| ၄ | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၇ | - | ၁၅ | |
| ၅ | တအာင်း (ပလောင်) အမျိုးသားပါတီ | ၃ | ၂ | ၇ | - | ၁၂ | |
| ၆ | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၆ | ၁ | ၁၂ | |
| ၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၇ | - | ၁၁ | |
| ၈ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၃ | - | ၈ | |
| ၉ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | - | ၃ | - | ၄ | |
| ၁၀ | ရခိုင်ဦးဆောင်ပါတီ | ၁ | - | ၂ | - | ၃ | |
| ၁၁ | 'ဝ' အမျိုးသားပါတီ | ၁ | - | ၂ | - | ၃ | |
| ၁၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ | |
| ၁၃ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | - | ၁ | - | ၂ | |
| ၁၄ | ဒီမိုကရေစီပါတီသစ်(ကချင်) | - | ၁ | ၁ | - | ၂ | |
| ၁၅ | ကယန်းအမျိုးသားပါတီ | - | - | - | ၁ | ၁ | |
| ၁၆ | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | ၁ | |
| ၁၇ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ | - | ၁ | |
| ၁၈ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ | - | ၁ | |
| ၁၉ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | - | ၁ | |
| ၂၀ | တစ်သီးပုဂ္ဂလ | - | - | ၂ | ၂ | ၄ | |
| | စုစုပေါင်း | ၃၁၅ | ၁၆၁ | ၆၁၂ | ၂၅ | ၁၁၁၃ | |

# ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို နိုင်ငံရေးပါတီတွေအားလုံးက ပူးပေါင်းပါဝင် ယှဉ်ပြိုင်အရွေးခံခဲ့ကြပြီး ချောချောမွေ့မွေ့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး မဲရုံများအလိုက် ရေတွက်ရရှိသည့် ဆန္ဒမဲစာရင်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစု၍ နိုဝင်ဘာ ၉ ရက်မှစတင်ကာ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးမှု၊ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းထုတ်ပြန်ကြေညာမှုနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်။

**မေး။ ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနဲ့ ပတ်သက်ပြီး သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ ရွေးကောက်ပွဲကတော့ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါပြီ။ အခုက ကိုဗစ် – ၁၉ ရောဂါ ကာလအတွင်း ကျင်းပတဲ့ ရွေးကောက်ပွဲ ဖြစ်ပါတယ်။ ဒါပေမယ့် မဲဆန္ဒရှင်တွေဟာ မျှော်မှန်းထားတာထက်ပိုပြီးတော့ လာရောက်ဆန္ဒမဲပေးခဲ့ကြတယ်။ မဲရုံတွေအနေနဲ့လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ စံ၊ လုပ်ငန်း၊ လမ်းညွှန် ပြဋ္ဌာန်းချက်တွေနဲ့အညီ မဲရုံအခင်းအကျင်းတွေကို ဆောင်ရွက်ပေးခဲ့တဲ့အတွက် မဲဆန္ဒရှင်တွေဟာ စိတ်ချမ်းသာ ပျော်ရွှင်စွာနဲ့ပဲ လာရောက်ဆန္ဒမဲပေးခဲ့ကြပါတယ်။

**မေး။ ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ အမျိုးသမီးများပါဝင်မှု ရာခိုင်နှုန်းနဲ့ ရွေးကောက်ပွဲရဲ့ထူးခြားတဲ့ အချက်အလက်တွေကိုလည်း သိပါရစေ။**

**ဖြေ။** ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာတော့ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ပါဝင်မှုက ယခင် ၂၀၁၅ ခုနှစ်ကထက် များပြားတာကို တွေ့ရပါတယ်။ ရွေးကောက်တင်မြှောက်ခံရတဲ့ အရေအတွက်ကလည်း များပါတယ်။ ၂၀၁၅ မှာဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းတွေအနေနဲ့ ပြည်သူ့လွှတ်တော်မှာဆိုရင် ၂၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်တယ်။ ၄၄ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ အမျိုးသားလွှတ်တော်မှာဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်တယ်။ ၂၃ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၄၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်တယ်။ ၈၃ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ စုစုပေါင်းဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းက ၂၀၁၅ ခုနှစ်မှာ ၇၉၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ၁၅၁ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။

အခု ၂၀၂၀ မှာဆိုရင် ပြည်သူ့လွှတ်တော်မှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ၈၆ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ အမျိုးသားလွှတ်တော်မှာဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်တယ်။ ၂၄ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်တယ်။ ၁၀၉ ဦး ရွေးကောက်တင်မြှောက်ခံရပါတယ်။ စုစုပေါင်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်တာ ၈၉၀ ရှိပြီး ၂၁၉ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ ဒါကြောင့် အမျိုးသမီးတွေရဲ့အခန်းကဏ္ဍ မြင့်မားလာပြီး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေ များပြားလာတာကိုတွေ့ရပါတယ်။

**မေး။ ။ အခုအချိန်က ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေတဲ့အချိန်ဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနဲ့ ယခု ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြားမှာ ဘယ်လို ကွာခြားမှုရှိပါသလဲ။**

**ဖြေ။** ။ ၂၀၁၅ခုနှစ်တုန်းက ဒီလို ကပ်ဘေးရောဂါမရှိဘူး။ အခု ၂၀၂၀ ပြည့်နှစ်ကျတော့ ကိုဗစ် – ၁၉ ရောဂါကာလအတွင်း ကျင်းပရတဲ့အတွက် လုပ်ငန်းပမာဏက ပိုများပြားတယ်။ မဲရုံတွေရဲ့ အခင်းအကျင်းကအစ ပိုပြီး ကျယ်ကျယ်ဝန်းဝန်းလုပ်ရတယ်။ ယာယီမဲရုံတွေကိုလည်း အများအပြား တည်ဆောက်ပေးရတယ်။ မဲရုံအတွင်းမှာ မဲရုံမှူးတွေ၊ မဲရုံအဖွဲ့ဝင်တွေ၊ ရွေးကောက်ပွဲလေ့လာသူတွေကို နေရာထိုင်ခင်းထားတာကအစ စည်းကမ်းတကျ ခြောက်ပေ အကွာထားရတယ်။ နောက်ပြီး မဲဆန္ဒရှင်တွေအနေနဲ့လည်း ၂၀၁၅ ခုနှစ်တုန်းကဆိုရင် တိုးဝှေ့ပြီးမဲရုံထဲကိုဝင်ကြတယ်။ အခု ၂၀၂၀ ပြည့်နှစ်ကျတော့ စည်းကမ်းတကျပဲ မဲဆန္ဒရှင်တွေရဲ့နေရာတွေကို ခြောက်ပေအကွာ အမှတ်အသား စက်ဝိုင်းတွေနဲ့ ဝိုင်းပြထားပြီး စနစ်တကျတန်းစီပြီးဝင်တယ်။ ၂၀၂၀ ရွေးကောက်ပွဲရဲ့ အခင်းအကျင်းကတော့ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေသော်လည်း များစွာ စနစ်ကျတာကို တွေ့ရတယ်။ ဒီအခင်းအကျင်းပုံစံမျိုးပဲ နောင်လာမယ့်ရွေးကောက်ပွဲတွေမှာ ဒီလိုဖြစ်ရင် ကောင်းမယ်။ ၂၀၁၅ တုန်းကဆိုရင် အိမ်တိုင်ရာရောက် ဆန္ဒမဲသွားယူရတဲ့ လူတွေက နည်းတယ်။ မကျန်းမာသူတွေ၊ သက်ကြီးရွယ်အိုတွေ၊ မီးဖွားနေသူတွေ၊ အနာကြီး ရောဂါစွဲကပ်နေသူတွေနဲ့ အသက် ၆၀ နဲ့အထက် ရှိတဲ့သူတိုင်းကို အိမ်တိုင်ရာရောက် သွားရောက်ပြီး ဆန္ဒမဲတွေ သွားရောက်ယူရတဲ့အတွက် အလုပ်များသွားတယ်။ အောက်တိုဘာလ ၂၉ ရက်နေ့ကနေ နိုဝင်ဘာ ၇ ရက်နေ့အထိ ကြိုတင်ဆန္ဒမဲတွေယူခဲ့တယ်။ စည်းကမ်းသတ်မှတ်ချက်နဲ့ ကိုက်ညီပြီး အသက် ၆၀ နဲ့အထက်ရှိသူတွေအနေနဲ့လည်း ရပ်ကွက် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးကို လာပြီး ကြိုတင်ဆန္ဒမဲတွေပေးနိုင်ခဲ့ကြတယ်။ ဒါကတော့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ ထူးခြားချက်ဖြစ်ပါတယ်။

**မေး။ ။ ဆန္ဒမဲလက်မှတ်ရေတွက်ရာမှာ ၂၀၁၅ ခုနှစ်တုန်းက ဆယ်ရက်ကျော်ကြာခဲ့တယ်။ အခုက တစ်ပတ်အတွင်းပြီးမယ်ဆိုပြီးပြောထားတော့ အဲဒီအပေါ်မှာ ဘာများပြောကြားလိုပါသလဲ။**

**ဖြေ။** ။ ၂၀၁၅ တုန်းက ရွေးကောက်ပွဲရလဒ် ထုတ်ပြန်တာ ဆယ်ရက်လောက်ကြာတယ်။ အခုတော့ တစ်ပတ်လောက်နဲ့ ပြီးစီးသွားသလောက်



ဖြစ်သွားတယ်။ အခုဆိုရင် ပြည်သူ့လွှတ်တော်မှာ ရွေးကောက်တင်မြှောက်ခံရသူ ၃၁၅ ဦးကြေညာခဲ့ပြီး အားလုံးကြေညာပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်လောင်းတွေ ၁၆၁ ဦး ကြေညာခဲ့ပြီး အားလုံးကြေညာပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၆၁၂ ဦး ကြေညာခဲ့ပြီး အားလုံး ကြေညာပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တွေအတွက်မှာပဲ ၂၅ ဦး ကြေညာခဲ့ပြီး လေးဦးပဲ ကြေညာဖို့ ကျန်ပါတော့တယ်။

အခုကြေညာဖို့ကျန်ရှိတဲ့ ကိုယ်စားလှယ်တွေဟာဆိုရင်လည်း ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွက်ပဲကျန်တော့တယ်။ ခေါင်လန်ဖူးမြို့နယ်ဟာဆိုရင် သွားလာရတာ ငါးရက်ခြေကျင်လျှောက်လာရတယ်။ အဲဒီတစ်မြို့နယ်ပဲကျန်တယ်။ ဒါကလည်း မကြာမီ ကြေညာနိုင်တော့မှာပါ။

**မေး။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အနိုင်ရလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မဲရလဒ်ကြေညာပေးနေတဲ့အခြေအနေကို ပြောပြပေးပါဦး။**

**ဖြေ။** ။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အနိုင်၊ အရှုံးရလဒ်ကို ဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက ကြေညာပေးရတယ်။ ဒါကိုလည်း ဥပဒေအရ ပြဋ္ဌာန်းထားတယ်။ သူတို့မှာ ကြေညာပိုင်ခွင့်ရှိတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာတာက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့သိအောင် ကြေညာပေးနေတာဖြစ်တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက ကြေညာရာမှာ ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ကြေညာတာနဲ့ တစ်ပြိုင်တည်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံတဲ့ ကိုယ်စားလှယ်လောင်းတွေအားလုံးအတွက် ရရှိတဲ့သူတို့အတွက် ဆန္ဒမဲက ဘယ်လောက်လာပေးသလဲ၊ ဘယ်လောက်အရေအတွက်ရရှိသလဲ၊ ဘယ်ရာခိုင်နှုန်းရရှိသလဲဆိုတာ တစ်ဦးစီအတွက် သေချာတွက်ချက်ပြီးတော့ ကြေညာရတာဖြစ်တဲ့အတွက် အချိန်ကြာရခြင်းဖြစ်တယ်။

အနိုင်ရတဲ့လွှတ်တော်ကိုယ်စားလှယ်ကိုပဲ ကြေညာရင် မကြာဘူး။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာတာကတော့ အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကိုပဲ တစ်နိုင်ငံလုံးသိရှိအောင် ကြေညာတာဖြစ်တယ်။ ဒါကြောင့်အခုက မျှော်မှန်းထားတဲ့အချိန်အတိုင်း မျှော်မှန်းထားတဲ့ အချိန်အတွင်းမှာ ပြီးစီးအောင် ကြေညာနိုင်ခြင်းဖြစ်တယ်။

**မေး။ ။ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ဖို့အတွက် ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြတဲ့ ဌာနဆိုင်ရာအသီးသီးက ဝန်ထမ်းတွေကို ဘာများပြောကြားလိုပါသလဲ။**

**ဖြေ။** ။ ရွေးကောက်ပွဲလုပ်ငန်းက ကျယ်ပြန့်ပါတယ်။ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားနေတဲ့အချိန်အတွင်း ကျင်းပတာဖြစ်တဲ့အတွက် လုပ်ငန်းတွေက ပိုပြီးများပြားပါတယ်။ လုပ်ငန်းတွေ များပြားတဲ့အတွက် ဌာနဆိုင်ရာဝန်ထမ်းတွေက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြတယ်။ ဥပမာ– မဲပေးတဲ့အချိန်ဆိုရင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝိုင်းဝန်းပြီး လာကူညီပေးကြတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကလည်း ကျန်းမာရေးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ ဝေငှတာတွေလုပ်ရတယ်။ လုံခြုံရေးအတွက်ဆိုရင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က အထူးရဲတွေနဲ့ စောင့်ရှောက်ပေးတယ်။ ဝေးလံခေါင်းပါးတဲ့ဒေသတွေမှာ မဲလက်မှတ်တွေ အချိန်မီရောက်ရှိဖို့ ကာကွယ်ရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ မဲလက်မှတ်တွေ ရိုက်နှိပ်တာ၊ အသိပညာပေးလှုံ့ဆော်ချက်တွေ၊ နိုင်ငံရေးပါတီတွေရဲ့ ဟောပြောမှုတွေကို ထုတ်လွှင့်ပေးတာတွေကို ပြန်ကြားရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးတယ်။ ဒါကြောင့် ဌာနပေါင်းစုံက ဝန်ထမ်းတွေဟာ ရွေးကောက်ပွဲအောင်မြင်စွာ ပြီးစီးဖို့အတွက် ကဏ္ဍစုံက ကူညီဆောင်ရွက်ပေးခဲ့ကြတယ်။

## တွေ့ဆုံမေးမြန်း – မျိုးမင်းနိုင်
## ဓာတ်ပုံ – စိုးဝင်းထွန်း

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းတဲ့အခါမှာလည်း ဌာနကိုးခုက ဝန်ထမ်းတွေပါတယ်။ အားလုံးက ပူးပေါင်းဆောင်ရွက်တဲ့အတွက်ကြောင့် အခုရွေးကောက်ပွဲကြီးက ချောမောအောင်မြင်စွာ ပြီးစီးခဲ့တာဖြစ်တယ်။ ပညာရေးဝန်ကြီးဌာနက ဆရာဆရာမတွေကတော့ အထူးကျေးဇူးတင်စရာကောင်းပါတယ်။ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေအဖြစ် စေတနာအား ဉာဏ်အားကို အဓိကထားပြီး ဆောင်ရွက်ပေးကြတယ်။ ကျန်းမာရေးဝန်ထမ်းတွေကလည်း မဲရုံမှာလာရောက်ပြီး ကျန်းမာရေးဆိုင်ရာ ကိစ္စတွေကို စောင့်ရှောက်ပေးကြတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်တဲ့ ဝန်ကြီးဌာနအားလုံးက ဝန်ထမ်းတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ နောက်ပြီး စေတနာ့ဝန်ထမ်းအနေနဲ့ လာရောက်ကူညီတဲ့သူကိုလည်း ကျေးဇူးတင်ပါတယ်။ သတင်းမီဒီယာတွေအနေနဲ့လည်း လာရောက်သတင်းတွေရယူပြီး ပြည်သူတွေသိရှိအောင် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လေ့လာစောင့်ကြည့်တဲ့အဖွဲ့တွေလည်း ကျေးဇူးတင်ပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**မေး။ ။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူ ၃၇ သန်းကျော်လို့ သိထားပါတယ်။ လက်ရှိ အမှန်တကယ်လာရောက် မဲပေးတဲ့သူ အရေအတွက် အတိအကျထွက်လာပြီလားဆိုတာ သိပါရစေ။**

**ဖြေ။** ။ မဲပေးပိုင်ခွင့်ရှိသူ ၃၇ သန်းကျော်ကို ပထမတစ်ကြိမ် ကပ်ထားတယ်။ နောက်တစ်ခါ ဒုတိယအကြိမ် ကပ်တဲ့အချိန်ကျတော့ ပုံစံ (၃)တွေ လာလျှောက်တဲ့ သူတွေရှိတယ်။ မဲလာပေးတဲ့သူတွေကို တွက်ချက်နေတုန်းဆိုတော့ မကြာခင်ပြီးတော့မှာပါ။ အခုဆို တိုင်းဒေသကြီး/ပြည်နယ်တွေက လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီမှာ ဘယ်လောက်လာပေးသလဲ၊ ဘယ်လောက်ရသလဲဆိုတဲ့ စာရင်းတွေကို စာရင်းအားလုံး ချုပ်နေပါပြီ။ စာရင်းချုပ်ပြီးသွားရင် လူဦးရေဘယ်လောက် မဲလာပေးတယ်။ ရာခိုင်နှုန်း ဘယ်လောက်ရတယ်ဆိုတာတွေ အဖြေထွက်တော့မှာဖြစ်ပါတယ်။ မကြာခင်အချိန်မှာ တိတိကျကျ သိရှိရမှာပါ။

**မေး ။ ။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့နိုင်ငံရေးပါတီအရေအတွက်နဲ့ အနိုင်ရပါတီအရေအတွက်ကို ပြောပြပေးပါ။**

**ဖြေ။** ။ နိုင်ငံရေးပါတီတွေ ၉၁ ပါတီက ဝင်ရောက်ယှဉ်ပြိုင်တယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်ဘက်မှာ ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့အတွက် လေးပါတီနုတ်လိုက်တော့ ၈၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်တယ်။ ၈၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ ရွေးကောက်တင်မြှောက်ခံရတဲ့ ပါတီကတော့ ဒီနေ့ကြေညာပြီးတဲ့အထိ ၁၉ ပါတီရှိတယ်။ အဲဒီ ပါတီတွေကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရခိုင်အမျိုးသားပါတီ၊ မွန်ညီညွတ်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ တအာင်း(ပလောင်)အမျိုးသားပါတီ၊ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ၊ ရခိုင့်ဦးဆောင်ပါတီ၊ ကချင်ပြည်နယ်ပြည်သူ့ပါတီ၊ ‘ဝ’ အမျိုးသားပါတီ၊ ဒီမိုကရေစီပါတီသစ် (ကချင်)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ကယန်းအမျိုးသားပါတီ၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့ တစ်သီးပုဂ္ဂလက လေးဦး ရွေးကောက်တင်မြှောက်ခံရပါတယ်။

**မေး။ ။ အခု ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း သိပါရစေ။**

**ဖြေ။** ။ ရွေးကောက်ပွဲ ကျင်းပရာမှာ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေဆိုပြီး မြို့နယ်၊ ခရိုင်၊ တိုင်းနဲ့ ဗဟိုအဆင့်အထိ ဖွဲ့စည်းထားပါတယ်။ အဲဒီကော်မတီတွေမှာ ရွေးကောက်တင်မြှောက်မယ့် နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေပါတယ်။ အများယုံကြည်တဲ့ ပုဂ္ဂိုလ်တွေပါတယ်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ပုဂ္ဂိုလ်တွေလည်းပါတယ်။ အဲဒီစေ့စပ်ညှိနှိုင်းရေးကော်မတီတွေက ရွေးကောက်ပွဲကာလမှာ အငြင်းပွားတာတွေကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာမှာ တော်တော်များများဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒါကြောင့် စေ့စပ်ညှိနှိုင်းရေးကော်မတီမှာပါတဲ့ နိုင်ငံရေးပါတီအသီးသီးက ကိုယ်စားလှယ်တွေကို ကျေးဇူးတင်ပါတယ်။ ကူညီကြတဲ့ NGO အဖွဲ့တွေကိုလည်းကျေးဇူးတင်တယ်။ နိုင်ငံရေးပါတီတွေ အားလုံးက ပူးပေါင်းပါဝင်ပြီးတော့ ယှဉ်ပြိုင်အရွေးခံခဲ့ကြပြီး ချောချောမွေ့မွေ့ အောင်မြင်စွာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါတယ်။ တချို့ပါတီကလည်း ရွေးကောက်ပွဲအောင်မြင်ကြောင်းကို ကြိုဆိုထောက်ခံကြောင်း ပြောကြပါတယ်။ ရွေးကောက်ပွဲမှာ လိုအပ်တဲ့ အသိပညာပေးလုပ်ငန်းတွေ၊ လိုအပ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းတွေ၊ နည်းပညာတွေ ကူညီထောက်ပံ့ပေးတဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

# တက္ကသိုလ်ရာပြည့် ဘဝတစ်ကွေ့

**ခင်ဆန်းဦး (မြန်မာစာ)**



ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ကြီးများ၏ မှတ်တမ်းဓာတ်ပုံနှင့် အတူ စာရေးသူအားတွေ့ရစဉ်။

"ရန်ကုန်တက္ကသိုလ်" ဟု ကြားလိုက်သည်နှင့် လူတိုင်း ရင်ထဲတွင် ကြည်နူးသွားစေပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးတက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပေါ်ထွန်းလာခဲ့သော ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ်တစ်ရာပြည့်မြောက်တော့မည် ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့်ခရီးတွင် ပါဝင်ခွင့်ရခဲ့သည့် မိမိ၏ဘဝခရီးအတွက် ဝမ်းမြောက်နှစ်သက်ခဲ့ရပါသည်။

ရန်ကုန်တက္ကသိုလ်သည် ကျွန်မဘဝအတွက် ဘဝတစ်ကွေ့သာမက ဘဝအချိုးအကွေ့များစွာဖြင့် တက္ကသိုလ်အရိပ်ကို ခိုလှုံခွင့်ရခဲ့ပါသည်။ မဟာဝိဇ္ဇာ ကျောင်းသူဘဝ၊ နည်းပြဆရာမဘဝ၊ လက်ထောက်ကထိကဘဝ၊ ကထိကဘဝ၊ ပါမောက္ခဘဝ၊ ပါမောက္ခ/ဌာနမှူး ဘဝတို့ဖြင့် ရန်ကုန်တက္ကသိုလ်ဝယ် ရာထူးအဆင့်ဆင့်ဖြင့် ကျင်လည်ကာ ဘဝခရီးကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ရပါသည်။ ကျောင်းသူဘဝတွင်လည်း စာများ သင်ယူရင်း ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝကို ကျေနပ်ဂုဏ်ယူမိပါသည်။ ရန်ကုန်တက္ကသိုလ်သို့တက်ချင်လွန်းလှသောဆန္ဒမှာ မဟာဝိဇ္ဇာတန်းတက်မှ ပြည့်ဝရပါသည်။

### ဝေးရလေပြီ ရန်ကုန်တက္ကသိုလ်

ကျွန်မ၏ဖခင်မှာ နိုင်ငံ့ဝန်ထမ်းဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်သို့ပြောင်းရွှေ့နေရသဖြင့် ၁၀ တန်းကို ရန်ကုန်မြို့ လသာ အ.ထ.က (၂) ၌ ဘော်ဒါနေကာ ၁၀ တန်းအောင်လျှင် သူငယ်ချင်းများနှင့်အတူ ရန်ကုန်တက္ကသိုလ်တက်မည်ဟု အားခဲထားမိသည်။ ၁၀ တန်းအောင်တော့လည်း ဖခင်မှာ မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်နေရသဖြင့် ပထမနှစ်ဝက်ကို မြန်မာစာ အဓိကဘာသာရပ်ဖြင့် မြစ်ကြီးနားကောလိပ်တွင် တက်ခဲ့ရပါသည်။ တစ်ဖန် ဖခင်သည် ပုသိမ်မြို့သို့ ပြောင်းရပြန်သဖြင့် ဖခင်ပြောင်းရွှေ့ရာ ပုသိမ်မြို့ရှိ ပုသိမ်ဒီဂရီကောလိပ်တွင် ပထမနှစ်၏ ဒုတိယနှစ်ဝက်ကို ဆက်လက်တက်ကာ အင်းလျားကန်အစား ကန်သုံးဆင့်ဖြင့်သာ တင်းတိမ်နေလိုက်ရပါတော့သည်။ ပုသိမ်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရခဲ့သဖြင့် သူငယ်ချင်းများနှင့်လည်း ဝေး၊ ရန်ကုန်တက္ကသိုလ်ကြီးနှင့်လည်း ဝေးခဲ့ရလေပြီ။

### ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝ

ရန်ကုန်တက္ကသိုလ်တက်ချင်လွန်းလှသော ဆန္ဒကြောင့် ပုသိမ်ဒီဂရီကောလိပ် စတုတ္ထနှစ် အောင်စာရင်းတွင် မဟာဝိဇ္ဇာတန်းကို ဆက်တက်ခွင့်ရသဖြင့် မြကျွန်းညိုညို တက္ကသိုလ်ကျောင်းသူကြီးဖြစ်ကာ အလွန်ပီတိဖြစ်ခဲ့ရပါသည်။ မဟာဝိဇ္ဇာပထမနှစ်၌ပင် လုပ်သားများကောလိပ်၌ အချိန်ပိုင်းနည်းပြဆရာမ အလုပ်ရသဖြင့် ကျောင်းသူတစ်ဖြစ်လဲ ဆရာမလေးပေါ့။ ရန်ကုန်တက္ကသိုလ်တွင် မဟာဝိဇ္ဇာကျောင်းသူဘဝရောက်မှ ရန်ကုန်တက္ကသိုလ်၏အရသာကို အပြည့်အဝခံစားခွင့်ရခဲ့ပါသည်။

၁၉၇၄–၁၉၇၅ ခုနှစ်ကာလက ရန်ကုန်တက္ကသိုလ်၏ အလှမှာ အလွန်ရိုးရှင်းလှပါသည်။ အဆောက်အအုံများ ကင်းမဲ့နေသော အင်းလျားကန်ရေပြင်မှာလည်း အလွန်ကျယ်ပြောလှပါသည်။ သရက်ပင်အိုတို့၏ အရိပ်ကောင်းကောင်းအောက်ခြေ၌ စားပွဲဝိုင်းလေးများဖြင့် အကြော်စုံစားရင်း အင်းလျားရေပြင်မှ တိုက်ခတ်လာသော လေနုအေးအေးလေးများကို ရှူရှိုက်ရသည်မှာ အလွန်ကြည်နူးဖွယ်ကောင်းလှပါသည်။ "မိန်းမလှကျွန်း" ဟု နာမည်ကျော်ကြားလှသော စီးပွားရေးတက္ကသိုလ်မှာလည်း လူစည်ကားလှပါသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်မှာ အခမ်းအနားပွဲလုပ်တိုင်း အတီး၊ အမှုတ်၊ အဆို၊ အက၊ ပြဇာတ်၊ အငြိမ့်တို့ဖြင့် စည်စည်ကားကား၊ ခမ်းခမ်းနားနားကျင်းပလေ့ရှိသည်မှာ တက္ကသိုလ်၏ အစဉ်အလာတစ်ခုပင်။ မေဂျာပေါင်းစုံက သီချင်းတိုက်၊ ဇာတ်တိုက်နှင့် အာရ်စီခေါ် အပန်းဖြေရိပ်သာကြီးမှာလည်း ဆိုင်းသံ၊ ဗုံသံ၊ ပတ္တလားသံတို့ဖြင့် အမြဲညံနေတော့သည်။ အနာဂတ်၏ အနုပညာရှင်များ ဆုံစည်းရာနေရာပင် မဟုတ်ပါလား။

တက္ကသိုလ်အားကစားရုံနှင့် အားကစားကွင်းမှာလည်း အားကစားမောင်မယ်တို့၏ အားကစားလေ့ကျင့်ရာ၊ ယှဉ်ပြိုင်ရာ၊ အားကစားလူရည်ချွန်များ မွေးထုတ်ပေးရာ နေရာဖြစ်ပေသည်။ မေဂျာအလိုက် ဘောလုံးပြိုင်ပွဲများ ကျင်းပလျှင်လည်း အားတက်သရော သွားရောက်အားပေးခဲ့ရသည်မှာ အသံများပင် နာနေပေပြီ။ အားကစားနှင့်ပတ်သက်၍ ရန်ကုန်တက္ကသိုလ်ကြီး၏ ကျေးဇူးတင်ထိုက်သော ဂုဏ်ထူးဝိသေသတစ်ခုပင် မဟုတ်ပါလော။

စာအုပ်စာပေနှင့်ပတ်သက်၍လည်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကိုသာ အားထားကာ စာပေများ လေ့လာဖတ်ရှုကြရပါသည်။ မဟာဝိဇ္ဇာတန်းတက်စဉ် မြန်မာစာဌာန တောင်ငူဆောင်မှ ဘွဲ့နှင်းသဘင်ကို မျက်နှာမူကာ အဓိပတိလမ်းပေါ်မှ လမ်းလျှောက်လျက် အာရ်စီထဲမှ ထွက်ပေါ်လာသော ပတ္တလားသံလေးကို နားဆင်ရင်း စာကြည့်တိုက်သို့ အခါခါ ရောက်ခဲ့ရပါသည်။ သည်လိုနှင့် မဟာဝိဇ္ဇာ ပထမနှစ်အတန်းကို အောင်မြင်စွာဖြတ်ကျော်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝနေလို့မှ မဝလိုက်သေး၊ ၁၉၇၇ ခုနှစ်၌ ဒေသကောလိပ်များ စတင်ဖွင့်လှစ်ရာ ရခိုင်ပြည်နယ် ဒေသကောလိပ်၌ အလုပ်လျှောက်လိုက်ပါသည်။ အလုပ်ခန့်စာရ၍ နည်းပြဘဝနှင့် တက္ကသိုလ်ဘဝခရီးကို စတင်ခရီးနှင်ခဲ့ရလေပြီ။

### ရန်ကုန်တက္ကသိုလ်နှင့် ဘဝခရီး

ရန်ကုန်တက္ကသိုလ်ကြီး၏အရိပ်ကို နားခိုလိုက်၊ နယ်ပြောင်းလိုက်နှင့် အနှစ် ၃၀ ကျော်ခရီးကို ဘယ်လိုကုန်သွားသည်ဟူ၍ မသိလိုက်တော့ပေ။ ဘဝခရီးနောက်ဆုံးအချိုးအကွေ့ဖြစ်သည့်ကာလ၊ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တက္ကသိုလ်သို့ ပါမောက္ခအဖြစ် ပြောင်းရွှေ့ခွင့်ရသဖြင့် အလွန်ဝမ်းသာမိပါသည်။ အမိတက္ကသိုလ်ကြီး၏ ရင်ခွင်သို့ နားခိုခွင့်ရပြီး ပင်စင်ယူသည်အထိ ရန်ကုန်တက္ကသိုလ်ကြီးကို လုပ်ကျွေးပြုစုတော့မည်ဟု ခံယူထားလိုက်ပါသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ဆရာမကြီး ဒေါက်တာဒေါ်ခင်ဆွေမြင့်က ပါမောက္ခ/ဌာနမှူးတာဝန် ထမ်းဆောင်နေသဖြင့် မမဆွေထံမှ ဌာနတာဝန်တွေ သင်ယူဦးမည်ဟုဆုံးဖြတ်ကာ ပေါ့ပေါ့ပါးပါးနှင့် ကျေနပ်မိပါသည်။

ရန်ကုန်တက္ကသိုလ်သို့ရောက်၍ သုံးလအကြာ၌ မမဆွေအငြိမ်းစားယူသွားသဖြင့် ကျွန်မမှာ ပါမောက္ခ/ဌာနမှူး ရာထူး ခန့်အပ်ခြင်းခံရသဖြင့် ကြောက်လိုက်သည့် ဖြစ်ခြင်း။ ဒီရာထူး၊ ဒီနေရာကို မျှော်လည်းမမျှော်၊ မှန်းလည်း မမှန်းရဲပါ။ ဤနေရာ၊ ဤရာထူးမှာ ကျွန်မတို့ အလွန်ချစ်ကြောက် ရှိသေလေးစားခဲ့ရသည့် ဆရာကြီး၊ ဆရာမကြီးများ နေသွားသောနေရာဖြစ်၍ အလွန်ကြောက်ခဲ့ပါသည်။ မမဆွေက အတင်းလက်ဆွဲ၍ သူ့ရုံးခန်းထဲ ဆွဲသွင်းပြီး ထိုင်ခိုင်းလို့သာ ထိုင်နေရသော်လည်း ဘာလုပ်ရမှန်း မသိအောင် ကြောက်နေမိပါသည်။ မမဆွေထံမှ မသိတာတွေ မေးမြန်းအဖြေရှာရင်း မိမိတာဝန်ကို အောင်မြင်အောင် အစွမ်းကုန်ကြိုးစားလုပ်မည်ဟု စိတ်ဆုံးဖြတ်လိုက်မိပါသည်။ နယ်တက္ကသိုလ်တွေမှာ ပါမောက္ခ/ဌာနမှူးတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်လာနိုင်ခဲ့သော်လည်း ရန်ကုန်တက္ကသိုလ် ပါမောက္ခ/ဌာနမှူး ဆိုသည့် အရှိန်ကား အလွန်ကြီးလှပါသည်။ အဟန့်ကောင်းလွန်းလှပါသည်။ အိပ်မက်ပင် မမက်ရဲခဲ့သောနေရာသို့ ရောက်ခဲ့ရလေပြီ။

### တာဝန်အသွယ်သွယ် ကြိုးစားဆောင်ရွက်မယ်

ထိုစဉ်က ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ကား ဆရာကြီး ဒေါက်တာထွန်းခင်ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ ပါမောက္ခ/ဌာနမှူး အသစ်စက်စက် ကျွန်မကိုခေါ်၍ လမ်းညွှန်ဩဝါဒဆုံးမစကား ပြောကြားပါသည်။ အရေးကြီးကိစ္စများ ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို လေ့လာသင်ကြားထားရန်၊ ပြင်ဆင်ထားရန်၊ အခက်အခဲရှိက မေးမြန်းရန်၊ အကူအညီတောင်းရန်၊ တိုင်ပင်ညှိနှိုင်းရန် အားပေးစကား ပြောကြားသဖြင့် အလွန်စိတ်ချမ်းသာရပါသည်။

စိတ်သဘောထားပြည့်ဝပြီး အေးချမ်းတည်ငြိမ်သော ဆရာကြီးဒေါက်တာထွန်းခင်၏ အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်ရသည်မှာ အလွန်ကံကောင်းလှသည်ဟု တဖြည်းဖြည်းနှင့်သိလာရပါသည်။ ဆရာကြီးအား အလွန်ကျေးဇူးတင်ပြီး ကြည်ညိုလေးစားမိပါသည်။

ပါမောက္ခ/ဌာနမှူးဆိုတာ ရန်ကုန်တက္ကသိုလ်ကြီးအတွက် နေ့ညမဟူ၊ အချိန်မရွေး ခေါ်ခိုင်းလျှင်၊ အရေးပေါ် အစည်းအဝေးလုပ်လျှင် ချက်ချင်းလာနိုင်အောင် ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာနေမှသာ အဆင်ပြေမည်ဟုဆိုပြီး ကျွန်မနေထိုင်ရန်အတွက် ဆရာကြီးက အ.ဆ.ည မှာ အိမ်တောင်းပေးပါသည်။ အမှတ် (၃) ပုဂံလမ်းအိမ်မှာ အိမ်ရသဖြင့် ချက်ချင်းပြောင်းရွှေ့နေထိုင်လိုက်ပါသည်။ သည်အချိန်မှစ၍ ရန်ကုန်တက္ကသိုလ်ကြီးအတွက် မိမိဘဝကို လုံးဝပုံအပ်လိုက်ပါသည်။ ပင်စင်ယူရန် ခြောက်နှစ်ကျန်သေးသဖြင့် ရန်ကုန်တက္ကသိုလ်ကြီးအတွက် အစွမ်းကုန်ကြိုးစားလုပ်ဆောင်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။

မကြာမီတက္ကသိုလ်ဝင်တန်း စာမေးပွဲကိစ္စနှင့် ပတ်သက်၍ လာတော့မည်ဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ် မြန်မာစာ – စာစစ်မှူးချုပ်အသစ်စက်စက် ကျွန်မရင်ခုန်ရပါတော့သည်။ မုံရွာတက္ကသိုလ်မှာ စာစစ်မှူးချုပ် သုံးနှစ်ဆောင်ရွက်လာခဲ့ရပြီး အတွေ့အကြုံများ ရရှိခဲ့သော်လည်း အဖြေလွှာမှာ သောင်းဂဏန်းလောက်ရယ်သာ။

စာမျက်နှာ ၉ သို့

**❂ ရန်ကုန်တက္ကသိုလ်သို့ရောက်၍ သုံးလအကြာ၌ မမဆွေအငြိမ်းစားယူသွားသဖြင့် ကျွန်မမှာ ပါမောက္ခ / ဌာနမှူးရာထူး ခန့်အပ်ခြင်းခံရသဖြင့် ကြောက်လိုက်သည့်ဖြစ်ခြင်း။ ဒီရာထူး၊ ဒီနေရာကို မျှော်လည်းမမျှော်၊ မှန်းလည်း မမှန်းရဲပါ။ ဤနေရာ၊ ဤရာထူးမှာ ကျွန်မတို့ အလွန်ချစ်ကြောက် ရှိသေလေးစားခဲ့ရသည့် ဆရာကြီး၊ ဆရာမကြီးများ နေသွားသောနေရာဖြစ်၍ အလွန်ကြောက်ခဲ့။**

**❂ နယ်တက္ကသိုလ်တွေမှာ ပါမောက္ခ / ဌာနမှူးတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်လာနိုင်ခဲ့သော်လည်း ရန်ကုန်တက္ကသိုလ် ပါမောက္ခ / ဌာနမှူး ဆိုသည့် အရှိန်ကား အလွန်ကြီးလှပါသည်။ အဟန့်ကောင်းလွန်းလှပါသည်။ အိပ်မက်ပင် မမက်ရဲခဲ့သောနေရာသို့ ရောက်ခဲ့ရလေပြီ။**

❍ စာမျက်နှာ ၈ မှ

ယခုရန်ကုန်မှာက တစ်သိန်းကျော်မို့ ကြောက်လန့်မိတာအမှန်ပင်။ ထိုစဉ်က တက္ကသိုလ်ဝင်တန်း စာမေးပွဲကိစ္စနှင့်ပတ်သက်၍ ဝန်ကြီး ကြီးမှူးကျင်းပမည့် အစည်းအဝေးတက်ရန် ဘာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ်များ နေပြည်တော်သို့ သွားကြရမည်ဖြစ်ရာ ဒဂုံတက္ကသိုလ်မှ စာမေးပွဲဖြေဆိုအောင်မြင်ပါက စာတမ်းတစ်နှစ် တစ်စောင်ဖတ်ကြားတင်သွင်းပြီး လေးနှစ်ပြီးမြောက်ပါက ကျမ်းရေးတင် ကျမ်းစစ်ဆေးပြီး အရည်အချင်းပြည့်မီသော ကျမ်းဖြစ်ပါက ပါရဂူဘွဲ့ ချီးမြှင့်ပါသည်။ ကျွန်မ ခြောက်နှစ်တာကာလ တာဝန်ထမ်းဆောင်စဉ် ပါရဂူဘွဲ့ရသူ ၂၀၀ ခန့် မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ပါရဂူဘွဲ့ယူရန် တက်လှမ်းသည်။ ဘာသာရပ်အသီးသီးမှ ပါရဂူများ နှစ်စဉ်ပေါ်ထွက်လျက်ရှိသည့် ရန်ကုန်တက္ကသိုလ်ကြီးသည် ဂုဏ်ယူစရာကောင်းလှပါသည်။

**သုတေသနနှင့် ပညာရပ်တာဝန်**

သုတေသနဟူသည် တက္ကသိုလ်၏ အသက်ပင် မဟုတ်ပါလား။ ပညာရပ်ဆိုင်ရာ သုတေသနတို့ ရှင်သန်




ရန်ကုန်တက္ကသိုလ်၏ (၁၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပစဉ်။

စာစစ်မှူးချုပ်များနှင့်ပေါင်းကာ မီးရထားဖြင့် နေပြည်တော်သို့ ချီတက်ကြရလေသည်။ ယခု ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးလည်းပါရဲ့။ ဒဂုံတက္ကသိုလ် သင်္ချာပါမောက္ခ/ဌာနမှူး ဘဝတုန်းကပါ။ မီးရထားတစ်တွဲလုံး ကျွန်မတို့ ဆရာ ဆရာမတွေချည်းပဲဆိုတော့ ပြောကြ၊ ဆိုကြ၊ ရယ်ကြ၊ မောကြနှင့် ကျွက်ကျွက်ညံလို့ပျော်လိုက်ကြတာ လွန်ပါရော။ ဒီလိုကြီးလေးတဲ့ တာဝန်တွေကို ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်ခဲ့ကြတာတွေဟာ ဘဝတစ်ကွေ့ရဲ့ မှတ်တမ်းလေးတွေပါ။

**နာဂစ်နှင့် စာစစ်**

၂၀၀၈ခုနှစ် ဧပြီလတွင် တက္ကသိုလ်ဝင်တန်း စာစစ်ကိစ္စ ပထမအဆင့်ကို အောင်မြင်စွာ ပြီးမြောက်သွား၍ ဒုတိယအဆင့် Code ဖြေရန်ကိစ္စ မလုပ်ရသေးချိန်၊ ၂၀၀၈ခုနှစ် မေလ ၂ ရက်နေ့ညမှစ၍ နာဂစ်မုန်တိုင်းကြီး တက္ကသိုလ်နယ်မြေထဲသို့ ကြမ်းတမ်းစွာ တိုက်ခတ်ပါတော့သည်။ ကျွန်မအိမ် ပုဂံလမ်းခြံထဲရှိ အပင်အိုကြီးများမှာလည်း တဖုန်းဖုန်းနှင့် ပြိုလဲသံများကြားရပါတော့သည်။ ထွက်လည်းမကြည့်ရဲ၊ သို့သော် ကျွန်မစိုးရိမ်တာက ကျွန်မအသက်ထက် ဌာနတွင် သိမ်းဆည်းထားသော Code ဖြေရမည့် တက္ကသိုလ်ဝင်တန်း မြန်မာစာအဖြေလွှာများပင်။ အဖြေလွှာလေးတွေ အပျက်အစီးမရှိ အကောင်းပကတိ ရှိကြပါစေလို့ ဆုတောင်းနေမိတာ အခါခါ။

နံနက်မိုးလင်းလို့ ပတ်ဝန်းကျင်ကို ထွက်ကြည့်လိုက်ရာ အိမ်ရှေ့က သစ်ပင်အိုကြီးတွေ တုံးလုံးပက်လက်လဲလို့။ အိမ်ဘေးအိမ်နောက်ရှိသမျှ အပင်ကြီးတွေ လဲနေလိုက်တာ မြင်မကောင်း။ အိမ်ကိုရှောင်ကွင်းပြီး လဲပေးလို့ အိမ်မှာအထိအခိုက်မရှိလို့ ကျေးဇူးတင်ရပေသည်။ ဌာနကို ပြေးကြည့်ချင်သော်လည်း လမ်းတွေက ပိတ်နေ၍ သွားလို့မရ။ မုန်တိုင်းအပြီး နှစ်ရက်ကျော်လောက်မှ သွားလို့ရသဖြင့် ဌာနသို့ အမြန်သွားကြည့်လိုက်ရာ အပျက်အစီးများက ဆီးကြိုနေကြပါတော့သည်။ သို့သော် ဘုရားခန်း၊ ကျွန်မရုံးခန်းနှင့် အဖြေလွှာများထားသည့် အခန်းတို့မှာ လုံးဝမပျက်စီးပေ။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ အဖြေလွှာစာအုပ်လေးများမှာ ဣန္ဒြေရစွာ အိပ်မောကျလျက်။ ရင်မောစရာ ဘဝတစ်ကွေ့ မှတ်တိုင်လေးများပါတကား။

**ပါရဂူများ မွေးထုတ်ပေးရာမြေ**

ကျွန်မ တာဝန်ထမ်းဆောင်စဉ်ကာလ၌ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားဆို၍ ပါရဂူသင်တန်းသူ သင်တန်းသားများသာ ရှိပါသည်။ ပါရဂူဝင်ခွင့်ဖြေဆို အောင်မြင်ပြီး တစ်နှစ်ပါရဂူ အကြိုသင်တန်းတက်ပြီး လာသော ပါရဂူများကို ဘွဲ့နှင်းသဘင် စင်မြင့်ပေါ်မှ ဝမ်းသာပီတိဖြင့် ကြိုဆိုမိပါသည်။ ပါရဂူဘွဲ့နှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထွန်းခင်က ကျွန်တော်ပါရဂူဘွဲ့ရသည့်အခါ “ငါဘာမှမသိသေးပါလားဆိုတာ စသိလိုက်ရပါတယ်” ဟူသော စကားကို သဘောကျလွန်း၍ ပါရဂူဘွဲ့ယူမည့် တပည့်များကို အမြဲပြောပြခဲ့ပါ



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း အမှတ်(၃) ပုဂံလမ်းရှိ ဆရာဇော်ဂျီနေထိုင်ခဲ့သောအိမ်၌ စာရေးသူနေထိုင်ခဲ့စဉ်က မှတ်တမ်းဓာတ်ပုံ။

နေသမျှ တက္ကသိုလ်ကြီးလည်း ရှင်သန်နေပေမည်။ ရန်ကုန်တက္ကသိုလ်၌ နှစ်စဉ်အောက်တိုဘာလ၌ ဝိဇ္ဇာ၊ သိပ္ပံပညာရှင် သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပလျက်ရှိသည်မှာ ယခုနှစ်ဆိုလျှင် အကြိမ် (၂၀)မြောက် ရှိပေပြီ။ ဖတ်ကြားတင်သွင်းသော စာတမ်းများမှ အကောင်းဆုံး သိပ္ပံစာတမ်းဆု၊ ဝိဇ္ဇာစာတမ်းဆုနှင့် တင်သွင်းခဲ့သည့် ပါရဂူကျမ်းများမှ အကောင်းဆုံး ဝိဇ္ဇာကျမ်းဆု၊ သိပ္ပံကျမ်းဆုတို့ကို ချီးမြှင့်ပေးခြင်းဖြင့် သုတေသနပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပါသည်။ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက ဦးဆောင်ကာ မြန်မာနိုင်ငံ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်အဖွဲ့ သုတေသန စာတမ်းဖတ်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ပေးခြင်းဖြင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ခဲ့ကြပေသည်။

ဘာသာရပ်ဆိုင်ရာ သင်ရိုးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ/ဌာနမှူးများကို ဖိတ်ခေါ်ကာ ရန်ကုန်တက္ကသိုလ်က ဦးဆောင်၍ သင်ကြားရေးဆိုင်ရာ အခက်အခဲများ၊ ပြဿနာများကို ဆွေးနွေးကြစေပြီး အများသဘောတူပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ကာ သင်ကြားရေး အဆင်ပြေကောင်းမွန်စေရန် ဆောင်ရွက်ကြရပါသည်။ ဤသို့ဖြင့် ဘာသာရပ်ဆိုင်ရာ သင်ရိုးအစည်းအဝေးကို တစ်နှစ်နှစ်ကြိမ် အစည်းအဝေးကျင်းပပြုလုပ်ခြင်းဖြင့် ရန်ကုန်တက္ကသိုလ်ကြီး၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။ သို့ဖြစ်ရာ မိမိကိုယ်မိမိလည်း ရန်ကုန်တက္ကသိုလ်ကြီးအတွက် တာဝန်ကျေပွန်သူအဖြစ် ခံယူမိပါသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ပါမောက္ခ/ဌာနမှူး အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလမှာ မိသားစုစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဒေါက်တာအောင်မြင့်ဦး၊ ပါမောက္ခ/ဌာနမှူး (ငြိမ်း)နှင့် တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် နည်းပြများအပြင် ရုံးဝန်ထမ်းများကို အထူးပင်ကျေးဇူးတင်လျက်ရှိပါသည်။ သက်ပြည့်အငြိမ်းစားယူခဲ့သော်လည်း မြန်မာစာဌာနအကျိုးနှင့် ရန်ကုန်တက္ကသိုလ်၏အကျိုးကို ယနေ့တိုင် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တက္ကသိုလ်ကြီး “ရာပြည့်မှသည် ကမ္ဘာတည်သရွေ့” တည်တံ့ခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းလျက်။ ။



## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

- ❖ အမည်ရင်းမှာ ဒေါက်တာခင်ဆန်းဦး ပါမောက္ခ/ဌာနမှူး (ငြိမ်း) မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်ဖြစ်သည်။
- ❖ ၁၉၇၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ပုသိမ်ဒီဂရီကောလိပ်မှ ရရှိခဲ့သည်။
- ❖ ၁၉၈၆ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ❖ ၂၀၀၅ ခုနှစ်တွင် ပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ❖ ၁၉၇၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လုပ်သက် ၃၆ နှစ်ကာလအတွင်း ရခိုင်ပြည်နယ် ဒေသကောလိပ် (စစ်တွေ)၊ ရန်ကုန်တက္ကသိုလ်၊ စစ်တွေဒီဂရီကောလိပ်၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် အမှုထမ်းခဲ့သည်။
- ❖ ရေးသားခဲ့သည့်စာအုပ်များမှာ ရွှေစည်းခုံ မွန်ကျောက်စာလေ့လာချက်၊ မြကန် မွန်ကျောက်စာလေ့လာချက်၊ ရွှေတိဂုံမွန်ကျောက်စာ လေ့လာချက်၊ တက္ကသိုလ်ဝင်တန်း မြန်မာစာပို့ချချက်များဖြစ်သည်။
- ❖ ယခုလက်ရှိတွင် ရန်ကုန်တက္ကသိုလ်ပါရဂူ အကြိုသင်တန်းတွင် မွန်ကျောက်စာ သင်ကြားပို့ချပေးလျက်ရှိသည်။
- ❖ ပါရဂူသင်တန်းဦးစီး ကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအတွင်းရှိ ကုမုဒြာရေကန်၌ ဝန်ထမ်းများ စိတ်အပန်းဖြေနိုင်ရေးအတွက် တံတား တည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တံတားဝန်းကျင်အနီး အပန်းဖြေနားနေနိုင်ရန်အတွက် ထိုင်ခုံများထားရှိ ဆောင်ရွက်ရန်၊ ကုမုဒြာရေကန်ဝန်းကျင် သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ရန်၊ အပန်းဖြေလျှောက်လမ်း တံတားကြံ့ခိုင်မှုရှိစေရေး စိစစ်ဆောင်ရွက်ရန်၊ တံတားချဉ်းကပ်လမ်းအား ရေတိုက်စားမှုမဖြစ်စေရေး ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ ရုံးဧရိယာအတွင်း အာရ်စီသုံးထပ်ရုံး အဆောက်အအုံသစ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး ၂၊ အဆောက်အဦအထူးအဖွဲ့ ၄ က တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးလုပ်ငန်း တာဝန်ရှိသူများက အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရုံးအဆောက်အအုံသစ်အတွက် ရေနှင့် လျှပ်စစ်မီး လိုအပ်ချက်၊ လျှပ်စစ်မီးတပ်ဆင်ရာတွင်လည်း စွမ်းအင်အနည်းဆုံး အသုံးပြု၍ အလင်းရောင်လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများအား ရုံးခန်းနေရာချထားရာတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်၊ ရုံးအသုံးအဆောင်နှင့် ပရိဘောဂပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ရန်ပုံငွေလိုအပ်ချက်တို့ကို အချိန်နှင့်တစ်ပြေးညီ တင်ပြတောင်းခံဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိ မြို့နယ်အတွင်း ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မိုးရာသီ လူထုသစ်ပင်စိုက်ပျိုးပွဲ ဆောင်ရွက်၍ စိုက်ပျိုးထားရှိသည့် စိုက်ခင်းများ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် ၂၀၂၁ ခုနှစ် မိုးရာသီ လူထုသစ်ပင်စိုက်ပျိုးရေးအတွက် ရွေးချယ်ထားရှိသည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီသစ်ပင်စိုက်ပွဲဖြင့် စိုက်ပျိုးဆောင်ရွက်ခဲ့သည့် စိုက်ခင်းများ၏ နှစ်အလိုက်စိုက်ပျိုးရှင်သန် အောင်မြင်မှုကို မှတ်တမ်းထားရှိရန်၊ စိုက်ပင်များ ရှင်သန်ကြီးထွားမှုရှိစေရေးအတွက် သစ်တောပြုစုထိန်းသိမ်းရေး လမ်းညွှန်ချက်များနှင့်အညီ ပြုစုဆောင်ရွက်ရန်၊ စိုက်ခင်းအလိုက် စိုက်ပျိုးသည့် သစ်မျိုးများ၏ အမြင့်နှင့် ကြီးထွားမှုတို့ကို တိုင်းတာမှတ်တမ်းတင်ထားရန်တို့ကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့်အတူ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ တည်ဆောက်လျက်ရှိသော ကျောင်းသူကျောင်းသားများ အပန်းဖြေနားနေနိုင်ရန်အတွက် ဦးပိန်တံတားပုံစံ ရေကန်ဖြတ်လျှောက်တံတားတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေး၍ ရေကန်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သစ်ပင်စိုက်ပျိုးရန်၊ ရေကန်ပတ်လည်တွင် ခုံတန်းများ ထားရှိဆောင်ရွက်ရန်၊ ရေကန်ပေါင်တွင် မြေဆီလွှာထိန်းသိမ်းနိုင်ရေးအတွက် ဗာတီဗာမြက် စိုက်ပျိုးဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြား၍ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်ကုသရေး ဧရာဝတီစင်တာ(မန္တလေး)ကို ၃၇၅ ခုတင်ဆံ့ ကုသရေးစင်တာအဖြစ် တိုးချဲ့ထားမှု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှု

**မန္တလေး နိုဝင်ဘာ ၁၄**


ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဧရာဝတီဖောင်ဒေးရှင်းက တည်ဆောက်ထားသည့် ကိုဗစ်ကုသရေး ဧရာဝတီစင်တာ (မန္တလေး)ကို ၃၇၅ ခုတင်ဆံ့ ကုသရေးစင်တာအဖြစ် တိုးချဲ့တည်ဆောက်ခဲ့ပြီး ရောဂါပိုးကူးစက်ခံထားရသူများအား ကုသပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများသည် ၃၇၅ ခုတင်ဆံ့အဖြစ် တိုးချဲ့တည်ဆောက်ထားသည့် ကိုဗစ်ကုသရေး ဧရာဝတီစင်တာ (မန္တလေး)ကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်၊ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်၊ ဧရာဝတီစင်တာ (မန္တလေး) တာဝန်ခံ ဆေးရုံအုပ် ဒေါက်တာဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ တည်ဆောက်ထားသည့် ကိုဗစ်ကုသရေး ဧရာဝတီစင်တာ(မန္တလေး)ကို ယခင်က ခုတင် ၃၀၀ ဆံ့ အဖြစ် တည်ဆောက်ခဲ့ပြီး ယခုအခါ လိုအပ်ချက်များအရ ICU/HDU အပါအဝင် ၇၅ ခုတင် တိုးချဲ့ကာ ၃၇၅ ခုတင်ဆံ့ ကုသရေးစင်တာအဖြစ် တိုးချဲ့ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။



ကိုဗစ်ကုသရေး ဧရာဝတီစင်တာ (မန္တလေး)တွင် ရောဂါပိုးကူးစက်ခံထားရသူများအား ကုသပေးရန် ခေတ်မီ စက်ပစ္စည်းများ တပ်ဆင်ပေးထားသလို ICU/HDU တွင် ကုသခံရမည့်လူနာများအတွက် ခေတ်မီကုသရေးပစ္စည်းများ၊ ကျောက်ကပ်ဆေးသည့်စက်များ၊ ခွဲခန်းများလည်း ထည့်သွင်းတပ်ဆင်ပေးထားသည်။ ဧရာဝတီစင်တာ(မန္တလေး)တွင် ရောဂါကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ကာ ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများနှင့် ရောဂါကုသမှုခံယူမည့် လူနာများ၏ နေ့စဉ်အစားအသောက်များကို ဧရာဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် Tests and Care စင်တာလည်း ထည့်သွင်းဆောက်လုပ်ထားပြီး ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးသွားမည်ဖြစ်သည်။ ဧရာဝတီဖောင်ဒေးရှင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုကိုခံယူကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူများအား ကုသပေးရန် ကိုဗစ်-၁၉ ရောဂါကုသရေး ဧရာဝတီစင်တာများကို ရန်ကုန်မြို့တွင် ခုတင် ၁၀၀၀ ဆံ့၊ မန္တလေးမြို့တွင် ၃၇၅ ခုတင်ဆံ့အဖြစ် ဆောက်လုပ်ပေးထားကြောင်း သိရသည်။

သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး



# ဆင်ပြောင်ကြီး အမြီးတွင်တစ် ဟူတုံလစ်သို့

ကိုရင်ဩ

ကျင်းပခဲ့ပြီးသော အမေရိကန်ရွေးကောက်ပွဲကြီးတွင် မရိုးမသားပြုမှုသည့် မဲပေးမှုများရှိသည်ဆိုခြင်းနှင့်ပတ်သက်၍ မိမိတို့ အထောက်အထားများကို တွေ့မြင်ရခြင်းမရှိကြောင်း ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများက ပြောကြားလိုက်စဉ်မှာပင် သမ္မတအဖြစ် ဂျိုးဘိုင်ဒင် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်ပတ်သက်၍ အသိအမှတ်ပြုရန် ငြင်းဆန်နေကြသော ရီပတ်ဘလီကန်များသည် ဒီမိုကရေစီကို "အဆိပ်ခပ်" သူများဖြစ်ကြောင်း အထက်လွှတ်တော် လူနည်းစုခေါင်းဆောင် ချပ်ရှူးမားက ပယ်ပယ်နယ်နယ် ဝေဖန်ရှုတ်ချလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုရသောအခါ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးလောကကြီးတစ်ခုလုံးကို ခြိမ့်ခြိမ့်ချုန်းစေသည့် လွင့်စဉ်လာသော အသံဗလံများကို နားစွင့်မိရင်း ပြိုင်ဖော်ပြိုင်ဘက် နိုင်ငံရေးပါတီကြီးနှစ်ပါတီအကြား ပွတ်တိုက်မှုများကို စေ့ငုလေ့လာမိလေ၏။

၂၀၂၀ ပြည့်နှစ် "အိမ်ဖြူတော်" ရွေးကောက်ပွဲသည် အမေရိကန်နိုင်ငံသမိုင်းတွင် သံသယပွားစရာ အလျဉ်းမရှိဘဲ ယုံကြည်စိတ်ချစရာ အကောင်းဆုံး ရွေးကောက်ပွဲဖြစ်သည်ဟု ရွေးကောက်ပွဲတာဝန်ရှိသူများက ပြောကြားကြလျက် ရွေးကောက်ပွဲအတွင်း မသမာမှုများရှိသည်ဆိုသော သမ္မတ ဒေါ်နယ်ထရမ့်၏ အသည်းအသန်ပြောကြားနေမှုကို ပယ်ချလိုက်ကြ၏။

ပြည်သူများ ပေးခဲ့ကြသော မဲပြားများ ပျောက်ဆုံးသွားအောင်၊ မဲပြားများ ရလဒ်ပြောင်းလဲသွားအောင်၊ မရိုးမသား နည်းလမ်းများဖြင့် မဲပေးနိုင်အောင် လုပ်ဆောင်ခဲ့သည့် အပြုအမူများနှင့်ပတ်သက်၍ မိမိတို့ အထောက်အထားတစ်စုံတစ်ရာ မတွေ့ရှိရကြောင်း အမေရိကန်ရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၁၂ ရက်တွင် ဟောဟောဒိုင်းဒိုင်း ထုတ်ပြန်ကြေညာခဲ့၏။

မိမိအား ထောက်ခံမဲပေးသော မဲပြား ၂ ဒသမ ၇ သန်းကို ရွေးကောက်ပွဲဆိုင်ရာ နည်းပညာကုမ္ပဏီတစ်ခုက "ပယ်ဖျက်" ခဲ့သည်ဟု သမ္မတထရမ့်က စိတ်လှုပ်ရှားစွာဖြင့် "တွစ်တာ"မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းချက်ပေးလိုက်ခြင်းဖြစ်သည်။

လက်ယာယိမ်း သတင်းချန်နယ်ဖြစ်သော One America News Network က ထုတ်လွှင့်ခဲ့သည့် သတင်းတစ်ပုဒ်ကို ကိုးကားလျက် ထရမ့်က ပြူးတူးပျာတာဖြင့် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရုပ်မြင်သံကြားဌာနက ညွှန်းဆိုခဲ့သော ရွေးကောက်ပွဲဆိုင်ရာ နည်းပညာကုမ္ပဏီမှာ "ဒိုမီနီယန် မဲပေးစနစ်များ" (Dominion Voting Systems) အမည်ရှိ ကနေဒါအခြေစိုက်ကုမ္ပဏီဖြစ်ပြီး အမေရိကန်ပြည်နယ်များတွင် ရွေးကောက်ပွဲ၌ အသုံးပြုသော ကွန်ပျူတာဆော့ဖ်ဝဲများ ထုတ်လုပ်သည့် ကုမ္ပဏီသုံးခုတွင် ပါဝင်သည်။

သန်းပေါင်းများစွာသော ပြည်သူများ မဲပေးရာတွင် လွယ်ကူချောမွေ့စေရန်လည်းကောင်း၊ သန်းပေါင်းမြောက်မြားစွာသော မဲပြားများကို မဲရုံမှူးများက ရေတွက်ရာတွင် လျင်မြန်သွက်လက်စေရန်လည်းကောင်း ကွန်ပျူတာဆော့ဖ်ဝဲများက အသုံးတည့်သည်။ အမေရိကန်ပြည်နယ်အများအပြားတွင် 'ဒိုမီနီယန်' ကုမ္ပဏီ၏ ဆော့ဖ်ဝဲကို အသုံးပြုပြီး နည်းပညာအကူအညီဖြင့် ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများရှိခဲ့သည်ဟု ထရမ့်က အပီအပြင် စွပ်စွဲနေခြင်းဖြစ်သည်။

မီချီဂန်၊ ဂျော်ဂျီယာပြည်နယ်များ အပါအဝင် ပြည်နယ်များတွင် အဆိုပါဆော့ဖ်ဝဲကို အသုံးပြုခဲ့ကြပြီး ထရမ့်က ယင်းပြည်နယ်များ၏ မဲရလဒ်များနှင့်ပတ်သက်၍ မကျေမချမ်း စောဒကတက်လျက်ရှိသည့်အပြင် မြောက်ကာရိုလိုင်းနားနှင့် နီဗားဒါးပြည်နယ်တို့တွင်လည်း မဲရလဒ်များနှင့်ပတ်သက်၍ ရွေးကောက်ပွဲတာဝန်ရှိသူများကို စိန်ခေါ်လျက်ရှိလေသည်။

'လက်ယာယိမ်း' သတင်းဌာနများသည် မဲပေးစနစ်အရ အပြစ်အနာအဆာရှိနေပုံကို ညွှန်းဆိုကြလျက် ထရမ့်ရရှိခဲ့သောမဲများ အဖျက်ခံလိုက်ရသည်၊ ပြိုင်ဘက်၏ မဲရလဒ်အတွင်းသို့ ပေါင်းထည့်လိုက်သည် စသည်ဖြင့် စောဒက တက်နေကြဆဲဖြစ်သည်။

မဲရေတွက်မှုဆိုင်ရာ ပြဿနာများရှိနေသည်ဟု



PHOTO: WASHINGTON TIMES

ထရမ့်က အတွင်တွင်ပြောနေသော်လည်း ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများကမူ သူ၏ ပြောဆိုချက်များ အခြေအမြစ်မရှိပါဟု တုံ့ပြန်ခဲ့ကြလေသည်။

ထရမ့်သည် ယခုအချိန်အထိ ရွေးကောက်ပွဲတွင် ဒီမိုကရက် ဂျိုးဘိုင်ဒင် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်ပတ်သက်၍ အသိအမှတ်ပြုဝန်ခံခြင်းမရှိသေးဘဲ လေတစ်လုံး မိုးတစ်လုံး ဟန်ရေးကြွယ်နေဆဲဖြစ်၏။

မည်သို့ပင်ဆိုစေ အမေရိကန်ပြည်ထောင်စုရှိ ထိပ်တန်းရုပ်မြင်သံကြား သတင်းဌာနကြီးများအားလုံးတို့က နိုဝင်ဘာ ၃ ရက် ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ခန့်မှန်းချက်များကို အခိုင်အမာ ထုတ်ပြန်ခဲ့ကြပြီးဖြစ်သည်။

သမ္မတ ထရမ့်နှင့် သူ့အား ထောက်ခံသူများသည် အမေရိကန်၌ ယုံကြည်လက်ခံမှုရရှိထားသော နည်းပညာကုမ္ပဏီများအနက် 'ဒိုမီနီယန်' ကုမ္ပဏီ၏ ဆော့ဖ်ဝဲကို အပြစ်ဖို့ကာ စွပ်စွဲပြစ်တင်ပြောဆိုနေကြလင့်ကစား ဖက်ဒရယ်ရွေးကောက်ပွဲကော်မရှင် (အက်ဖ်အီးစီ) က ယင်းပြောဆိုချက်များနှင့်ပတ်သက်၍ အထောက်အထားများကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရခြင်းမရှိဟု ဆိုသည်။

ထိုစဉ်အတွင်း အမေရိကန်၏ အထင်ကရ သတင်းဌာနကြီးများက အရီဇိုးနားပြည်နယ်၌လည်း ဘိုင်ဒင်ကပင် အောက်ပွဲခံသည်ဟု မဲရလဒ်များကို တွက်ချက်၍ ကြိုတင်ဟောကိန်းထုတ်လိုက်ရာ ဒီမိုကရက် ဝိုင်းတော်သားများ ပြုံးပြုံးငြိမ့်ငြိမ့်ဖြင့် လက်မထောင်နေကြပေအံ့။

ဘိုင်ဒင်သည် အရီဇိုးနားပြည်နယ်တွင် အောင်ပွဲခံခြင်းဖြင့် သမ္မတရွေးချယ်တင်မြှောက်သူများအဖွဲ့ (ဝါ) အီလက်တိုယယ် ကောလိပ်မဲ ၁၁ မဲ ထပ်တိုးရရှိကာ ရွေးကောက်ပွဲကိုယ်စားလှယ်မဲ ၂၉၀ အထိ ထွေးပိုက်နိုင်ပေပြီ။ သမ္မတထရမ့်မှာမူ အလားတူမဲ ၂၁၇ မဲသာရရှိထားသည်။

ဒီမိုကရက်တို့၏ 'ပွင့်သစ်စ' အောင်ပန်းပွင့်လင်းမြင်သာရှိလာချိန်မှာပင် သမ္မတထရမ့်၏ မာန်ဟုန်ပြင်းပြင်း စိန်ခေါ်ခြင်းအပေါင်းက နိုင်ငံတစ်နံတစ်လျားတွင် ပွက်လောရိုက်လာ၏။ မဲဆန္ဒရှင် ပြည်သူအပေါင်းမှာ ဘာများ ဆက်ဖြစ်နိုင်ပါအံ့နည်းဟု အတွေးဝင်ကာ မျက်လုံးလေးများ ကလယ်ကလယ်ဖြင့် တရားဝင်မဲရလဒ် ပေါ်ထွက်လာမည့်အချိန်ကို ငံ့လင့်စောင့်စားလျက်ရှိကြကုန်သည် ဖြစ်ရာ၏။

ထိုစဉ်အတွင်း အမျိုးသားလုံခြုံရေးအရာရှိဟောင်း ၁၅၀ ကျော်ပါဝင်သော အုပ်စုတစ်စုက အာဏာလွှဲပြောင်းပေးအပ်ရေးဆိုင်ရာ အသွင်ကူးပြောင်းမှုကာလ နှောင့်နှေးကြန့်ကြာနေရခြင်းကြောင့် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကို အကြီးအကျယ်ထိခိုက်နိုင်ကြောင်း ဖော်ပြသည့် စာတစ်စောင်ကို အထွေထွေလုပ်ငန်းများဌာန (General Services Administration) သို့ ပေးပို့ခဲ့သည်ဆို၏။

အဆိုပါဌာနမှာ အာဏာလွှဲပြောင်းပေးအပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်ကို ကိုင်တွယ်ရသော အစိုးရဌာနတစ်ခုဖြစ်သည်။ ဂျီအက်စ်အေဌာနသည် ဘိုင်ဒင်နှင့် သူ၏လက်ရုံး ဒုတိယသမ္မတလောင်း ကမ္မလာဟဲရစ္စတို့ ရွေးကောက်ပွဲ၌ အနိုင်ရရှိကြောင်း တရားဝင်အသိအမှတ်ပြုပေးရန် အဆိုပါစာတွင် ဖော်ပြထားသည်။

ထိုစဉ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကြောင့် တုံဏှိဘာဝေ ဆိတ်ဆိတ်နေခဲ့သော တရုတ်နိုင်ငံက ဘိုင်ဒင်နှင့် ဟဲရစ္စတို့ထံ ဂုဏ်ပြုဝမ်းမြောက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

'ရွေးကောက်ပွဲအခြေခံအဆောက်အအုံဆိုင်ရာအစိုးရအဖွဲ့ ညှိနှိုင်းရေးကောင်စီ' (Election Infrastructure Government Co-ordinating Council) သည် နိုဝင်ဘာ ၁၂ ရက်တွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ရာ၌ နိုဝင်ဘာ ၃ ရက် ရွေးကောက်ပွဲသည် အမေရိကန်နိုင်ငံသမိုင်းတွင် လုံခြုံစိတ်ချရမှုအရှိဆုံး ရွေးကောက်ပွဲကြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတစ်ဝန်းလုံး၌ ရွေးကောက်ပွဲတာဝန်ရှိသူများက မဲရလဒ်များနှင့်ပတ်သက်၍ အပြီးသတ်ထုတ်ပြန်ခြင်းမရှိမီ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်လုံးအပေါ် ပြန်လည်သုံးသပ်လေ့လာခြင်း၊ ဒုတိယမ္ပိ မဲရလဒ်များ စစ်ဆေးခြင်းကို ပြုလုပ်လျက်ရှိကြကြောင်း ဖော်ပြထားသည်။ အဆိုပါကောင်စီတွင် အမိမြေလုံခြုံရေးဌာန၊ အမေရိကန်ရွေးကောက်ပွဲ အထောက်အကူပေးရေးကော်မရှင်နှင့် ရွေးကောက်ပွဲလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရသော ဖက်ဒရယ်အဆင့် အစိုးရတာဝန်ရှိသူများ ပါဝင်ကြသည်။

အခြေအမြစ်မရှိသော တောင်းဆိုမှုအများအပြားကိုလည်းကောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းအလိမ်အညာများ ထုတ်လွှင့်မှုပြုလုပ်ရန် အခွင့်သာနေခြင်းကိုလည်းကောင်း မိမိတို့သိရှိပါကြောင်း၊ သို့ရာတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲနှင့်ပတ်သက်၍ လုံခြုံစိတ်ချရမှုနှင့် လိပ်ပြာသန့်မှုတို့အပေါ် မိမိတို့အပြည့်အဝယုံကြည်ပါကြောင်း အဆိုပါ ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ဆို၏။

ယင်းပူးတွဲကြေညာချက်ကို အမိမြေလုံခြုံရေးဌာနအောက်ရှိ ဆိုင်ဘာလုံခြုံရေးနှင့် အခြေခံအဆောက်အအုံ လုံခြုံရေးအေဂျင်စီ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် လွှင့်ထားသည်။

အဆိုပါအေဂျင်စီသည် ရွေးကောက်ပွဲဆိုင်ရာ ကောလာဟလသတင်းများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေစဉ်မှာပင် ယင်းအေဂျင်စီ၏ လက်ထောက်ညွှန်ကြားရေးမှူး ဘရန်းဝဲသည် 'ရိုက်တာ' သတင်းဌာန၏အဆိုအရ အိမ်ဖြူတော်၏ ဖိအားပေးမှုအရ နိုဝင်ဘာ ၁၂ ရက်တွင် ရာထူးမှ နုတ်ထွက်သွားခဲ့ရသည်ဟု သိရလေသည်။

မီချီဂန်ပြည်နယ်ရှိ စီရင်စုတစ်စုသည် ရီပတ်ဘလီကန်ပါတီဘက်သို့ ယိမ်းသည့်တိုင် မဲရေတွက်ပုံ မှားယွင်းခြင်းကြောင့် ထရမ့်ရရှိသော မဲများစွာ ဆုံးရှုံးခဲ့ရသည်ဟုဆိုကာ ရွေးကောက်ပွဲမသမာမှုအဖြစ် သတင်းထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်တွင်'လူသားအမှား'ကို အပြစ်ဆိုဖွယ်ရာဖြစ်သော်လည်း ကွန်ပျူတာ ဆော့ဖ်ဝဲလုပ်ဆောင်ချက် 'ကြောင်ခြင်း' မဟုတ်ပါဟု ပြည်နယ်ရွေးကောက်ပွဲတာဝန်ရှိသူများက ဝန်ခံပြောကြားခဲ့ကြသည်။

ယခုအချိန်တွင်မူ သမ္မတအဖြစ် ဘိုင်ဒင် ရွေးချယ်တင်မြှောက်ခံရခြင်းနှင့်ပတ်သက်၍ ရီပတ်ဘလီကန်ပါတီအတွင်း အသိအမှတ်ပြုလိုသူဦးရေ တစ်စစတိုးပွားလာနေသော်လည်း ကိန်းဂဏန်းအရ များပြားခြင်း မရှိသေးချေ။

သမ္မတထရမ့်၏ မဟာမိတ်အထက်လွှတ်တော်အမတ် လင်ဆေးဂရေဟမ်သည် ဘိုင်ဒင် ရွေးချယ်တင်မြှောက်ခံရခြင်းကို အသိအမှတ်ပြု ပြောဆိုသည့်အနေဖြင့် ထောက်လှမ်းရေးဌာန၏ လျှို့ဝှက်အစီရင်ခံစာကို ဘိုင်ဒင်ထံ နေ့စဉ် တင်ပြသင့်သည်ဟု ပြောဆိုခဲ့သည်။ ယင်းမှာ အိမ်ဖြူတော်သို့ အသစ်ဝင်ရောက်လာမည့် သမ္မတလောင်းကို ထောက်လှမ်းရေးလျှို့ဝှက်အစီရင်ခံစာ ပေးလေ့ရှိသည့် အစဉ်အလာကို မပျက်ယွင်းစေရန်ဖြစ်၏။

ဂရေဟမ်၏ ပြောဆိုချက်ကို ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ်များဖြစ်ကြသော ချပ်ဂရက်စလီ၊ ဂျွန်ကော်နင်နှင့် ဂျွန်သွန်းတို့က ထောက်ခံကြသော်လည်း အောက်လွှတ်တော်လူနည်းစုခေါင်းဆောင် ကီဗင်မက္ကာသီကမူ "လတ်တလောတွင် ဘိုင်ဒင်သမ္မတမဟုတ်သေးကြောင်း၊ မိမိတို့ စောင့်စားသင့်ကြောင်း" ပြောကြားခဲ့သည်။

ကွန်ဂရက်လွှတ်တော်ရှိ ရီပတ်ဘလီကန်အမတ် ၁၀ ယောက်မှ အယောက် ၂၀ ခန့်မှာ ဘိုင်ဒင်ရွေးကောက်တင်မြှောက်ခံရခြင်းကို လက်ခံခဲ့ကြသည်။ သို့ရာတွင် ရီပတ်ဘလီကန်အများစုမှာမူ ဘိုင်ဒင် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်ပတ်သက်၍ ယခုတိုင်အောင် အသိအမှတ်ပြုကြခြင်း မရှိသေးပေ။

ရွေးကောက်ပွဲ မသမာမှုဟုဆိုသော သမ္မတ ထရမ့်၏ အကြောက်အကန် ပြောဆိုမှုများဘက်မှ ဝါရင့်ရီပတ်ဘလီကန်များ ရပ်တည်နေကြခြင်းသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်ကို အောက်ခြေမှ တိုက်စားခြင်းဖြစ်ကြောင်း သမ္မတဟောင်း ဘားရက်အိုဘားမားက အတိအလင်း ဝေဖန်ခဲ့၏။

အလားတူပင် အမေရိကန် အောက်လွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၉ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိသူ နန်စီပယ်လိုစီက ရီပတ်ဘလီကန်တို့သည် အမှန်တရားကို လက်ခံရန် ငြင်းဆန်လျက်ရှိကြသည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

ဘိုင်ဒင် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ၎င်းတို့၏ ကိုယ်စားပြောကြားပေးပါဟု မိမိ၏ လုပ်ဖော်ကိုင်ဖက် ရီပတ်ဘလီကန်အမတ်အချို့က မိမိအား တိုက်တွန်းခဲ့သည်ဟု ဒယ်လာဝဲပြည်နယ်၏ ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ခရစ္စကွန်းက ပြောကြားခဲ့သည်။

ထိုနည်းတူပင် ရီပတ်ဘလီကန် နိုင်ငံရေးသမားများသည် ဒေါ်နယ်ထရမ့်ကို ကြောက်ရွံ့နေသောကြောင့် ရွေးကောက်ပွဲရလဒ်အပေါ် တမင်သက်သက် သံသယပွားလျက်ရှိနေကြကြောင်း အထက်လွှတ်တော် လူနည်းစုခေါင်းဆောင် ချပ်ရှူးမားက ရှုတ်ချခဲ့သည်။

ထိုစဉ်အတွင်း ကွန်ဆာဗေးတစ် သတင်းဌာနများမှ သတင်းသမားများနှင့် လူဖြူလူမျိုးရေးအစွန်းရောက်ဝါဒီတို့က ရွေးကောက်ပွဲတွင် မသမာမှုများရှိခဲ့သည်ဟုဆိုကာ ဆန္ဒပြပွဲများဖြစ်ပေါ်လာစေရန် ဝါဒဖြန့်လှုံ့ဆော်လျက်ရှိကြသည်။ ဖက်ဆစ်ဝါဒ ဆန့်ကျင်ရေး၊ လူမျိုးခွဲခြားမှုဆန့်ကျင်ရေးအဖွဲ့အစည်းများကလည်း တန်ပြန်ဆန္ဒပြပွဲများ ပြုလုပ်ရန် စီစဉ်လျက်ရှိကြသည်။

ယခုအချိန်အထိ သူ့အရေးနိမ့်ပြီဟူ၍ ဝန်ခံခြင်းမရှိသေးသော သမ္မတ ထရမ့်က ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုသေးဘဲ ဥပဒေကြောင်းအရ စိန်ခေါ်မှုများကို ပြုလုပ်လျက်ရှိသော်လည်း ရွေးကောက်ပွဲကြီးတစ်ခုလုံး၏ မဲရလဒ်ကို ပြောင်းလဲသွားစေနိုင်သော ဆိုးရွားလှသည့် မဲမသမာမှုများမရှိပါဟူ၍ ပြည်နယ်အသီးသီး၏ ရွေးကောက်ပွဲတာဝန်ရှိသူများက ပြောကြားကြသည်။ လုပ်ငန်းထုထည်ကြီးမားလှသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီး တစ်ရပ်လုံး ချောချောမွေ့မွေ့ဖြစ်ခဲ့ပြီး ရလဒ်ထုတ်ပြန်ခါနီး အချိန်ရောက်မှ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေရပုံကို ကျွန်ုပ်တွေးတောမိရင်း "ဆင်ပြောင်ကြီး အမြီးတွင်တစ် ဟူတုံလစ်သို့" ဟူ၍ ကျူးရင့်မိပါသတည်း။

**REF:US Election Security Officials reject Trump's fraud claims (BBC)**

ကြေးမုံ
နိုဝင်ဘာ ၁၅၊ ၂၀၂၀

# အမေရိကန်ပြည်နယ်အားလုံး၏ မဲရလဒ်များအရ ဂျိုးဘိုင်ဒင်က သမ္မတဖြစ်ရန် လိုအပ်သည့်ထောက်ခံမဲအရေအတွက်ထက် ပိုမိုရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်ရွေးကောက်ပွဲပြီးနောက် ပြည်နယ်အားလုံး၏ မဲရလဒ်များအရ ဂျိုးဘိုင်ဒင်က သမ္မတဒေါ်နယ်ထရမ့်ထက် ထောက်ခံမဲ ပိုမိုရရှိသည့်အပြင် သမ္မတတစ်ဦးဖြစ်ရန် လိုအပ်သည့်ထောက်ခံမဲအရေအတွက်ထက်ပင် ကျော်လွန်ရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျိုးဘိုင်ဒင်က ဂျော်ဂျီယာပြည်နယ်တွင် ထောက်ခံမဲအသာစီးဖြင့် အနိုင်ရရှိခဲ့ပြီး သမ္မတထရမ့်က မြောက်ကယ်ရိုလိုင်းနားပြည်နယ်တွင် ထောက်ခံမဲအသာစီးရရှိခဲ့ကြောင်း အေဘီစီသတင်းဌာနက ယနေ့သတင်းဖော်ပြသည်။


အမေရိကန်ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အားလုံး၏မဲရလဒ်များအရ ဂျိုးဘိုင်ဒင်က ထောက်ခံမဲ ၃၀၆ မဲရရှိကာ သမ္မတတစ်ဦးဖြစ်ရန် လိုအပ်သည့် ထောက်ခံမဲအရေအတွက် ၂၇၀ ထက်ပင် ကျော်လွန်သွားခဲ့ပြီဖြစ်သည်။ သမ္မတထရမ့်က ထောက်ခံမဲ ၂၃၂ မဲသာ ရရှိခဲ့ကြောင်း သိရသည်။

ထောက်ခံမဲရရှိရန် ခက်ခဲသည့် အဓိကပြည်နယ်များတွင် မဲရေတွက်မှုအပေါ် ကျေနပ်မှုမရှိသည့်အတွက် သမ္မတထရမ့်၏အောင်နိုင်ရေးအဖွဲ့က တရားစွဲဆိုမှုများ လုပ်ဆောင်ခဲ့သည်။

သို့သော် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တွင် မဲရေတွက်မှုနှင့်ပတ်သက်ပြီး တရားစွဲဆိုထားမှုကို သမ္မတထရမ့်၏အောင်နိုင်ရေးအဖွဲ့က မကြာသေးမီရက်များအတွင်း ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

အလားတူ အရီဇိုးနားပြည်နယ်တွင် မဲရေတွက်မှုအပေါ် တရားစွဲဆိုထားမှုကိုလည်း ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ထရမ့်၏အောင်နိုင်ရေးအဖွဲ့က လွန်ခဲ့သော သီတင်းပတ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**






# ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရန် အရှေ့တောင်အာရှနိုင်ငံများအား ကန်ဒေါ်လာ သန်း ၂၀၀ ကျော် ဂျပန် ထောက်ပံ့မည်

**တိုကျို နိုဝင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရန် အရှေ့တောင်အာရှနိုင်ငံများအား အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ယနေ့ ပြောကြားခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီခချန်း၊ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် အရှေ့တောင်အာရှနိုင်ငံခေါင်းဆောင်များ တက်ရောက်သော ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၂၃)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် ဂျပန်ဝန်ကြီးချုပ် ဆူဂါက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ငွေတွင် ဆေးဝါးထောက်ပံ့မှုများ၊ ဆေးဘက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများနှင့် နည်းပညာအထောက်အပံ့များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံအနေဖြင့် ပိုမိုအားကောင်းသည့် စီးပွားရေးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များ တည်ဆောက်ခြင်းနှင့် ဒစ်ဂျစ်တယ်စက်မှုလုပ်ငန်းများ ပြုလုပ်ပေးခြင်းဖြင့် အာဆီယံနိုင်ငံများ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ကူညီထောက်ပံ့မှုများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် လူသားတို့၏ အသက်ရှင်သန်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကူညီထောက်ပံ့ပေးခြင်းသည် အဆိုပါကပ်ရောဂါမှ ကျော်လွှားစေရန် လွန်စွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းနှင့် ဒေသတွင်းရှိ နိုင်ငံများကလည်း အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အကြံပေးပုဂ္ဂိုလ် ဒေါမနစ်ကန်းမင်း ရာထူးမှနုတ်ထွက်

**လန်ဒန် နိုဝင်ဘာ ၁၄**

၂၀၁၆ ခုနှစ်တွင် ဗြိတိန်ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးလှုပ်ရှားမှုအတွက် ဆောင်ရွက်ခဲ့သူ ဒေါမနစ်ကန်းမင်းသည် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အကြံပေးပုဂ္ဂိုလ်အဖြစ်မှ ယမန်နေ့က နုတ်ထွက်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ကုန်ပိုင်းတွင် ရာထူးမှနုတ်ထွက်မည်ဟု ဝေဖန်သူများက ထင်ကြေးများပေးခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

### ရန်လိုသူအဖြစ် ထင်ရှား

ဘရက်ဆစ်အရေး၏ ဗိသုကာတစ်ဦးဖြစ်သူ ဒေါမနစ်ကန်းမင်းသည် ဗြိတိန်၏ ကွန်ဆာဗေးတစ်အစိုးရအဖွဲ့အတွင်း ရန်လိုသူတစ်ဦးအဖြစ် ထင်ရှားသည်။

ဗြိတိန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆိုင်ရာ အသွားအလာကန့်သတ်မှုများ ချမှတ်ထားချိန်တွင် ဒေါမနစ်သည် နိုင်ငံအတွင်း မိုင်ရာပေါင်းများစွာ ကွာဝေးသော ခရီးများကို ကားဖြင့်သွားရောက်ခဲ့ပြီး စည်းမျဉ်းချိုးဖောက်သည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသဖြင့် ၎င်း၏ ဆောင်ရွက်ချက်အပေါ် ဝေဖန်မှုများရှိခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့် အစိုးရ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆောင်ရွက်မှုများအပေါ် ဝေဖန်မှုများ ရှိလာခဲ့သည်။ ဘောရစ်၏ ဦးနှောက်ဟု အမည်တွင်သော ၎င်းအား ကွန်ဆာဗေးတစ်ပါတီ၏ ထိပ်တန်းအဖွဲ့ဝင်များက ဝေဖန်ခဲ့ပြီး ၎င်းရာထူးမှ နုတ်ထွက်သွားခြင်းသည် ဘောရစ်ဂျွန်ဆင်အတွက် အစိုးရ၏ လုပ်ငန်းများအား ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ရန် အခွင့်အရေးတစ်ခုဖြစ်လာသည်ဟု ကွန်ဆာဗေးတစ်ဥပဒေပြုကိုယ်စားလှယ်များ၏ ကော်မတီအကြီးအကဲ ဘားနက်ဖရန်ကလင်းက ပြောကြားသည်။ ဒေါမနစ်ကန်းမင်းသည် ဘောရစ်ဂျွန်ဆင်အား ဆိုးရွားသော အကြံများပေးခဲ့သည်ဟုလည်း ဝေဖန်မှုများရှိခဲ့သည်။

ဇန်နဝါရီလအတွင်းက ၎င်းတင်သော ဘလော့ပို့စ်တစ်ခုတွင် ဒေါမနစ်ကန်းမင်းက နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းကျွမ်းကျင်မှုများ လိုအပ်နေကြောင်း ဝေဖန်ပြောဆိုခဲ့ပြီး အစိုးရအနေဖြင့် အပြောင်းအလဲများ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအနေဖြင့် ဘရက်ဆစ်အရေး အပါအဝင် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးရေး ဆောင်ရွက်ချက်များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**





# အငြင်းပွား ကက်ရှ်မီးယားဒေသ၌ ပါကစ္စတန်နှင့် အိန္ဒိယတပ်ဖွဲ့များ အပြန်အလှန် ပစ်ခတ်မှုများကြောင့် ၁၃ ဦး သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၄**

အငြင်းပွား ကက်ရှ်မီးယားဒေသ၌ ပြင်းထန်သော ပစ်ခတ်မှုများကြောင့် ၁၃ ဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့က ပြောကြားသည်။

နျူကလီးယားလက်နက်ပိုင် တောင်အာရှနှစ်နိုင်ငံက ဟိမဝန္တာဒေသရှိ အိန္ဒိယနှင့် ပါကစ္စတန်ထိန်းချုပ် ကက်ရှ်မီးယားဒေသနှစ်ခုကို ပိုင်းခြားထားသော ထိန်းချုပ်မျဉ်း (LoC) တွင် ပစ်ခတ်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ ထိန်းချုပ်မျဉ်းတစ်လျှောက်ရှိ တပ်စခန်းနှင့် လူနေဒေသများအပေါ် အိန္ဒိယတပ်ဖွဲ့များက အမြောက်ကြီးများ၊ မော်တာများ ပစ်ခတ်ခဲ့ကြောင်း ပါကစ္စတန်တပ်မတော်၏ ထုတ်ပြန်ချက်က ဆိုသည်။

ထိုသို့ ပစ်ခတ်မှုများကြောင့် တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားလေးဦး သေဆုံးခဲ့ပြီး အရပ်သား ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယတပ်မတော်၏ ထုတ်ပြန်ချက်က ဆိုသည်။ သို့သော် ပါကစ္စတန်တပ်မတော်၏ ထုတ်ပြန်ချက်အရ အိန္ဒိယစစ်သားလေးဦးနှင့် အရပ်သားလေးဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ခါးသီးသော ပြိုင်ဘက်များဖြစ်သည့် အိန္ဒိယနှင့် ပါကစ္စတန်ကြား ကက်ရှ်မီးယားအရေးနှင့်ပတ်သက်၍ မကြာသေးမီက တင်းမာမှုများ မြင့်တက်လာခဲ့ပြီး မကြာခဏဆိုသလို စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့သည်။

**ကိုးကား-ဗွီအိုအေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁ ဒသမ ၃ သန်းကျော်ရှိလာ



**ပါရီ နိုဝင်ဘာ ၁၄**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁ ဒသမ ၃ သန်းကျော်ရှိလာကြောင်း အေအက်ဖ်ပီ သတင်းဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၃၃၈၀၄၄၂ ဦးရှိပြီး ၎င်းတို့အနက် ၁၃၀၃၇၈၃ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သော လူနာ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်သော လူနာများကိုသာ စမ်းသပ်စစ်ဆေးသည့်အတွက် တရားဝင် ကိန်းဂဏန်းများသည် အမှန်တကယ် ရောဂါကူးစက်ခံရသူနှင့် သေဆုံးသူတို့၏ တစ်စိတ်တစ်ပိုင်းကိုသာ ထင်ဟပ်စေဖွယ်ရှိကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

ယခုအခါ ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ ရောဂါ ကူးစက်ခံရသူဦးရေနှင့် သေဆုံးသူဦးရေလည်း ဆက်လက်မြင့်တက်လာလျက်ရှိသည်။

လက်ရှိအချိန်အထိ အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၄၃၄၅ ဦးရှိလာပြီး ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးဖြစ်လာခဲ့သည်။ ထို့အတူ ဘရာဇီး၌ ၁၆၄၇၃၇ ဦး၊ အိန္ဒိယ၌ ၁၂၈၁၈၈ ဦး၊ မက္ကဆီကို၌ ၉၇၆၂၄ ဦးနှင့် ဗြိတိန်၌ ၅၁၃၀၄ ဦး အသီးသီး သေဆုံးခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်

**နယူးယောက် နိုဝင်ဘာ ၁၄**

အမေရိကန်နိုင်ငံ၏ ပြည်နယ်များဖြစ်သော အော်ရီဂွန်နှင့် နယူးမက္ကဆီကိုပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ များပြားလာသဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို တင်းတင်းကျပ်ကျပ် ချမှတ်ခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများက လူထုအား အရေးမကြီးသော စီးပွားရေးဆောင်ရွက်ချက်များနှင့် လူစုလူဝေးများ မပြုလုပ်ရန် တားမြစ်ထားသည်။ ကာလီဖိုးနီးယားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သန်းအထိရှိခဲ့ကြောင်း၊ လွန်ခဲ့သောရက်များအတွင်း တစ်ရက်လျှင် ရောဂါကူးစက်သူ တစ်သိန်းကျော်ရှိခဲ့ပြီး ဆေးရုံတက်ရောက်ကုသသူ ၆၇၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

သမ္မတထရမ့်၏ အစိုးရအဖွဲ့က အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကုထုံးနှစ်မျိုးကို လာမည့်သီတင်းပတ်များအတွင်း အတည်ပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ အစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေး ဆောင်ရွက်မှု၏ အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာ မွန်းဆက်စလိုင်ရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၂၀ ကို လာမည့် ဒီဇင်ဘာလတွင် ဖြန့်ဖြူးပေးသွားနိုင်မည်ဟု ပြောကြားသည်။

ထရမ့်က မိမိအနေဖြင့် အမေရိကန်နိုင်ငံတွင် အသွားအလာကန့်သတ်မှုများ ပြန်လည်ချမှတ်ရန် မလိုလားကြောင်း ပြောကြားသည်။ အော်ရီဂွန်ပြည်နယ်အုပ်ချုပ်ရေးမှူး ကိတ်ဘရောင်းက နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အတွင်း ပြည်နယ်အတွင်းရှိ အားကစားခန်းမများနှင့် အပန်းဖြေကစားကွင်းများအား ပိတ်ထားရန်ညွှန်ကြားခဲ့သည်။

"ကျွန်တော့်အနေနဲ့ကတော့ ပြည်နယ်အတွင်းက လူတွေကို လူစုလူဝေးမပြုလုပ်ဖို့ တားမြစ်ချင်ပါတယ်"ဟု ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် နယူးမက္ကဆီကိုပြည်နယ်တွင်လည်း စတိုးဆိုင်များ၊ ကျန်းမာရေး စောင့်ရှောက်မှုစင်တာများနှင့် ဘဏ်များကို သီတင်းနှစ်ပတ်ကြာ ပိတ်ထားရန် ညွှန်ကြားခဲ့သည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - စိုးသူရ**

# ဂရိ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် စာသင်ကျောင်းအားလုံး ပိတ်ပင်

**အေသင် နိုဝင်ဘာ ၁၄**

ဂရိအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မြင့်မားလာသောကြောင့် မူလတန်းကျောင်းများ၊ သူငယ်တန်းကျောင်းများနှင့် နေ့ကလေးထိန်းကျောင်းအားလုံးကို ပိတ်ပင်ရန် ယနေ့ ကြေညာလိုက်သည်။

အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် စာသင်ကျောင်းများ၏ လုပ်ငန်းလည်ပတ်မှုကို နိုဝင်ဘာ ၃၀ ရက်အထိ ဆိုင်းငံ့ထားရန် ဆုံးဖြတ်လိုက်ကြောင်း ကျန်းမာရေးဝန်ကြီး ဗာဆီလစ်ကီကီလီးယားစ်မှ ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဂရိအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် အလယ်တန်းကျောင်းများကို နိုဝင်ဘာ ၉ ရက်ကတည်းက ပိတ်ခဲ့ပြီး သင်ခန်းစာအားလုံးကို အွန်လိုင်းမှတစ်ဆင့် သင်ကြားပို့ချလျက်ရှိသည်။ ဥရောပနိုင်ငံအများစုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းနှင့် ယခုနှစ် စက်တင်ဘာလက ရင်ဆိုင်ကြုံတွေ့လာစဉ် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ကြသည်။

ဂရိနိုင်ငံ၌ အောက်တိုဘာလကတည်းက တချို့သောရက်များတွင် ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ်သေဆုံးသူ ၅၀ ခန့်ရှိလာခြင်းနှင့်အတူ သေဆုံးမှုနှုန်း လေးဆမြင့်တက်လာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းလည်း နေ့စဉ် ၃၀၀၀ ခန့် ရောဂါကူးစက်ခံရခြင်းနှင့်အတူ နှစ်ဆခန့်မြင့်တက်လာခဲ့သည်။

ဂရိအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ယခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၃၀ ရက်အထိ အသွားအလာကန့်သတ်မှု ဒုတိယအကြိမ် ချမှတ်လိုက်သည်။ ထို့အတူ အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် နိုဝင်ဘာ ၁၃ ရက်မှစ၍ နေ့စဉ် ည ၉ နာရီမှ နောက်နေ့နံနက် ၅ နာရီအထိ ညမထွက်ရ အမိန့်ကိုလည်း ထုတ်ပြန်ကြေညာလိုက်သည်။

လူဦးရေ ၁၉ သန်းခန့်ရှိသော ဂရိနိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီလက ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် စတင်ရင်ဆိုင်ကြုံတွေ့ခဲ့ပြီး ထိုအချိန်ကတည်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၉၆၇၅ ဦးရှိလာပြီး ၎င်းတို့အနက် ၉၉၇ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၃၈၈၁၃၂၉ ဦး |
| သေဆုံးသူ | ၁၃၀၁၉၃၄ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၇၆၂၁၀၂၇ ဦး |

# ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ရော်ဘာထုတ်လုပ်မှု တန်ချိန် ၄ ဒသမ ၉ သန်း ရှိမည်ဟု မျှော်မှန်းထား

**ဗန်ကောက် နိုဝင်ဘာ ၁၄**

ယခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် ရော်ဘာထုတ်လုပ်နိုင်မှု ပမာဏသည် တန်ချိန် ၄ ဒသမ ၉ သန်းအထိ ထုတ်လုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ထိုင်းရော်ဘာအာဏာပိုင်အဖွဲ့ (အန်အာရ်အေ)မှ အုပ်ချုပ်ရေးမှူး နာခွန်တန်ဂါဗီယာပတ်က နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ယခုနှစ်အတွင်း ထုတ်လုပ်ရန်ခန့်မှန်းထားသည့် ရော်ဘာတန်ချိန် ၄ ဒသမ ၄၈ သန်းကို တရုတ်နှင့် ဗြိတိန်နိုင်ငံများအပါအဝင် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရန် ရည်ရွယ်ထားသည်ဟု ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံ၏ ယခုနှစ်အတွင်း ရော်ဘာပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂ ဘီလီယံထိ ရရှိမည်ဟု ခန့်မှန်းရသည်။

တရုတ်ရော်ဘာဈေးကွက်တွင် ကားတာယာထုတ်လုပ်မှု မြင့်တက်လာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကိုရိုနာကပ်ဘေးရောဂါကြောင့် လက်အိတ်များဝယ်လိုအား မြင့်တက်နေခြင်းနှင့် အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရော်ဘာထုတ်လုပ်မှု လျော့ချခြင်းတို့ကြောင့် ယခုနှစ်ကုန်ပိုင်းတွင် ပြည်တွင်းဈေးကွက်၌ ရော်ဘာ တစ်ကီလိုဂရမ်လျှင် ဘတ် ၈၀ (၂ ဒသမ ၆၅ အမေရိကန်ဒေါ်လာ) အထိ မြင့်တက်လာနိုင်မည်ဟု ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံ၏ လက်ရှိဈေးကွက်တွင် ရော်ဘာတစ်ကီလိုလျှင် ပျမ်းမျှ ၆၆ ဒသမ ၇၆ ဘတ် (အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၁)ဖြင့် ရောင်းချလျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဇော်ဝင်း**

■

# ဟိုပုံးမြို့နယ်၌ ငွေကျပ် သိန်း ၈၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဟိုပုံးမြို့နယ် ဟိုတင့်ကျေးရွာအနီး ယာဉ်များအား ရပ်တန့်ရှာဖွေရာ ငွေကျပ် သိန်း ၈၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် လွိုင်လင်မြို့ အထွက် လွိုင်လင်-တောင်ကြီးသွားကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် လွိုင်လင်မှ တောင်ကြီးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးမှာ ရှာဖွေစစ်ဆေးသည့်နေရာသို့ မရောက်မီ ရပ်တန့်သွားသည်ကို တွေ့ရှိသဖြင့် သွားရောက်စစ်ဆေးမည်ပြုစဉ် Revo အမျိုးအစားယာဉ်နှင့် Ford အမျိုးအစားယာဉ်တို့ ထပ်မံရောက်ရှိလာပြီး အဆိုပါယာဉ်သုံးစီးမှာ ဟိုတင့်ကျေးရွာအတွင်းသို့ မောင်းနှင်ထွက်ပြေးသွားသည်။

အဆိုပါယာဉ်များအား ဖမ်းဆီးရမိရေးအတွက် အဖွဲ့များခွဲ၍ ဆောင်ရွက်ခဲ့ရာ ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် ဟိုပုံးမြို့အဝင် ဆီဆိုင်အနီး၌ ရှေ့ပြေးယာဉ်ဖြစ်သော စိုင်းဝမ်းလျှန်း မောင်းနှင်ပြီး စိုင်းဆန်ကို လိုက်ပါလာသည့် Platana အမျိုးအစား ခဲရောင်ယာဉ်အား စတင်ဖမ်းဆီးရမိသည်။

ထို့နောက် ည ၇ နာရီခွဲခန့်တွင် လွိုင်လင်-တောင်ကြီးသွားကားလမ်း မိုင်တိုင်(၁၀၁/၀)အနီးတွင် Ford အမျိုးအစားယာဉ်အား ပိတ်ဆို့တားဆီးစဉ် နောက်ပြန်လှည့် မောင်းပြေးသဖြင့် သတိပေးပစ်ခတ်သော်လည်း ယာဉ်မှာ လမ်းဘေးလျှိုအတွင်း ထိုးကျသွားပြီး ယာဉ်ပေါ်ပါသူနှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ အဆိုပါယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း။

တစ်ချိန်တည်းမှာပင် ဟိုပုံးမြို့အဝင် ရေထွက်အနီး၌ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မနန်းဆိုင်ထွေးနှင့် ၎င်း၏ခင်ပွန်း မောင်သန်း(ခ) ကျော်ခင်တို့အား Revo အမျိုးအစားယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးချက်များအရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသည့် ယာဉ်ပေါ်မှ ထွက်ပြေးသွားသူ နှစ်ဦးမှာ စိုင်းယဉ်နှင့် စိုင်းနော်ခမ်းတို့ဖြစ်ကြောင်း သိရှိရသဖြင့် မနန်းဆိုင်ထွေး၊ မောင်သန်း(ခ)ကျော်ခင်၊ စိုင်းဝမ်းလျှန်း၊ စိုင်းဆန်ကို(ခ) စိုင်းကွမ်ခေး၊ စိုင်းယဉ်(တိမ်းရှောင်)နှင့် စိုင်းနော်ခမ်း(တိမ်းရှောင်)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ဆက်စပ်ပတ်သက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နန်းဆိုင်ထွေး(မ)၊ မောင်သန်း(ခ)ကျော်ခင်၊ စိုင်းဆန်ကို(ခ)စိုင်းကွမ်ခေးနှင့် စိုင်းဝမ်းလျှန်း(ဝဲမှယာ) တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။







# သံဖြူဇရပ်မြို့နယ် ကျေးရွာ ၁၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည်


**နေပြည်တော် နိုဝင်ဘာ ၁၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဖွံ့ဖြိုးမှုနည်းသည့် ကျေးရွာ ၁၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေး စီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သံဖြူဇရပ်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေးစီမံကိန်း ကျေးရွာ ၁၀ ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ တစ်ရွာတို့အား လာမည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာများ ရွေးချယ်ခြင်းကို မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၁၁ ရက်တွင် အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအား ကျေးလက်နေပြည်သူများ ကိုယ်တိုင်ပါဝင်ကာ နိုင်ငံတော်ထောက်ပံ့ငွေ၊ ကျေးရွာထည့်ဝင်ငွေများဖြင့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်း၊ စိမ့်စမ်းရေသွယ်ခြင်းနှင့် ကျေးရွာအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာကော်မတီဝင်များ ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနယ်မြေအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅၈ ဒသမ ၃၄၂ သန်းဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သည့် မိုးနဲ-ကင်တုံ-ဆိုက်ဖယ်-လုံစံစေတီလမ်း(၆/၀)မိုင်အနက် ဆိုက်ဖယ်ရွာသစ်မှ လုံစံစေတီအထိ ကျန်ရှိသည့် (၂/၀)မိုင် ကျောက်ခင်းခြင်းနှင့် အဆိုပါလမ်းပေါ်တွင် ငါးပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက ပြောသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပြီး ဒေသခံကျေးရွာငါးရွာ၊ အိမ်ခြေ ၃၂၉ အိမ်နှင့်လူဦးရေ ၁၃၁၆ ဦးတို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အသီးအပွင့်များကို ရရှိခံစားနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကြည်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၇၃၅ သန်းတန်ဖိုးရှိ ခြံကြီးကျောင်းကွေ့အနီးတွင် စုပုံထားသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ဆေးဝါး ၂၆ မျိုး Trunature CoQ10 (100 mg) 270 U၊ Nature’s Bounty D3 (125 mcg) 150 U၊ Califorina Gold Nutrition Vitamin D3 (125 mcg) 25 U၊ Nature’s Bounty Zinc (50 mg) 30 U၊ Nature’s Bounty Fish Oil (1400 mg) 10 U၊ Nature Made Magnesium Citrate (250 mg) 10 U၊ Nature Made Magnesium (400 mg) 6 U၊ Kirkland C (500 mg) 94 U၊ Kirkland C (1000 mg) 78 U၊ Kirkland Fish Oil (1000 mg) 35 U၊ Smart Pants Multivitamin Omega 3 Fish Oil Vitamin D3 and Choline 15 U၊ Kirkland D3 (50 mcg)၊ Healthy Origins Vitamin D3 (125 mcg) 20 U၊ Centrum Silver 35 U၊ L’il Critters 25 U၊ Kirkland E (180 mg) 20 U၊ Qunal Mega CoQ10 Ubiquinol (100 mg) 40U၊ One A Day Women’s 10 U၊ Life Extension CoQ10 (100 mg) 15 U၊ Now Zinc (50 mg) 30 U၊ Source Naturals၊ Magnesium Ascorbate (1000 mg) non – acid Vitamin C 20 U၊ Vita Fusion Vitamin D3 (75 mcg) 15 U၊ Focus Factor 5 U၊ Puritan’s Pride Probiotic 10 (200 mg) (1x120) 15 U၊ Puritan's Prede Probiotic 10 (200 mg) (1x240) 15 U နှင့် Liposomal Vitamin C (1200) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ခွေးတို့၏ အနံ့ခံစွမ်းရည်ကို အသုံးချပြီး ကိုဗစ် – ၁၉ အတည်ပြုလူနာများကို ရှာဖွေစစ်ဆေးခြင်း

ဒေါက်တာခင်စန်းမော်

ယခုအခါ ကမ္ဘာပေါ်တွင် ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ရောဂါကူးစက်ခံရသော အတည်ပြုလူနာပေါင်း ၅၃ သန်းကျော်ရှိလာပြီး သေဆုံးသူမှာ ၁ ဒသမ ၃ သန်းကျော် ရှိနေပါပြီ။

ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများတွင် ကပ်ရောဂါ ပထမလှိုင်းကို အလူးအလဲ ခံခဲ့ကြရပြီး အချို့နိုင်ငံများက ပထမလှိုင်းကို ထိန်းချုပ်နိုင်သလိုရှိနေရာမှ ဒုတိယလှိုင်းဒဏ်ကို ပြင်းပြင်းထန်ထန် ကြုံတွေ့နေကြရသည်လည်း ရှိသည်။

အမေရိကန်ပြည်ထောင်စုအတွင်း နေ့စဉ်ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုသည် ဆက်လက်အရှိန်မြင့်လျက်ရှိရာ အစိုးရအနေဖြင့် ပြည်တွင်း၌ ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကြိုးပမ်းတော့မည်မဟုတ်ကြောင်း အိမ်ဖြူတော်အကြီးအကဲချုပ်က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကူးစက်ပျံ့နှံ့မှု ဒုတိယအများဆုံးနေရာတွင် ရောက်နေပါသည်။ ဥရောပနိုင်ငံများတွင်လည်း ဒုတိယလှိုင်း ဆိုးရွားလာမှုကြောင့် အသွားအလာထိန်းချုပ်ကန့်သတ်မှုများ ပြန်လည်လုပ်ဆောင်လာကြရသည်။ အချို့နိုင်ငံများတွင် အတည်ပြုလူနာများနှင့် ထိတွေ့မှုရှိသော်လည်း ရောဂါလက္ခဏာ မပြသူများအား ရောဂါရှိ၊ မရှိ စစ်ဆေးပေးတော့မည်မဟုတ်ဟုပင် ကြေညာလိုက်ကြသည်။

### မနေမနား လုပ်ဆောင်နေကြ

ကပ်ရောဂါကြီး စတင်ဖြစ်ပွားကတည်းက ကျန်းမာရေးဝန်ထမ်းများက ရှေ့တန်းမှ နေ့မအား၊ ညမအား တာဝန်ယူ ကြိုးပမ်းကုသပေးနေသလို ဆေးပညာရှင်များ၊ သုတေသနပညာရှင်များကလည်း ရောဂါဖြစ်ပွားစေသော ဗိုင်းရပ်စ်၏ သဘောသဘာဝ၊ မျိုးရိုးဗီဇပြောင်းလဲမှု ရှိမရှိ၊ ရောဂါကူးစက်နိုင်သည့် နည်းလမ်းများ၊ လူကို ကူးစက်သောအခါ ဖြစ်ပေါ်လာမည့် ရောဂါလက္ခဏာများ၊ လူ့ခန္ဓာကိုယ်ထဲမှ ကိုယ်တွင်းအင်္ဂါများအပေါ် တိုက်ခိုက်နိုင်မှု၊ ရောဂါကျရောက်နိုင်စွမ်း၊ ရောဂါ မကူးစက်အောင် ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများ၊ ရောဂါပိုးရှိမရှိ စမ်းသပ်စစ်ဆေးနိုင်မည့် နည်းလမ်းများ၊ တိရစ္ဆာန်များမှ တစ်ဆင့် စတင်ဖြစ်ပွား ကူးစက်လာသည်ဟု လက်ခံထားသောကြောင့် ရောဂါဖြစ်ပွားနေသောလူများမှ တိရစ္ဆာန်များကို ပြန်လည်ကူးစက်ခြင်း ရှိမရှိ၊ တိရစ္ဆာန်များမှ လူကို ထပ်မံကူးစက်နိုင်ခြင်း ရှိ၊ မရှိ၊ SARS–CoV–2 ဗိုင်းရပ်စ်ရောဂါကို ကုသနိုင်မည့်ဆေးဝါး တီထွင်ခြင်း၊ ကာကွယ်နိုင်မည့် ကာကွယ်ဆေးများ စမ်းသပ်တီထွင်ကြံဆခြင်း စသည်တို့ကို မနေမနား လုပ်ဆောင်နေကြပါသည်။

ရှာဖွေတွေ့ရှိချက်များကိုလည်း တစ်ကမ္ဘာလုံး အချိန်နှင့်တစ်ပြေးညီ သိရှိခွင့်ရအောင် ထုတ်ပြန်ကြေညာပေးနေပါသည်။ ရောဂါရှာဖွေစမ်းသပ်မှုသည် လူ၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့ကိုယူပြီး ရောဂါပိုးရှိ၊ မရှိ ဓာတ်ခွဲခန်းများတွင် PCR ဖြင့် စမ်းသပ်စစ်ဆေးပေးခြင်း ဖြစ်သည်။ ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ရောဂါကာကွယ် ထိန်းချုပ်ရေးစင်တာ(CDC) ၏ ဓာတ်ခွဲခန်းများက ကိုဗစ် – ၁၉ ကို လျင်မြန်စွာ စမ်းသပ်စစ်ဆေးပြီး အဖြေသိနိုင်သော Rapid test kit များအား တီထွင်ထုတ်လုပ်ခဲ့ပါသည်။ ထို Test kit ၏ အမည်မှာ CDC 2019 Novel Coronavirus (2019–nCoV) Real–Time Reverse Transcriptase (RT)–PCR Diagnostic Panel ဖြစ်ပါသည်။

တစ်ကမ္ဘာလုံး ကြုံတွေ့နေရသော ကပ်ရောဂါအရေးမှာ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ခွေးလေ့ကျင့်ရာတွင် အလွန်ထူးချွန်ကျွမ်းကျင်လှသော ပညာရှင်များ၊ သုတေသနပညာရှင်တို့၏ ပါဝင်ဆောင်ရွက်မှုများကို တင်ပြလိုပါသည်။ လူသားတို့တွင် အချို့ရောဂါများ ကျရောက်သောအခါ မကျန်းမာသည့် လူ့ခန္ဓာကိုယ်မှ ထူးခြားသော အနံ့အသက်များ ထွက်လာတတ်သည်ကို သိပ္ပံပညာရှင်များ သိရှိခဲ့သည်မှာ ကာလအတန်ကြာမြင့်ခဲ့ပါပြီ။ ကွဲပြားခြားနားသော ရောဂါပိုးအမျိုးမျိုးတို့သည် မတူညီသော နည်းလမ်းအမျိုးမျိုးဖြင့် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းအမျိုးမျိုးတို့ကို ရောဂါကျရောက်စေသောအခါ ထူးခြားသော ပေါင်းစပ်ပြောင်းလဲမှုများကြောင့် ထွက်ပေါ်လာသည့် သီးသီးသန့်သန့်အနံ့များဖြစ်နေကြသည်။ လေထုထဲတွင် ပျံ့လာသော ထိုအနံ့များကို ခွေးများက သိသာထင်ရှားစွာ ခွဲခြားသိရှိနိုင်ကြပြီး ယင်းသည် ခွေးတို့၏ ကျွမ်းကျင်ပြောင်မြောက်သော အနံ့ခံစွမ်းရည်ကြောင့်ပင်ဖြစ်သည်။

**ကွဲပြားခြားနားသော ရောဂါပိုးအမျိုးမျိုးတို့သည် မတူညီသော နည်းလမ်းအမျိုးမျိုးဖြင့် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းအမျိုးမျိုးတို့ကို ရောဂါကျရောက်စေသောအခါ ထူးခြားသော ပေါင်းစပ်ပြောင်းလဲမှုများကြောင့် ထွက်ပေါ်လာသည့် သီးသီးသန့်သန့်အနံ့များဖြစ်နေကြသည်။ လေထုထဲတွင် ပျံ့လာသော ထိုအနံ့များကို ခွေးများက သိသာထင်ရှားစွာ ခွဲခြားသိရှိနိုင်ကြပြီး ယင်းသည် ခွေးတို့၏ကျွမ်းကျင်ပြောင်မြောက်သော အနံ့ခံစွမ်းရည်ကြောင့်ပင်ဖြစ်။**

ထို့ကြောင့် ငှက်ဖျားရောဂါဝေဒနာရှင်များ၊ အချို့ကူးစက်ဗက်တီးရီးယားရောဂါရှင်များ၊ အချို့ကင်ဆာရောဂါလူနာများကို အနံ့ခံရုံဖြင့် ခွေးများက သိရှိနိုင်ကြသည်။ သိပ္ပံပညာရှင်များက ခွေးတို့၏ အနံ့ခံစွမ်းရည်သည် လူတို့ထက် အဆပေါင်း ၁၀၀၀၀ ထက်မက ပိုမိုကောင်းမွန်သောကြောင့် ကိုဗစ်–၁၉ ရောဂါပိုး သယ်ဆောင်ထားသူများကို ခွဲခြားစိစစ်ရာတွင် ပါဝင်ကူညီလိုခြင်း ဖြစ်ပါသည်။

UK နိုင်ငံရှိ အစိုးရ အထောက်အပံ့ဖြင့် ပြုလုပ်သော လေ့လာမှုတစ်ခုတွင် ကိုဗစ်– ၁၉ ရောဂါရှိသူများကို ခွေးများ၏အနံ့ခံမှုဖြင့် စစ်ဆေးခဲ့သည်။ သုတေသနလေ့လာမှု၏ ရည်ရွယ်ချက်မှာ ကိုရိုနာဗိုင်းရပ်စ်ကို အနံ့ခံနိုင်သည့်ခွေးများဖြစ်အောင် လေ့ကျင့်ပေးရန်၊ ကျောင်းများ၊ လေဆိပ်များနှင့် အခြားလူထူထပ်သောနေရာများတွင် ခွေး၏ အနံ့ခံစွမ်းရည်ကို အသုံးချပြီး ကိုဗစ်–၁၉ ရောဂါပိုးရှိသူ၊ သယ်ဆောင်ထားသူတို့ကို ရှာဖွေဖော်ထုတ်ပေးရန် ဖြစ်သည်။

ထိုလေ့လာမှုမျိုးကိုပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ်မှာလည်း ပြုလုပ်နေကြသည်။ ထိုသုတေသနများသည် ခွေး၏ အနံ့ခံစွမ်းရည်ထူးချွန်ထက်မြက်မှုအား သက်သေပြရုံသက်သက်မဟုတ်ဘဲ ကပ်ရောဂါကာလအတွင်း လက်တွေ့အသုံးချနိုင်ရန် လုပ်ဆောင်နေခြင်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ပြင်သစ်နိုင်ငံရှိ သုတေသနအဖွဲ့တစ်ခုသည် PCR test (ယခုအချိန်မှာ အကောင်းဆုံး စမ်းသပ်စစ်ဆေးမှု)နှင့် စစ်ဆေးထားသော ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာအနည်းငယ်တို့၏ ချွေးမှထွက်သော ချွေးနံ့နမူနာများအား ခွေးများက အနံ့ခံရုံမျှဖြင့် အတည်ပြုလူနာဖြစ်သည်ကို တိကျမှန်ကန်စွာ ဖော်ထုတ်နိုင်ကြောင်း တွေ့ရှိခဲ့ပါသည်။ (ဤ စမ်းသပ်ချက်တွင် ခွေးက အတည်ပြုလူနာများ၏ချိုင်းကိုနမ်းပြီး ရှူကြည့်ခြင်း မဟုတ်ပါ)။

### မှန်ကန်တိကျမှုနှုန်းလည်း မြင့်မား

၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဂျာမနီနိုင်ငံရှိ Hanover တိရစ္ဆာန်ဆေးပညာတက္ကသိုလ်မှ သုတေသနပညာရှင်များက ရှေ့ပြေးစမ်းသပ်ချက်တစ်ခုကို ထုတ်ပြန်တင်ပြခဲ့ရာ အနံ့ခံခွေးများကို အချိန်တစ်ပတ်ခန့်ကြာအောင် လေ့ကျင့်ပေးရုံမျှဖြင့် ကိုဗစ် – ၁၉ အတည်ပြုလူနာများနှင့် ကျန်းမာသောသူများကို ခွဲခြားစိစစ်နိုင်ပြီး မှန်ကန်တိကျမှုနှုန်းလည်း မြင့်မားသည်ဟု ဆိုပါသည်။

ရောဂါအတည်ပြုလူနာများ၏ တံတွေးနှင့် ချွဲနမူနာပစ္စည်းများကို အနံ့ခံရုံမျှဖြင့် အတည်ပြုလူနာ ခွဲခြားမှန်ကန်မှု ၈၃ ရာခိုင်နှုန်း၊ ကျန်းမာပြီး ရောဂါပိုးမရှိသူများကို ခွဲခြားနိုင်စွမ်း ၉၆ ရာခိုင်နှုန်း ရှိခဲ့သည်။ ခွေးများနှင့် အနံ့ခံစမ်းသပ်ရာတွင် အာခေါင်တို့ဖတ်မလိုဘဲ စက္ကန့်အနည်းငယ်သာ ကြာမြင့်သည်ဟု ဆိုပါသည်။

Hanover တိရစ္ဆာန်ဆေးကုတက္ကသိုလ်မှ Small Animal ခွဲစိတ် ဆေးကုပညာဌာနမှူး ဒေါက်တာ Holger Volk က “ခွေးတွေအတွက်တော့ ဒါဟာ ပျော်စရာ ကစားနည်းတစ်ခုပါပဲ”ဟု ဆိုပါသည်။ အတန်းတစ်တန်းတွင် အနံ့ခံနိုင်သည့် ကလိုင်ပေါက် ခုနစ်ခုထားပြီး ထိုအပေါက်များထဲတွင် နမူနာပစ္စည်းတစ်ခုစီကို ထည့်ထားသည်။ ကိုဗစ်–၁၉ အတည်ပြုလူနာ၏ နမူနာပစ္စည်းကို ခွေးက မှန်ကန်စွာ ရွေးချယ်နိုင်ပါက အရုပ် သို့မဟုတ် မုန့်ကို ဆုအဖြစ် အလိုအလျောက်ရရှိစေသော လေ့ကျင့်မှုဖြစ်သည်။ “ဒါဟာခွေးအတွက် ပျော်စရာအတွေ့အကြုံဖြစ်နေလို့ ခပ်မြန်မြန် တတ်လွယ်တာပဲ” ဟု Volk က ဆက်လက်ပြောသည်။

### အကြောင်းအရာများစွာ ရှိနေ

သို့ရာတွင် ကိုဗစ် – ၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်ရှာဖွေသည့် ခွေး၏ အနံ့ခံစွမ်းရည်ထဲတွင် သေသေချာချာ မသိနိုင်သေးသည့် အကြောင်းအရာများစွာ ရှိနေပါသေးသည်။ ဥပမာပြရလျှင် ကိုရိုနာဗိုင်းရပ်စ် ရှိနေသည့်လူ၏ အနံ့က ခွေး၏ အနံ့ခံအာရုံထဲမှာ မည်မျှလောက် သိသာထင်ရှားသလဲဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပါ။ ကိုရိုနာဗိုင်းရပ်စ်၏အနံ့ကို လေ့ကျင့်ထားသောခွေးက အလွန်အာရုံခံစားသိလွယ်လျှင် လေဆိပ်မှာ ဖောက်ခွဲရေးပစ္စည်းများကို အနံ့ခံရှာဖွေသည့် ခွေးများကဲ့သို့ ခွေးကို ကိုင်တွယ်ထိန်းကျောင်းသူနှင့်အတူ တန်းစီနေသော လူတန်းများအကြား ဖြတ်လျှောက်သွားရင်း လူများ၊ ဝန်စည်စလယ်များ၊ အရာဝတ္ထုများကို အနံ့ခံစစ်ဆေးခိုင်းနိုင်သည်။ ထိုသို့မဟုတ်ပါက တစ်ကြိမ်မှာ လူတစ်ယောက်ကိုသာ အနံ့ခံစစ်ဆေးနိုင်ပေလိမ့်မည်။

နောက်ထပ် မသိနိုင်သေးသည့်အချက်မှာ ကိုဗစ် – ၁၉ ဗိုင်းရပ်စ်ကို ခွေးက အနံ့ခံသိရှိနိုင်ဖို့ အတည်ပြုလူနာ၏ ရောဂါအခြေအနေက မည်သည့်အတိုင်းအတာအထိ ဖြစ်ပွားနေရမလဲဆိုသည့်အချက် ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂျာမန်တို့၏ သုတေသနလုပ်ငန်းတွင် နမူနာပစ္စည်းယူသည့် ကိုဗစ်–၁၉ အတည်ပြုလူနာများသည် ဆေးရုံပေါ်မှလူနာများဖြစ်ကြပြီး အခြား ကိုဗစ်–၁၉ လူနာများထက် ရောဂါလက္ခဏာပိုမိုဆိုးရွားသူတို့ ဖြစ်ကြသည်။ ရောဂါလက္ခဏာ မပြသူအတည်ပြုလူနာများက ၄၀ ရာခိုင်နှုန်းသာ ပါနေသည်။ UK နိုင်ငံရှိ Durham University မှ အင်းဆက်ပိုးမွှားဗေဒပညာရှင် Steve Lindsay က ကိုဗစ် – ၁၉ အနံ့ခံခွေးများကို လေ့ကျင့်ပေးခြင်းနှင့်ပတ်သက်ပြီး “ကျွန်တော်တို့ရဲ့ ခွေးတွေကို အထူးလေ့ကျင့်သင်ကြားပေးနေတာက ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးသယ်ဆောင်ထားသူတွေကို ရှာဖွေဖော်ထုတ်ဖို့ပါပဲ” ဟု ပြောကြားသည်။

တိရစ္ဆာန် ဆေးကုပညာရှင်များ၊ ခွေးလေ့ကျင့်ရာတွင် ကျွမ်းကျင်သူ ပညာရှင်များသည် ကမ္ဘာ့ကပ်ရောဂါကြီးကို ရင်ဆိုင်ရာတွင် ခွေးများ၏ အနံ့ခံစွမ်းရည်ကို အသုံးပြုပြီး တစ်ထောင့်တစ်နေရာက ပါဝင်ကူညီနိုင်ရန် စိတ်အားထက်သန်နေကြသော်လည်း ဤစမ်းသပ်ချက်များ၏ လက်တွေ့အသုံးဝင်မှုကို ခိုင်လုံသောသက်သေအထောက်အထားများ ပိုမိုပြနိုင်ရန် လိုအပ်သည်ဟု မမိတ်မသုန်ယုံကြည်ထားကြသည်။

ထို့ကြောင့် UK နိုင်ငံအခြေပြု သုတေသနပညာရှင်များသည် ပိုမိုခိုင်လုံသော အထောက်အထားများရရှိရန် အတည်ပြုလူနာတစ်ဦးချင်းစီ၏ နမူနာပစ္စည်းများသာမက အတည်ပြုလူနာများက ဝတ်ဆင်ခဲ့သော ခြေအိတ်များ၊ ကျန်းမာရေးကောင်းသူတို့ ဝတ်ဆင်သော ခြေအိတ်များကို စုဆောင်းနေကြသည်။ နောက်ထပ် ၆–၈ ပတ်ကျော်မှာ သုတေသနရလဒ်များကို တရားဝင်ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ရသည်။ ဤ သုတေသနများသာ အလုပ်ဖြစ်လျှင် နောက်ထပ် ခြောက်လအတွင်းမှာ ကိုဗစ် – ၁၉ ရောဂါကို အနံ့ခံစစ်ဆေးနိုင်သော၊ လက်တွေ့အသုံးချနိုင်သော ခွေးများကို တွေ့မြင်ရလိမ့်မည်ဟု သုတေသနပညာရှင်များက ဆိုပါသည်။

### ချက်ချင်းခွဲခြားစိစစ်နိုင်

ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ တိရစ္ဆာန်ဆေးကုပညာရှင် သုတေသီများ နှိုင်းနှိုင်းချိန်ချိန်လုပ်နေချိန်တွင် ဖင်လန်နိုင်ငံ Helsinki လေဆိပ်၌ အစိုးရအထောက်အပံ့ခံ သုတေသနလုပ်ငန်း၏ ကနဦးအစီအစဉ်အနေဖြင့် အနံ့ခံခွေးများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်လောက်မှာ စတင်အသုံးပြုနေပြီ ဖြစ်ပါသည်။ လေ့ကျင့်ထားသော ခွေးတစ်ကောင်သည် လူတစ်ယောက်၏ လက်ကောက်ဝတ် သို့မဟုတ် လည်ပင်းကို ပွတ်တိုက်လိုက်သော အဝတ်စငယ်ကို အနံ့ခံရုံမျှဖြင့် ချက်ချင်းခွဲခြားစိစစ်နိုင်သည်။ ရောဂါပိုးရှိနေပြီး ရောဂါလက္ခဏာ မပြခင် ငါးရက်အလိုတွင် ရှိနေသောသူများကိုပင် မှန်ကန်စွာ ဖော်ထုတ်နိုင်ပြီး တိကျမှန်ကန်မှုက ၁၀၀ ရာခိုင်နှုန်းနီးပါးဖြစ်သည်ဟု Helsinki တက္ကသိုလ်မှ တိရစ္ဆာန်ဆေးကုဆရာဝန် သုတေသနပညာရှင် Anna Hielm–Bjorkman က ပြောကြားခဲ့သည်။

လေဆိပ်တွင် လေ့ကျင့်ထားသော ခွေးလေးကောင်က ရောဂါလက္ခဏာမပြဘဲ ကိုဗစ် – ၁၉ ရောဂါပိုး ဝင်နေသောခရီးသည်များကို ၁၀ စက္ကန့်အတွင်း ရာနှုန်းပြည့်မှန်ကန်အောင်ဖော်ထုတ်ပေးနိုင်ခဲ့သည်ဟု ဆိုပါသည်။ လေဆိပ်တွင် ဆိုက်ရောက်လာသော ခရီးသည်များကို ကိုဗစ် – ၁၉ စစ်ဆေးခြင်းသည် စရိတ်စက အကုန်အကျအလွန်များပြားလှပြီး အနံ့ခံခွေးများဖြင့် စမ်းသပ်စစ်ဆေးခြင်းက စရိတ်များစွာ သက်သာသည်ဟု တွက်ဆကြသည်။

ရာစုနှစ်ပေါင်းများစွာကပင် ခွေးများ၏ ပင်ကိုသဘာဝစွမ်းရည်ကြောင့် အမဲလိုက်ခွေး၊ လုံခြုံရေးခွေး၊ မူးယစ်ဆေးဝါးနှင့် ဖောက်ခွဲရေးပစ္စည်းများ ရှာဖွေသောခွေး၊ ကယ်ဆယ်ရေးခွေး၊ သတင်းပို့ခွေး၊ တိုက်ပွဲဝင်ခွေးများအဖြစ် အသုံးပြုခဲ့ကြသည်။ လစာနှင့်၊ ရိက္ခာနှင့် ရာထူးနှင့် တရားဝင်ခန့်အပ်ပြီး အခမ်းအနားဖြင့် သင်္ဂြိုဟ်ရသော ရဲစွမ်းသတ္တိရှိသည့်ခွေးများကို မြင်တွေ့ကြားသိဖူးပါသည်။ ဥပမာ–Kuno အမည်ရှိ Belgian Malinois ခွေး၏ သစ္စာရှိမှု၊ တာဝန်သိမှု၊ ရဲရင့်မှု၊ အာဖဂန်နစ္စတန်တိုက်ပွဲတွင် ဗြိတိသျှစစ်သားများ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့မှုတို့ကြောင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် Dickin medal ဆုတံဆိပ်နှင့် အခြားဆုတံဆိပ်များကို ချီးမြှင့်ပေးအပ်ဂုဏ်ပြုခံရသည်။

အရပ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် ခွေးများ၊ ကယ်ဆယ်ရေးခွေးများထဲမှာ ထူးချွန်ပြောင်မြောက်လှသော ကယ်ဆယ်ရေးခွေးများကိုတော့ PDSA ရွှေတံဆိပ်ဆုပေးအပ်ဂုဏ်ပြုကြပါသည်။ ထိုခွေးများ၏ နောက်ကွယ်မှာ ကိုင်တွယ်ထိန်းကျောင်း လေ့ကျင့်ပေးသူတို့၏ အရည်အသွေးများ ရှိနေပါသည်။ ယခုလို ကမ္ဘာ့ကပ်ရောဂါကြီး ကိုဗစ် – ၁၉ ကို တစ်ကမ္ဘာလုံး ရင်ဆိုင်နေရချိန်တွင် ခွေးတို့၏ အနံ့ခံစွမ်းရည်ထက်မြက်မှုကို စနစ်တကျလေ့ကျင့်ပေးပြီး ကိုဗစ် –၁၉ ရောဂါ အတည်ပြုလူနာများနှင့် ရောဂါပိုးသယ်ဆောင်ထားသူတို့ကို အချိန်အနည်းငယ်အတွင်းမှာပင် ခွဲခြားစိစစ်နိုင်ရန် သုတေသနပြုခဲ့သော တိရစ္ဆာန်ဆေးကုပညာရှင်များ၊ ကိုင်တွယ်ထိန်းကျောင်းလေ့ကျင့်ပေးသူ ကျွမ်းကျင်ပညာရှင်များ၊ သုတေသနပညာရှင်များအား အရင်းခံစိတ်ဖြင့် လေးစားဂုဏ်ယူမိပါသည်။ မကြာခင်အချိန်အတောအတွင်းမှာ ခိုင်လုံသော သက်သေအထောက်အထားများ အလျင်အမြန်ရရှိပါစေ၊ သုတေသနလုပ်ငန်းများ အောင်မြင်စွာ ရှေ့ဆက်နိုင်ပြီး အနံ့ခံခွေးများ၏စွမ်းရည်ကို တွင်ကျယ်စွာ အသုံးပြုနိုင်ပါစေဟု ဆန္ဒမွန်ပြုရင်း သတင်းကောင်းကို စောင့်စားနေမိပါသည်။ ။

# နိုဝင်ဘာ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၇၇ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၃-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၇၇၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁,၂၇၇)ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁၉၂၉) ခု | (၃၇၉) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၆၀၉) ခု | (၉၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၄၄) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၃၀) ခု | (၂၁) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၄၃) ခု | (၂၈) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၄) ခု | (၅) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅၆) ခု | (၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၂၉) ခု | (၂၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၄၉၂) ခု | (၄၄၂) ဦး |
| စုစုပေါင်း | (၁၄,၇၇၇) ခု | (၁,၂၇၇) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၁၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၇၇၇) ဦး | (၈၈၄,၁၀၅) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၇၇) ဦး | (၆၈,၀၁၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၂၆) ဦး | (၅၁,၃၆၂) ဦး |
| သေဆုံးလူနာ | (၁၈) ဦး | (၁,၅၅၂) ဦး |

- ယနေ့ သေဆုံးသူ (၁၈) ဦးအနက် ရောဂါအခံရှိသူ (၁၅) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၂၆) ဦးတွင်-
    - ပြည်သူ့ဆေးရုံများ – (၂၀၆) ဦး
    - COVID-19 ရောဂါကုသရေးဌာနများ(ရန်ကုန်မြို့) – (၈၂၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၇၀) ဦးတွင်-
    - Hotel Quarantine – (၁၁၉) ဦး
    - Facility Quarantine – (၁၂၈) ဦး
    - Community Based Facility Quarantine – (၈၀၅) ဦး
    - Anosmia Center – (၁၁၈) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၀၇၀၅၅၉ | ၆၇၉၀၃၂၁ | ၂၅၀၀၃၀ |
| ၂။ | အိန္ဒိယ | ၈၇၇၄၉၃၅ | ၈၁၆၃၅၇၂ | ၁၂၉၂၅၃ |
| ၃။ | ဘရာဇီး | ၅၈၁၉၄၉၆ | ၅၂၆၇၅၆၇ | ၁၆၄၉၄၆ |
| ၄။ | ပြင်သစ် | ၁၉၂၂၅၀၄ | ၁၃၇၁၅၅ | ၄၃၈၉၂ |
| ၅။ | ရုရှား | ၁၉၀၃၂၅၃ | ၁၄၂၅၅၂၉ | ၃၂၈၃၄ |
| ၆။ | စပိန် | ၁၄၉၂၆၀၈ | စိစစ်ဆဲ | ၄၀၇၆၉ |
| ၇။ | ဗြိတိန် | ၁၃၁၇၄၉၆ | စိစစ်ဆဲ | ၅၁၃၀၄ |
| ၈။ | အာဂျင်တီးနား | ၁၂၉၆၃၇၈ | စိစစ်ဆဲ | ၃၅၀၄၅ |
| ၉။ | ကိုလံဘီယာ | ၁၁၈၂၆၉၇ | စိစစ်ဆဲ | ၃၃၆၆၉ |
| ၁၀။ | အီတလီ | ၁၁၀၇၃၀၃ | စိစစ်ဆဲ | ၄၄၁၃၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၆၃၀၀၇ | ၃၈၈၀၉၄ | ၁၅၁၄၈ |
| ၂။ | ဖိလစ်ပိုင် | ၄၀၆၃၃၇ | ၃၆၃၀၆၈ | ၇၇၉၁ |
| ၃။ | မြန်မာ | ၆၈၀၁၁ | ၅၁၃၆၂ | ၁၅၅၂ |
| ၄။ | စင်ကာပူ | ၅၈၁၁၆ | ၅၈၀၀၈ | ၂၈ |
| ၅။ | မလေးရှား | ၄၆၂၀၉ | ၃၃၇၇၂ | ၃၀၆ |
| ၆။ | ထိုင်း | ၃၈၆၆ | ၃၇၀၇ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၂၅၆ | ၁၁၀၃ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၂ | ၂၈၉ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၃ | ၀ |



## ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံများ၌ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၄

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် Grand Wynn Foundation မှ ငွေကျပ် ၉၅၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် Grand Wynn Foundation မှ Business Secretary ဒေါ်အိအိမင်းခိုင်က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ဝေဘာဂီအထူးကုဆေးရုံလူမှုဆက်ဆံရေးအရာရှိဒေါ်ကေသီခိုင်က ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

Grand Wynn Foundation က ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် ၅၁၀၀၀၀၀ တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကြေးမုံ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၄-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၁၃-၁၁-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၃၆) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစုပြည်ထောင် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၅၇ |
| | | မင်္ဂလာဒုံ | ၅၃ |
| | | သာကေတ | ၄၆ |
| | | လှိုင်သာယာ | ၆၅ |
| | | အင်းစိန် | ၅၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၆ |
| | | မြောက်ဥက္ကလာပ | ၃၂ |
| | | သင်္ဃန်းကျွန်း | ၃၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၁ |
| | | ဒေါပုံ | ၂၈ |
| | | တာမွေ | ၂၇ |
| | | တိုက်ကြီး | ၂၈ |
| | | ရွှေပြည်သာ | ၂၈ |
| | | မြောက်ဒဂုံ | ၂၃ |
| | | [illegible] | ၂၃ |
| | | ပုဇွန်တောင် | ၂၁ |
| | | သန်လျင် | ၁၈ |
| | | ကော့မှူး | ၁၈ |
| | | ရန်ကင်း | ၁၅ |
| | | ထန်းတပင် | ၁၄ |
| | | ကမာရွတ် | ၁၆ |
| | | အလုံ | ၁၇ |
| | | လှည်းကူး | ၁၁ |
| | | ဗဟန်း | ၁၁ |
| | | မရမ်းကုန်း | ၁၁ |
| | | စမ်းချောင်း | ၁၀ |
| | | သုဝဏ္ဏ | ၁၁ |
| | | လှိုင် | ၉ |
| | | ပုဇွန်တောင် | ၉ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | ပေါင်းတည် | ၉ |
| | | ကြည့်မြင်တိုင် | ၆ |
| | | အင်းစိန် | ၄ |
| | | တောင်ဥက္ကလာပ | ၄ |
| | | ကော့မှူး | ၄ |
| | | ဒလ | ၃ |
| | | ဒေါပုံ | ၃ |
| | | တွံတေး | ၂ |
| | | ဒဂုံ | ၂ |
| | | ဆိပ်ကြီး | ၁ |
| | | **စုစုပေါင်း** | **၇၆၂** |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၄၄ |
| | | အမရပူရ | ၁၇ |
| | | ချမ်းမြသာစည် | ၁၁ |
| | | ပြည်ကြီးတံခွန် | ၁၀ |
| | | ချမ်းအေးသာစံ | ၉ |
| | | မဟာအောင်မြေ | ၈ |
| | | ပုသိမ်ကြီး | ၈ |
| | | ဥမ္မာ | ၃ |
| | | ပုသိမ်ကြီး | ၆ |
| | | မိတ္ထီလာ | ၅ |
| | | ရမည်းသင်း | ၂ |
| | | [illegible] | ၂ |
| | | မြင်းခြံ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | မြစ်သား | ၁ |
| | | **စုစုပေါင်း** | **၁၃၂** |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၂၉ |
| | | မအူပင် | ၂၈ |
| | | ကျုံပျော် | ၁၂ |
| | | ညောင်တုန်း | ၁၀ |
| | | ဇလွန် | ၈ |
| | | ဖျာပုံ | ၆ |
| | | ကျိုက်လတ် | ၆ |
| | | ဒေးဒရဲ | ၄ |
| | | ပန်းတနော် | ၄ |
| | | ဓနုဖြူ | ၃ |
| | | မော်လမြိုင်ကျွန်း | ၂ |
| | | ဝါးခယ်မ | ၂ |
| | | ပုသိမ် | ၁ |
| | | အိမ်မဲ | ၁ |
| | | **စုစုပေါင်း** | **၁၃၅** |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၈ |
| | | မြို | ၉ |
| | | ကဝ | ၇ |
| | | ဝေါ်လက်ထည် | ၇ |
| | | ပြည် | ၆ |
| | | ရွှေတောင် | ၆ |
| | | သာယာဝတီ | ၅ |
| | | ဒိုက်ဦးမြို့ | ၅ |
| | | ရွှေကျင် | ၄ |
| | | ဒိုက်ဦး | ၂ |
| | | ဇီးကုန်း | ၁ |
| | | ကောက်ဂွ | ၁ |
| | | အုတ်ဖိုတွန်း | ၁ |
| | | ထန်းတပင် | ၁ |
| | | **စုစုပေါင်း** | **၆၅** |
| ၅။ | ရခိုင်ပြည်နယ် | မောင်တော | ၁၃ |
| | | စစ်တွေ | ၇ |
| | | ပုဏ္ဏားကျွန်း | ၆ |
| | | ရသေ့တောင် | ၄ |
| | | ဘူးသီးတောင် | ၂ |
| | | မြေပုံ | ၂ |
| | | အမ်း | ၁ |
| | | **စုစုပေါင်း** | **၃၄** |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | မော်လိုက် | ၁၂ |
| | | ကလေး | ၅ |
| | | **စုစုပေါင်း** | **၁၇** |
| ၇။ | မွန်ပြည်နယ် | ကျိုက်ထို | ၈ |
| | | ပေါင် | ၂ |
| | | ရေး | ၁ |
| | | မုဒုံ | ၁ |
| | | **စုစုပေါင်း** | **၁၂** |
| ၈။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၅ |
| | | မကွေး | ၁ |
| | | သရက် | ၁ |
| | | မြိုင် | ၁ |
| | | ပခုက္ကူ | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | ရေနံချောင်း | ၁ |
| | | **စုစုပေါင်း** | **၁၁** |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁၀ |
| | | **စုစုပေါင်း** | **၁၀** |
| ၁၀။ | နေပြည်တော် | ပုဗ္ဗသီရိ | ၂ |
| | | ဇေယျာသီရိ | ၂ |
| | | တပ်ကုန်း | ၁ |
| | | ဒက္ခိဏသီရိ | ၁ |
| | | ဥတ္တရသီရိ | ၁ |
| | | **စုစုပေါင်း** | **၇** |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၃ |
| | | ဘားအံ | ၁ |
| | | ကော့ကရိတ် | ၁ |
| | | **စုစုပေါင်း** | **၅** |
| ၁၂။ | ရှမ်းပြည်နယ် | တောင်ကြီး | ၃ |
| | | ဖွေ့ | ၁ |
| | | **စုစုပေါင်း** | **၄** |
| ၁၃။ | ချင်းပြည်နယ် | ဟားခါး | ၁ |
| | | ကန်ပက်လက် | ၁ |
| | | **စုစုပေါင်း** | **၂** |
| | (၁၃-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၃၃၆) ဦး |

မှတ်ချက်။ (၁၃-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၃၆) ဦးတွင် အနံ့မရရှိသူ (၂၃၃) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၅ ဦးအား ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှုမှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ယနေ့အထိ မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၃၁ ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား မြို့နယ်အသီးသီး၌ ထောက်ပံ့ငွေများ ပေးအပ်

**ဗန်းမောက်။** ။ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်မှထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု၅၁အုပ်စုရှိ အိမ်ထောင်စု၄၁၇၅ စုအတွက် စုစုပေါင်း ငွေကျပ် ၈၃၅သိန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက သက်ဆိုင်ရာ မြို့နယ်ဌာနဆိုင်ရာများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယင်းထောက်ပံ့ငွေများကို မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အခြေခံလူတန်းစား အိမ်ထောင်စုများ၏ ရပ်ကွက်/ကျေးရွာများသို့ သွားရောက်ကာ အခြေခံလူတန်းစားအိမ်ထောင်စုများ၏ လက်ဝယ် အရောက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

**ကြို့ပင်ကောက်။** ။ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် နိုင်ငံတော်မှ (စတုတ္ထ)အကြိမ် ထောက်ပံ့သော ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က ကျေးရွာအုပ်စု ၁၄ အုပ်စုမှ အိမ်ထောင်စု ၄၁၈၆ စု အတွက် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ်၂၀၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ၈၃၇၂၀၀၀၀ အား ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါထောက်ပံ့ငွေများကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ၎င်းတို့ကျေးရွာအုပ်စုအတွင်းရှိအခြေခံလူတန်းစား အိမ်ထောင်စုများထံ လက်ဝယ်အရောက်ဆက်လက်ထောက်ပံ့ပေးကြမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



**ကျောက်တလုံးကြီး။** ။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစာအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ် ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၃ ရက်က ကျောက်တလုံးကြီးမြို့ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးစာရေးများက မြို့ပေါ်ခြောက်ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စု ၆၂ စု အတွက် အိမ်ထောင်တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၂၄၀၀၀၀ အား ပြည်သူလက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျောက်တလုံး(ပြန်/ဆက်)**



**ညောင်တုန်း။** ။ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေများကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ထောက်ပံ့ပေးအပ်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရိန်နှင့် တာဝန်ရှိသူများက အခြေခံလူတန်းစားအိမ်ထောင်စု တစ်စုလျှင် ထောက်ပံ့ငွေ ကျပ် ၂၀၀၀၀ နှုန်းဖြင့် ရပ်ကွက်/ကျေးရွာ ၅၄ အုပ်စုရှိ အိမ်ထောင်စု ၂၆၁၀၃ စုတို့အတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၅၂၂၀၆၀၀၀၀ ကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ပြီး အဆိုပါ စတုတ္ထအကြိမ် ထောက်ပံ့ငွေများကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြန်လည်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**မြန်အောင်။** ။ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့တွင် နိုင်ငံတော်အစိုးရမှ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် စတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုက ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မြန်အောင်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၈၈၅၉ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၇၇၁၈၀၀၀၀ ကို အခြေခံလူတန်းစားအိမ်ထောင်စုများလက်ဝယ်သို့အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းဇော်ထွန်း(ပြန်/ဆက်)**

**နောင်ချို။** ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးသွင်ကိုကိုမင်းနှင့် တာဝန်ရှိသူများက လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၄၁ အုပ်စုမှ အိမ်ထောင်စု ၄၉၇၅ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၉၉၅၀၀၀၀၀ အား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များမှတစ်ဆင့် အခြေခံလူတန်းစားအိမ်ထောင်စုများထံသို့ လက်ဝယ်အရောက် ထောက်ပံ့သွားမည်ဖြစ်ပြီး စတုတ္ထအကြိမ် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

**ဖယ်ခုံ။** ။ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းမှစတင်၍ ညောင်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ပေးအပ်လျက်ရှိရာ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၉၂၄ စုမှ အိမ်ထောင်စု ၁၄၇ စု ထောက်ပံ့ကြေး ရရှိမည်ဖြစ်ကြောင်း၊ နံနက် ၈ နာရီမှ စတင်၍ ဟိန်ဓမ္မရပ်ကွက်နှင့် နန်းဟူးရပ်ကွက်တို့တွင် ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသော ရပ်ကွက်များအား ယနေ့အပြီး ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများအား လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အိမ်ထောင်စု ၃၃၀၈ စုအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၆၆၁၆၀၀၀၀ ကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထွေး(ပြန်/ဆက်)**

**စစ်ကိုင်း။** ။ နိုင်ငံတော်မှ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ထောက်ပံ့ပေးလျက်ရှိရာ စစ်ကိုင်းမြို့နယ်အတွင်း အိမ်ထောင်စုပေါင်း ၈၈၄၀၈ စု အတွက် ထောက်ပံ့ငွေကျပ် သိန်းပေါင်း ၁၇၆၈၀ ကျော်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၌ နိုဝင်ဘာ၁၃ရက်တွင် ထုတ်ပေးခဲ့ပြီး သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများတွင် ပြည်သူများအား တစ်ပြိုင်တည်းထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

**သာပေါင်း။** ။ သာပေါင်းမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ် ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၂ ရက်က သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ပြုလုပ်ရာ သာပေါင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၆၆၅၆ စုတို့အတွက် စုစုပေါင်းငွေကျပ် ၃၃၃၁၂၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

**ဝက်လက်။** ။ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုဝင်များအား နိုင်ငံတော်မှ စတုတ္ထအကြိမ်ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ပေးအပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းထွန်းလေးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၇၂ ခုအတွင်းရှိ အိမ်ထောင်စုပေါင်း ၅၁၇၆၅ စုအတွက် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဥမ္မာဝင်း(ပြန်/ဆက်)**

**ဝိုင်းမော်။** ။ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့်အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ စတုတ္ထအကြိမ်ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၇၄၄၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၄၈၉၂၀၀၀၀ ကို သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများထံပေးအပ်ခဲ့ပြီး ၎င်းတို့မှတစ်ဆင့် ရပ်ကွက်/ကျေးရွာနေပြည်သူများထံသို့ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်သက်မွန်(ပြန်/ဆက်)**

**ရှမ်းရွာသစ်။** ။ ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ်ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၃ ရက်က မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၁၈၃ စုတို့အတွက် တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၆၆၀၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**



**မဘိမ်း။** ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ် ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညိမ်းသူအောင်က မြို့နယ်အတွင်းရှိ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၆ အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၉၈ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အခြေခံလူတန်းစားများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန စတင်တည်ထောင်သည့်နေ့ကို အမျိုးသားကျန်းမာရေးနေ့အဖြစ် သတ်မှတ်

**နေပြည်တော်  နိုဝင်ဘာ  ၁၄**

မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးနေ့ (National Health Day) အဖြစ် နိုဝင်ဘာ ၁၄ ရက်ကို သတ်မှတ်ခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ယခင် ဆေးနှင့် ကျန်းမာရေးဌာနကို အသစ်ပြန်လည်ပြုပြင်ပြောင်းလဲဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည့် ၁၉၅၃ ခုနှစ် မတ် ၂၃ ရက် (သို့မဟုတ်) မြန်မာနိုင်ငံပြန်တမ်းတွင် ကျန်းမာရေးဝန်ကြီးဌာနဟု ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်ကို အမျိုးသားကျန်းမာရေးနေ့ (National Health Day) အဖြစ် သတ်မှတ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ နိုဝင်ဘာ ၁၄ ရက်ကို အမျိုးသားကျန်းမာရေးနေ့ (National Health Day)အဖြစ် သတ်မှတ်ရန် အကြောင်းပြန်ကြားခဲ့သည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ကြောင့် ပထမအကြိမ် အမျိုးသားကျန်းမာရေးနေ့ (National Health Day) ကို **“ကျန်းမာရေးအသိပညာမြင့်မားဖို့ အားလုံးပါဝင်ဆောင်ရွက်စို့”** ဆောင်ပုဒ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ကြီးဌာန၏ လုပ်ငန်းများကို ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းမှတစ်ဆင့် ပြည်သူများက ကျယ်ပြန့်စွာသိရှိရယူ ပူးပေါင်းဆောင်ရွက်လာစေရန်၊ ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်လာကြခြင်းနှင့် ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းသည် ဆေးတစ်ပါး (Exercise is Medicine)ဖြစ်သည်နှင့်အညီ ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်ခြင်းဖြင့် မကူးစက်တတ်သောရောဂါများနှင့် အခြားရောဂါများ ဖြစ်ပွားမှုကို ထိရောက်စွာကာကွယ်နိုင်လာကြစေရန်နှင့် ဝန်ကြီးဌာန စတင်တည်ထောင်ချိန်မှစတင်၍ ပြည်သူတို့အတွက် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ထူးခြားထင်ရှားသော ဝန်ဆောင်မှုများကို မှတ်တမ်းတင်ထားရှိရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ၂၀၂၀ ပြည့်နှစ် ပထမအကြိမ်အမျိုးသားကျန်းမာရေးနေ့ (National Health Day)အထိမ်းအမှတ်အဖြစ် ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်။

အဆိုပါ သဝဏ်လွှာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စတင်တည်ထောင်သည့် ဧပြီ ၇ ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့ (World Health Day) အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပနေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားကျန်းမာရေးနေ့ (National Health Day)ကို ကျင်းပပြီး မိမိတို့နိုင်ငံ၏ ဦးစားပေးကျန်းမာရေးလုပ်ငန်းများအား ပြည်သူများ သိရှိပါဝင် ဆောင်ရွက်လာကြစေရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၄ ရက်တွင် ပထမဦးဆုံးအနေဖြင့် ပြုလုပ်သည့် အမျိုးသားကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ကျန်းမာရေးအသိပညာမြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုများမှတစ်ဆင့် မကူးစက်နိုင်သော ရောဂါများနှင့် အခြားရောဂါများကာကွယ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) ဆောင်ပုဒ်နှင့်အညီ ကိုယ်လက်လှုပ်ရှားအားကစား အစီအစဉ်များကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်လျှံ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အား ငွေကျပ် သိန်း ၈၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများ လှူဒါန်း

**မန္တလေး  နိုဝင်ဘာ  ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အား မြန်မာငွေကျပ် သိန်း ၈၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက Pullman ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr.Chen Chen နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပိုမိုနက်ရှိုင်းစေရန် ရည်ရွယ်**

အဆိုပါ လှူဒါန်းမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးသို့ ယူနန်ပြည်နယ်အစိုးရက ယွမ်ငွေ လေးသန်း (မြန်မာငွေ ကျပ်သိန်း ၈၀၀၀)တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများ လှူဒါန်းခြင်းဖြစ်သည်။




အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယူနန်ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ချိန်မှစ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ချစ်ကြည်ရင်းနှီးစွာဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများကို ယနေ့အထိ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူ့ကျန်းမာရေး ခတ်ခွဲဌာနတည်ဆောက်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အထူးလုပ်ငန်းအဖွဲ့ ပညာရှင်များနှင့် ခတ်ခွဲခန်းစက်ပစ္စည်းကိရိယာများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ယူနန်ပြည်နယ်အစိုးရ၏ ကူညီပံ့ပိုးလှူဒါန်းမှုများသည် ကြီးမားသည့် ချစ်ကြည်ရေးသမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်းနှင့် ယူနန်ပြည်နယ်အစိုးရနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့အကြား သမိုင်းအစဉ်အလာကြီးမားသော ရင်းနှီးချစ်ကြည်မှု ဆက်ဆံရေးကို ပိုမိုတိုးမြှင့်သွားမည်ဖြစ်ပါကြောင်း အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Mr.Chen Chen ကယူနန်ပြည်နယ်အစိုးရက မန္တလေးတိုင်းဒေသကြီးသို့ တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပစ္စည်းများဖြစ်သည့် အသက်ရှူစက်၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများကို လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ပစ္စည်းများကို ယူနန်ပြည်နယ်မှ ကုန်းကြောင်းခရီးစဉ်ဖြင့် ရွှေလီ-မူဆယ် လမ်းကြောင်းမှတစ်ဆင့် မန္တလေးသို့ ကုန်တင်ကားကြီး သုံးစီးဖြင့် တိုက်ရိုက်တင်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ဖြစ်ပွားနေသည့် ကပ်ရောဂါကို မြန်မာနိုင်ငံအစိုးရက ကြိုးစား၍ ထိန်းချုပ်တိုက်ဖျက်နေသကဲ့သို့ တရုတ်နိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းကောင်း မြန်မာနိုင်ငံကို ဆက်လက်အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပစ္စည်းများကို မန္တလေးကောင်စစ်ဝန်ချုပ်က လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခုလှူဒါန်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအနေဖြင့် N-95၊ Disposable medical surgical mask၊ Medical Face Shield၊ Medical protective clothing၊ Anti-fog eye mask၊ Disposable medical caps၊ Plastic shoe cover (short)၊ Latex gloves (inspection)၊ Disposable isolation gown၊ Non-invasive ventilator တို့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ရိုက်ကူးမှုနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၁၄**

ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့် မြောက်မည်ဖြစ်သောကြောင့် ရန်ကုန်တက္ကသိုလ်၏ နှစ်(၁၀၀)ပြည့်အကြို အထိမ်းအမှတ်အစီအစဉ်များကို ကျင်းပလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ရန် အဓိကဦးတည်ချက်များ၏ စွမ်းဆောင်မှုများကို ဖော်ထုတ်ခြင်း၊ တက္ကသိုလ်၏ ထင်ရှားကျော်ကြားခဲ့သော ပုံရိပ်များကို အောက်မေ့သတိရရန်နှင့် ရန်ကုန်တက္ကသိုလ်၏ အောင်မြင်မှုများကို အတုယူရင်း ပညာရေးအဆင့်အတန်းမြှင့်တင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ နောက်ဆုံးပွဲစဉ် ရိုက်ကူးမှုကို ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Studio တွင် ယနေ့ ပြုလုပ်ခဲ့သည်။

နောက်ဆုံးပွဲစဉ် ရိုက်ကူးမှုအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ရမှတ် ၂၅ မှတ်ဖြင့် တောင်ငူအဖွဲ့က ပထမ၊ ရမှတ် ၂၂ မှတ်ဖြင့် ရာမညအဖွဲ့က ဒုတိယ၊ ရမှတ် ၂၁ မှတ်ဖြင့် ဒဂုံအဖွဲ့မှ တတိယ၊ ရမှတ် ၁၆ မှတ်ဖြင့် ပဲခူးအဖွဲ့က နှစ်သိမ့်ဆုများ အသီးသီးရရှိကြကြောင်း သိရသည်။

**သတင်းစဉ်**



## မြေငလျင်သတင်း


**နေပြည်တော်  နိုဝင်ဘာ  ၁၄**


ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ ၂၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၄၉ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၀ ဒီဂရီ၊ အနက် ၈၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။


**မိုး/ဇလ**


ကာတွန်း မိုးထက်မိုး


## ကားဝါ မေ့မေ့ စွန့်စားခန်းများ





ဟေ့-မင်း ဘာကောင်လဲ
ဟေ့-မင်း ဘာကောင်လဲ


Organic





## ကရင်ပြည်နယ်ဝန်ကြီးချုပ် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေ ပေးအပ်

**ကမမောင်း နိုဝင်ဘာ ၁၄**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုး၊ ပြည်နယ်ရဲမှူးကြီးသန်းဝင်းတို့နှင့်အတူ ယနေ့နံနက် ၉ နာရီက ကမမောင်းမြို့ အမှတ်(၄)ရပ်ကွက် ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဝိဇာတဓမ္မာရုံခန်းမသို့ရောက်ရှိပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခြေခံအိမ်ထောင်စု ၁၁၀ အား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ကမမောင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၉၂၆ စုအတွက် စတုတ္ထအကြိမ်အဖြစ် အိမ်ထောင်စုတစ်စုလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၈၅၂၀၀၀၀ ကို နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တဥူးကုသလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**လင်းသန့်(ပြန်/ဆက်)**

## အင်းစိန် ကားလမ်းကူး မီးရထားခုံးကျော်လက်တက်တံတားသစ်(မင်းကြီးလမ်းဘက်ခြမ်း) အဆင်းတစ်လမ်းသွား တည်ဆောက်မှု ဒီဇင်ဘာလမကုန်ခင် စတင်အသုံးပြုနိုင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာန(တံတား)က ကြီးကြပ်၍ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့် တံတားအရှည် ၄၄၁ ပေရှိ အင်းစိန်ကားလမ်းကူး မီးရထား ခုံးကျော်လက်တက်တံတားသစ် (မင်းကြီးလမ်းဘက်ခြမ်း) အဆင်းတစ်လမ်းသွား တည်ဆောက်မှု ဒီဇင်ဘာလမကုန်ခင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါလက်တက်တံတားသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာန(တံတား)နှင့် A1 ဆောက်လုပ်ရေးကုမ္ပဏီတို့မှ တည်ဆောက်ရေးတာဝန်ခံများက တံတားတည်ဆောက်မှု ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက အမြန်ဆုံးကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## အာဆီယံစီးပွားရေးလုပ်ငန်းများဆု ASEAN Business Awards (ABA) 2020 အခမ်းအနား ဟနွိုင်းမြို့၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

အာဆီယံဒေသတွင်းရှိ အကောင်းဆုံးစီးပွားရေးလုပ်ငန်းများကို ဂုဏ်ပြုသည့် အာဆီယံစီးပွားရေးလုပ်ငန်းများဆု ASEAN Business Awards (ABA) 2020 အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (ABIS) 2020 အပြီးတွင် ဒေဝူးဟနွိုင်းဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆင့်မြင့်နိုင်ငံ့ခေါင်းဆောင်များ၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒဆိုင်ရာ အတိုင်ပင်ခံများ၊ ယခုနှစ်အတွက် ဆုရစီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ယင်းအခမ်းအနားကို အာဆီယံဒေသတွင်းရှိစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကို ပြသနိုင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအသိုက်အဝန်းအနေဖြင့် အာဆီယံဒေသ၏ စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် အားသာချက်များကို ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် ၅၈ ဦးတို့ကို ဂုဏ်ပြုဆု ၆၂ ဆု ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ငါးဦးတို့က ASEAN Business Awards (ABA) 2020 ဂုဏ်ပြုဆုခြောက်ဆုတို့ကို ရရှိခဲ့ကြသည်။ ယင်းဆုများမှာ SME Excellence (Growth) – Shan Yoma Travel & Tours Co.,Ltd. ၊ SME Excellence (Employment) – Alpha Power Engineering Co., Ltd.၊ SME Excellence (Innovation) – Shan Yoma Travel & Tours Co.,Ltd.၊ Women Entrepreneur – Okkar Thiri Co., Ltd.၊ Combating COVID–19 – Thrust Oo Co., Ltd. ၊ Inclusive Business – Myanmar Belle Co., Ltd.တို့ ဖြစ်ကြသည်။




ယင်းဆုရရှိသူများအနက် အခြေခံဝင်ငွေ နည်းပါးသည့် လူတန်းစားများ၏ ပြဿနာများကို အမြန်ဆုံးဖြေရှင်းပေးနိုင်သည့် စီးပွားရေးပုံစံကောင်းများနှင့် ကောင်းမွန်သော အလေ့အကျင့်နမူနာများရှိသည့် ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ရွေးချယ်ချီးမြှင့်သည့် ASEAN Inclusive Business Award ဆုရရှိခဲ့သည့် လုပ်ငန်းရှင်တစ်ဦးဖြစ်သူ Myanmar Belle Co., Ltd ဥက္ကဋ္ဌ ဦးရဲမြင့်မောင်က “ကျွန်တော်တို့ရဲ့ တီထွင်ဆန်းသစ်မှုတွေ၊ IT ကဏ္ဍတွေ၊ ကိုဗစ် –၁၉ တိုက်ဖျက်ရေးကဏ္ဍတွေ စတဲ့ ကဏ္ဍအလိုက်မှာလည်း အာဆီယံနိုင်ငံတွေထဲမှာ သာလွန်တယ်။ ရှေ့တစ်လှမ်းရောက်တယ်ဆိုတဲ့ ထူးချွန်မှုတွေရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံက ဆုတွေရရှိခဲ့တာလို့ ထင်မြင်မိပါတယ်။ ဗီယက်နမ်နိုင်ငံမှာ Quarantine ဝင်ရမယ့်အခက်အခဲ၊ လေကြောင်းလိုင်း အခက်အခဲတွေကြောင့် ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဆုသွားယူချင်ပေမယ့် သွားလို့မရခဲ့ပါဘူး။ ဆုတော့ရပါတယ်။ ဒါပေမယ့် ကျန်တဲ့စီးပွားရေးအခွင့်အလမ်းတွေ၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးလို့ရမယ့် အခွင့်အလမ်းတွေ မရနိုင်တာက ဒီနှစ်အတွက် ထူးခြားချက်တစ်ခုပါပဲ။ ကျွန်တော်တို့ Business လုပ်တဲ့အချိန်မှာ ငွေကြေးတစ်ခုထဲအတွက်မဟုတ်ဘဲနဲ့ စိုက်ပျိုးတဲ့ တောင်သူတွေ၊ စက်ရုံအလုပ်ရုံက ဝန်ထမ်းတွေ သယ်ယူပို့ဆောင်တဲ့အခါမှာ ဆက်စပ်ပါဝင်တဲ့သူတွေ နောက်ဆုံးစားသုံးသူအထိ အားလုံးပါဝင်ဆက်စပ်ပြီးတော့ အားလုံးအကျိုးခံစားခွင့်တွေ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတွေ ပျော်ရွှင်မှုတွေရရှိနိုင်တဲ့စီးပွားရေးကို လုပ်ကိုင်နိုင်ခဲ့တာကြောင့် ဒီဆုကိုရရှိခဲ့တာဖြစ်တယ်လို့ ယူဆပါတယ်။ ရှေ့ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့သွားနေတဲ့ Made In Myanmar ဆိုတဲ့မြန်မာပြည်ကို ဂုဏ်ဆောင်နိုင်မယ့်ထုတ်ကုန်တွေ မြန်မာပြည်ကို ဂုဏ်ဆောင်နိုင်မယ့်အရာတွေကို ဒီထက်မက ကြိုးစားလုပ်ကိုင်သွားပါမယ်” ဟု ပြောကြားသည်။

ASEAN Business Awards (ABA) သည် ၂၀၀၇ ခုနှစ်မှစတင်၍ အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ASEAN BAC) က နှစ်စဉ်ကျင်းပသည့် နိုင်ငံတကာအဆင့် ဂုဏ်ထူးဆောင် အခမ်းအနားတစ်ခုဖြစ်သည်။

(၁၃)နှစ်ကြာ အကောင်အထည်ဖော်ကျင်းပခဲ့ခြင်းဖြစ်ပြီး အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စက်မှုလုပ်ငန်းတူများအကြားတွင် ၎င်းတို့၏ ရပ်တည်ချက်နှင့် ဂုဏ်သိက္ခာကို ထပ်မံအတည်ပြုမြှင့်တင်နိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပေါင်းစည်းမှုတို့ကို တိုးမြှင့်နိုင်ခြင်းနှင့် အာဆီယံဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်ကို မြှင့်တင်နိုင်ခြင်း စသည့်အခွင့်အလမ်းများ ရရှိစေခဲ့သည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်ရှိ ကျေးရွာငါးရွာတွင် သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်မည်

**ရှမ်း နိုဝင်ဘာ ၁၄**

ခနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းမြို့နယ်အတွင်းရှိ ဆတ်ခြံ၊ ဝွေးပင်၊ တောင်ဦး၊ ညောင်ပင်ခွ၊ ပြေသာကျေးရွာငါးရွာတွင် သောက်သုံးရေရရှိရေး စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆတ်ခြံ၊ ဝွေးပင်၊ တောင်ဦးကျေးရွာသုံးရွာတွင် သောက်သုံးရေရရှိရေးအတွက် အရှည် ၁၄/၄ မိုင်ရှိသော စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တစ်ကန်နှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်သုံးကန်တည်ဆောက်ခြင်း၊ ရေတားတမံတစ်ခုတည်ဆောက်ခြင်းလုပ်ငန်း၊ ညောင်ပင်ခွကျေးရွာတွင် အရှည်နှစ်မိုင်ရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ပြေသာကျေးရွာတွင် အရှည်ပေ ၂၆၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၀ ကျော်ဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပြောကြားသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက အိမ်ခြေ ၅၉၈ မှ လူဦးရေ ၂၆၆၁ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေရရှိရေး အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ဆက်လက်ပြောကြားသည်။

**ငြိမ်းသူ**

■

## တစ်လကျော်ကြာပိတ်ထားသည့် ပခုက္ကူကုန်စည်ဒိုင်ပြန်ဖွင့်

**ပခုက္ကူ နိုဝင်ဘာ ၁၄**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း တစ်လကျော်ကြာပိတ်ထားသည့် ပခုက္ကူမြို့နယ် ကုန်သည်ပွဲစားများအသင်း ပခုက္ကူကုန်စည်ဒိုင်ကို နိုဝင်ဘာ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ဒိုင်ကို ယခုနှစ် စက်တင်ဘာ ၂၅ ရက်မှစ၍ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး ယာယီပိတ်ထားရာမှ နိုဝင်ဘာ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ကုန်စည်ဒိုင်အတွင်းသို့ နံနက် ၉ နာရီမှ ၁၁ နာရီ ၄၅ မိနစ်အထိ အသင်းဝင်နှင့် ကိုယ်စားလှယ်တစ်ဦးစီသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ပခုက္ကူမြို့နယ်ကုန်သည်ပွဲစားများအသင်းမှ သိရသည်။

**ကိုဇော်(ခတ္တ)**

## စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

**ရွှေကူ နိုဝင်ဘာ ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအား နိုင်ငံတော်အစိုးရမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရွှေကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက ထောက်ပံ့ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများ အနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် ရွှေကူမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်စင်တာများတွင် ကူညီလျက်ရှိသည့် စေတနာ့ဝန်ထမ်းများ၏ သွားလာခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတွင် စက်သုံးဆီအတွက် ကုန်ကျစရိတ်နှင့် Lunch Box များ လိုအပ်နေခြင်းအတွက် နိုင်ငံတော်အစိုးရမှ ပြည်ထောင်စုရန်ပုံငွေဖြင့် မြို့နယ်လုံးဆိုင်ရာ နာရေးကူညီမှုအသင်းသို့ထောက်ပံ့ငွေကျပ် ၁၅၇၅၀၀၀၊ ငြိမ်းအေးချမ်းသာ လူမှုကူညီရေးအသင်းသို့ ထောက်ပံ့ငွေကျပ် ၃၈၅၂၀၀၀၊ ယုံကြည်ရာ ပရဟိတအသင်းသို့ထောက်ပံ့ငွေကျပ် ၃၆၆၃၀၀၀ နှင့်မြို့နယ်ကြက်ခြေနီအသင်းသို့ ထောက်ပံ့ငွေကျပ် ၄၅၅၄၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၃၆၄၄၀၀၀ အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သောက်သုံးရေသန့်ရှင်းမှု စမ်းသပ်စစ်ဆေး

**ကန့်ဘလူ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ကျေးရွာပေါင်း ၂၈၆ ရွာအနက် ကျေးရွာ ၃၂ ရွာတွင် ကျေးလက်နေပြည်သူများ နေ့စဉ်သောက်သုံးလျက်ရှိသည့် အများသုံး နေရာများမှ ရေနမူနာများကိုရယူကာ နိုဝင်ဘာလဆန်းပိုင်းမှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းသပ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့စမ်းသပ်စစ်ဆေးရာတွင် ဒေသခံပြည်သူများ၏ နေ့စဉ်သောက်သုံးလျက်ရှိသော ရေထွက်ပင်ရင်းများမှ ရေနမူနာကိုရယူပြီး ရေထဲတွင် လူနှင့် တိရစ္ဆာန်များ၏ အညစ်အကြေးပါဝင်မှုနှင့် အီကိုလိုင်ဗက်တီးရီးယားပိုးပါဝင်မှုရှိ/မရှိ ကို သိရှိနိုင်ရန် စစ်ဆေးပေးခြင်းဖြစ်ပြီး အီကိုလိုင်ပိုးပါဝင်မှုရှိပါက ဝမ်းပျက် ဝမ်းလျှောနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့်အတွက် သောက်သုံးရန် သင့်/မသင့်သိရှိနိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် စစ်ဆေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ထွန်းအောင်က ပြောကြားသည်။

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးအတွက် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်များ၊ အခြားရေရရှိနိုင်မည့် နည်းလမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိနေသေးသော ကျေးရွာများတွင်လည်း သောက်သုံးရေသန့်ရှင်းမှုကို ဆက်လက်စစ်ဆေးစမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ပန်နန်းဒင်မြို့အဝင် နမ့်တမိုင်လူကူးကြိုးတံတားသစ် တည်ဆောက်မှု ၉၅ ရာခိုင်နှုန်းခန့်ပြီးစီး



**ပန်နန်းဒင် နိုဝင်ဘာ ၁၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့အဝင်ရှိ နမ့်တမိုင်ချောင်း လူကူးကြိုးတံတားမှာ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် တောင်ကျချောင်းရေများ မြင့်တက်လာကာ စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် မျောပါပျက်စီးသွားခဲ့သဖြင့် ယင်းကြိုးတံတားကို စက်တင်ဘာလ နောက်ဆုံးပတ်မှ ဦးနောဒီတို့အဖွဲ့က ပျဉ်ခင်းကြိုးတံတားသစ် ပြန်လည်ဆောက်လုပ်လျက်ရှိရာ ယခုအခါ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ လူနှင့်ဆိုင်ကယ်များ ယာယီဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ပန်နန်းဒင်မြို့ လမ်းဦးစီးဌာန အင်ဂျင်နီယာ ဦးဇော်ရာဆင်ထံမှ သိရသည်။

အဆိုပါ လူကူးကြိုးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံများ၏ တင်ပြတောင်းဆိုမှုအရ ဆောက်လုပ်ပေးထားခြင်းဖြစ်ရာ အရှည်ပေ ၃၆၀၊ အကျယ်ခြောက်ပေခန့်ရှိ ပျဉ်ခင်းလူကူးကြိုးတံတားအမျိုးအစားဖြစ်သည်။ နမ့်တမိုင်ချောင်းကူးကြိုးတံတားမှာ ယခုတွင် ဆိုင်ကယ်နှင့် လူများသာ တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်ပြီး ကားသေးများမှာ ပန်နန်းဒင်တစ်ဖက်ကမ်းထိသာ သွားလာနိုင်သောကြောင့် ပန်နန်းဒင်မြို့ဘက်ကမ်းထိ ကားသေးများဖြတ်သန်းသွားလာနိုင်သော ကြိုးတံတားသစ်ဆောက်လုပ်ပေးပါက ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေး စသောအဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ဒေသခံဦးဖေရမ်နှင့် ဦးရမ်ဆားရဲတို့က ပြောကြားသည်။

**နောယော်ဘော် (ပြန်/ဆက်)**

## နောင်ယန်း-နောင်ဆိုင် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး



**ပန်ဆောင် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့ နောင်ယန်းကျေးရွာအုပ်စု နောင်ဆိုင်ကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေကျပ်သိန်း ၁၈၀ ဖြင့် ဖောက်လုပ်သော ကျေးရွာချင်းဆက်လမ်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေကျပ်သိန်း ၁၈၀ ဖြင့် ကူဝါတိုင်းယုံးကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည်တစ်မိုင်၊ လမ်းအကျယ် ၁၂ ပေ၊ ဂျင်းကျောက်ဒုခြောက်လက်မအပြင် လမ်းပခုံးမြေသားဖို့ခြင်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများပါဝင်ပြီး လမ်းပုံစံအတိုင်း စနစ်တကျဖောက်လုပ်ထားကြောင်း ကုမ္ပဏီတာဝန်ခံ ဦးမား(လ်)မတ်ဝမ်းစိန်ထံမှ သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ နောင်ယန်းကျေးရွာနှင့် နောင်ဆိုင်ကျေးရွာကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ဂျင်းကျောက်လမ်းအမျိုးအစားဖြစ်ပြီး ယခုအခါ လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာသူ ကျေးရွာသားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့အပြင် ယင်းကျေးလက်ဒေသရှိ တောင်သူများ၏ လယ်ဧက ၂၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါလယ်များမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများကိုလည်း ကုန်ကျစရိတ်သက်သာစွာ နီးစပ်ရာမြို့ရွာများသို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း နောင်ယန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးထိုက်ရှမ်းထံမှ သိရသည်။

**ရွှေမိုး-ဂျာယော် (ပြန်/ဆက်)**

## ဆေးခန်းလာပြသူ လူနာအရေအတွက်ကျဆင်းသော်လည်း ဖုန်းဆက်မေးမြန်းသူ များပြားလာ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ဖျားနာကု အခမဲ့ဆေးခန်းများသို့ လာရောက်ပြသသူ အရေအတွက် ရက်သတ္တပတ်အတွင်း ထက်ဝက်ခန့် ကျဆင်းသွားသော်လည်း ဖုန်းဆက်မေးမြန်းပြီး အိမ်၌ကြိတ်ကုသသည့်သူ များပြားလာကြောင်း လူထုအခြေပြု ဖျားနာလူနာကုဆေးခန်း များကွန်ရက် (ရန်ကုန်) တာဝန်ခံ ဒေါက်တာ ကျော်မင်းထွန်းက ပြောကြားသည်။

ဆေးခန်းသို့လာပြသည့် လူနာအရေအတွက် ကျဆင်းသွားခြင်းသည် ပိုးတွေ့လူနာ ကျဆင်းသွားခြင်းမျိုး မဟုတ်ဘဲ အချက်နှစ်ချက်ရှိနိုင်ကြောင်း၊ ပထမအချက်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဖျားနာကု အခမဲ့ဆေးခန်းများ တိုးချဲ့ ဖွင့်လှစ်လာနိုင်ခြင်းကြောင့် လူနာအများစုမှာ မိမိမြို့နယ်အတွင်း အလွယ်တကူ သွားရောက်ပြသနိုင်ခြင်းနှင့် ယခင်လို ဆေးခန်းတစ်ခု၌ စုပုံများပြားနေခြင်းမျိုး မရှိသည့်အတွက် လျော့နည်းရခြင်းဖြစ်နိုင်ကြောင်း၊ ဒုတိယအချက်မှာ အချို့လူနာများသည် ဆေးရုံဆေးခန်းလာရမှာ စိုးရိမ်သည့်အတွက် ဖုန်းဆက်မေးမြန်းကာ အိမ်၌ ကြိတ်ကုသပြီး အရေးပေါ်အခြေအနေမှသာ ရောက်ရှိလာခြင်းမျိုးလည်း ဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဖျားခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း၊ အားပြတ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုခံစားရပါက အိမ်၌ကြိတ်ကုသခြင်းများကို လုံးဝမပြုလုပ်သင့်ဘဲ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသကာ စစ်ဆေးကုသမှုများကို စောစီးစွာ ခံယူသင့်ကြောင်း၊ ထိုမှသာ အသက်ဆုံးရှုံးမှုကို ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖျားနာကု အခမဲ့ဆေးခန်းများ၌ နိုဝင်ဘာ ၆ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း လူနာဦးရေ ၁၀၀ ဝန်းကျင်မှ ၅၀ ဝန်းကျင်အထိ ထက်ဝက်ခန့် ကျဆင်းသွားကြောင်း လူထုအခြေပြု ဖျားနာလူနာကုဆေးခန်းများကွန်ရက် (ရန်ကုန်) မှ သိရသည်။

**သတင်း-အေးမင်းသူ**



**ဓာတ်ပုံ-SPT-FC**

# ကန့်ဘလူမြို့အဝင်ဂိတ်၌ ကျန်းမာရေးစစ်ဆေးခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိ



**ကန့်ဘလူ နိုဝင်ဘာ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကန့်ဘလူမြို့အဝင် စစ်ဆေးရေးဂိတ်တွင် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ခရီးသွားလာခွင့် ကျန်းမာရေး ထောက်ခံစာများ စစ်ဆေးခြင်း၊ ခရီးသွားရာဇဝင်များ ရယူခြင်းများကို ယနေ့ နံနက်ပိုင်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့တွင်းသို့ ဝင်ရောက်လာကြမည့် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ နေရပ်လိပ်စာရယူခြင်း၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ရယူခြင်းတို့ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များ၊ အလှည့်ကျဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ပူးပေါင်းကာ နေ့စဉ်စစ်ဆေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်း ပြည်ပဒေသများမှ မိမိတို့မြို့သို့ပြန်လည်ဝင်ရောက်လာပါက ကန့်ဘလူမြို့ရှိ တိုင်းရင်းဆေးရုံနှင့် အထက(ခွဲ)ညောင်အိုင်ကျောင်းတို့တွင် ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းများခံယူရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သရက်မြို့၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**သရက် နိုဝင်ဘာ ၁၄**
မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား စတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေများကို ယမန်နေ့ နံနက် ၈ နာရီက ဈေးရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ငွေများအား သရက်မြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအလိုက် တာဝန်ခွဲဝေပေးထားသော အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စုမှ အိမ်ထောင်စု ၉၀၉၁ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၈၁၈၂၀၀၀၀ ကို အိမ်ထောင်စုဝင်များလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

# ကိုဗစ်ကာလ၌ ကြက်ဥရောင်းအားတက်

**မုံရွာ နိုဝင်ဘာ ၁၄**
ကိုဗစ်ကာလတွင် ကြက်ဥရောင်းအား တက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကျော်လွင်ဦးထံမှ သိရသည်။

"အိမ်တိုင်းက အခါတိုင်းကြက်ဥ ငါးလုံး ၁၀ လုံး ဝယ်ရာက အလုံး ၃၀ နဲ့ ၄၀ စသဖြင့် ဝယ်ထားကြတော့ ကြက်ဥက ရောင်းအားတက်လာတယ်။ ကြက်ဥဈေးက တစ်ပိဿာကို ၂၅၀၀ ကျပ်ပါ။ ကြက်ဥဈေးကွက်က ချင်းတွင်း တစ်ကြောလုံးနဲ့ ရောဝတီနဲ့ ချင်းတွင်း မြစ်ကြားတစ်ကြောလုံး ပို့တာ မလောက်ပါဘူး။ စစ်ကိုင်းတိုင်း ဒေသကြီးက ကြက်ဥအလုံးရေ ၁၀ သိန်းလောက်ကို လိုတာပါ။ ကျန်တာက ပြင်ဦးလွင်၊ တောင်ကြီးနဲ့ နောင်ချိုတို့ဘက်ကနေ ဝင်လာတာပါ။ အဲဒီလိုဖြည့်ရင်တော့ ကြက်ဥက ပုံမှန်ပေါ့။ သယ်ယူစရိတ်တွေ သွားလာမှုတွေ အဆင်ပြေလာတော့ တစ်နိုင်ငံလုံး အနေအထားက နည်းရာက များရာစီးဆိုတော့ အဆင်ပြေနေတယ်။ တစ်ခါတလေ စစ်ကိုင်းတိုင်းက ပိုရင် တရုတ်ဘက်စီးဆင်းတာတို့ တရုတ်က ဈေးနည်းရင် စစ်ကိုင်းတိုင်းဘက် ပြန်စီးလာတာတို့လည်းရှိတယ်" ဟု ဒေါက်တာကျော်လွင်ဦးက ပြောသည်။



စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ရက်လျှင် ကြက်ဥ ငါးသိန်းခွဲခန့် ထွက်သည်။

"ကိုဗစ်ကာလ လမ်းတွေပိတ်တော့ မွေးမြူရေးလုပ်ငန်းက ဥပို့အစာသယ် ကြက်သယ်ပို့တာတွေ အမြဲရှိနေတော့ တခြားလုပ်ငန်းကားတွေနဲ့ ပိတ်မိသွားမှာစိုးရိမ်တဲ့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုတင်ပြတော့ အဆင်ပြေတယ်။ ထောက်ခံချက်နဲ့ သွားလို့ ရသွားတာပေါ့"ဟု ဥစားကြက်မွေးသူတစ်ဦးက ပြောသည်။

ကြက်ဥကို တောင်ကြီးနှင့် ပြင်ဦးလွင်က အများဆုံးထုတ်လုပ်ဖြန့်ချိနေခြင်းဖြစ်ရာ ကြက်ဥအမှာများလျှင်ဈေးတက်ပြီး အမှာနည်းလျှင် ဈေးကျကြောင်း သိရသည်။

**မျိုးဝင်းထွန်း**
**(မုံရွာ)**

# ဗိုလ်တထောင်မြို့နယ်၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့

**ရန်ကုန် နိုဝင်ဘာ ၁၄**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် နိုင်ငံတော်က စတုတ္ထအကြိမ် ထောက်ပံ့လျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၃)ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၂၀၅ စုအတွက် ထောက်ပံ့ငွေကျပ် ၈၂ သိန်းကို ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးကြောင်း သိရသည်။

ထောက်ပံ့ငွေများကို အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသူရစိုးတို့က အခြေခံလူတန်းစားအိမ်ထောင်စုများအား လက်ဝယ်အရောက်ပေးအပ်ပြီး ကိုယ်တိုင်လာရောက်မယူနိုင်သူများအား အိမ်တိုင်ရာရောက်သွားရောက်ပေးအပ်ခဲ့သည်။ ထောက်ပံ့ငွေရရှိသည့် ဒေါ်ထွေးထွေးအေးက ယခင်ကတစ်ခါမှမရရှိခဲ့ကြောင်း၊ စတုတ္ထအကြိမ် ထောက်ပံ့ရာတွင် နောက်တိုးစာရင်း၌ ပါရှိ၍ ထောက်ပံ့ငွေရရှိသည့်အတွက် ကျေးဇူးတင်ဝမ်းသာကြောင်း ပြောကြားသည်။ အမှတ်(၃)ရပ်ကွက်တွင် အိမ်ထောင်စု ၂၀၅ စုအား ငွေကျပ် ၄၀၀၀၀ စီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သိန်းသိန်း(ဗိုလ်တထောင်)**



# မအူပင်မြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း အခြေခံအိမ်ထောင်စုများအား ထောက်ပံ့

**မအူပင် နိုဝင်ဘာ ၁၄**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း အခြေခံလူတန်းစားများ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးချိန်တွင် မိသားစုအလိုက် စားဝတ်နေရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်က ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိရာ တာဝန်ရှိသူများက အမှတ်(၇)ရပ်ကွက်၊ ဓမ္မသုခစာရီကျောင်းတိုက်နှင့် ရပ်ကွက်ကျေးရွာများသို့ ထောက်ပံ့ငွေများ ယနေ့ စတင်ပေးအပ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် ထောက်ပံ့ငွေပေးအပ်ရာတွင် မအူပင်မြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ကာလတွင် Stay at Home သတ်မှတ်ခံရသည့် မြို့နယ် သုံးမြို့နယ်အတွင်း ပါဝင်သဖြင့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး Stay at Home မပါဝင်သော မြို့နယ်များအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

မအူပင်မြို့နယ်အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၈ အုပ်စုရှိ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် ငွေကျပ် ၁၇၆၁၃၂၀၀၀၀ ရရှိခဲ့ပြီး ထောက်ပံ့မှု ရရှိသည့် အိမ်ထောင်စုစာရင်းများသည် ကိုဗစ်-၁၉ ကြိုတင် ကာကွယ်ရေးကာလအတွင်း ပစ္စည်းငါးမျိုးနှင့် ငွေသားများ ထောက်ပံ့မှုရရှိခဲ့သော အိမ်ထောင်စုများစာရင်းကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် ထပ်မံကောက်ယူထားသည့် အိမ်ထောင်စုများ မပါသေးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**အောင်ခိုင်**
**အောင်မြင့်မြတ်(မအူပင်)**



# သနပ်ပင်မြို့နယ် ကမာစဲမြစိမ်းရောင်(ငါးကဏ္ဍ) တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**သနပ်ပင် နိုဝင်ဘာ ၁၄**
ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ် ကမာစဲမြစိမ်းရောင်(ငါးကဏ္ဍဖွံ့ဖြိုးရေး) စီမံကိန်းကျေးရွာ၏ စီမံကိန်းအတိုးရငွေမှ ကျပ်သိန်း ၁၂၀ နှင့် ပြည်သူ့ထည့်ဝင်ငွေဖြင့် ဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ လမ်းသုံးလမ်းခင်းခြင်း ဆောင်ရွက်ထားမှုအား ယမန်နေ့က ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့်အတူ သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးက လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည်များကို အမြန်ဆုံး အပြီးသတ်ဆောင်ရွက်သွားနိုင်ရေး ကျေးရွာမြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုင်းရယ်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်းဖြစ်သော လွယ်ဆိုင်ကျေးရွာမှ မိုင်းဟ-မန်မုံကျေးရွာချင်းဆက်လမ်းပိုင်း(၄/၁)မိုင် မြေလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၈၄၇ သန်းဖြင့် မြေသားလမ်း(၃/၂)မိုင်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ အဆိုပါကျေးရွာချင်းဆက် မြေသားလမ်းအား နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၂၆၆ သန်းဖြင့် ဖြုန်းကျောက်ခင်းခြင်း(၃/၂)မိုင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖွံ့ဖြိုးမှုကြီးကြပ်မှုး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့်တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးသွားပါက ယင်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျေးရွာ ၁၂ ရွာမှ အိမ်ထောင်စု ၅၈၀ နှင့် ဒေသခံပြည်သူ ၂၉၇၉ ဦးတို့အတွက် အချိန်တိုအတွင်း မိုင်းရယ်မြို့နှင့်လားရှိုးမြို့သို့ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

## ဒီးမော့ဆိုမြို့နယ်၌ အခြေခံအိမ်ထောင်စု ၅၈၁၂ စုအား စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ပေးအပ်

**ဒီးမော့ဆို နိုဝင်ဘာ ၁၄**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဒေါတမကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအား ထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။



ထိုသို့ ထောက်ပံ့ငွေများပေးအပ်ရာတွင် ဒီးမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် ဌာနဆိုင်ရာများက ဒေါတမကြီးကျေးရွာအုပ်စုရှိ ဒေါတမကြီး၊ ဒေါညေးခူ၊ ဒေါကော့၊ ဒေါဖာ၊ ဒေါဆိုဖျနှင့် ဒေါတချကျေးရွာတို့မှ အိမ်ထောင်စု ၁၅၁ စုအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၀၂၀၀၀၀ ကို ကျေးရွာအရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ဒီးမော့ဆိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၅၈၁၂ စုအား အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

ရီရယ်(ပြန်/ဆက်)

## တံတားဦးမြို့နယ်၌ အခြေခံအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ ကျေးရွာအရောက် ပေးအပ်

**တံတားဦး နိုဝင်ဘာ ၁၄**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် စတုတ္ထအကြိမ် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သော ထောက်ပံ့ငွေများကို ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ပူးပေါင်းကာ ထောက်ပံ့ပေးအပ်ကြသည်။

**ကွင်းဆင်းထောက်ပံ့**

ထိုသို့ပေးအပ်ရာတွင် ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမောင်၊ နွားခြံကြီးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများပါဝင်သော အဖွဲ့သည် နွားခြံကြီးကုန်းကျေးရွာအုပ်စုရှိ ကျေးရွာငါးရွာတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၉၇၆ စုအတွက် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၉၅၂၀၀၀၀ ကို ကျေးရွာများအရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုလို ကိုဗစ်-၁၉ ကာလတွင် နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့မှုအတွက် အလွန်ပင် ဝမ်းသာမိကြောင်း၊ ပြည်သူပြည်သားများ ရောဂါကပ်ဆိုးဘေးမှလည်း ကင်းဝေးပါစေကြောင်း မိသားစုဝင်တစ်ဦးက ပြောသည်။

တံတားဦးမြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၈၅၄၆ စုအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် စုစုပေါင်း ၇၇၀၉၂၀၀၀၀ အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အပြင်ထွက်တိုင်း နှာခေါင်းစည်းဝတ်ဆင်ရန် နေ့စဉ်ကြပ်မတ် စစ်ဆေး

**ကွမ်းခြံကုန်း နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မြို့မဈေးကြီးအတွင်းနှင့် လူအများသွားလာရာ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် နှာခေါင်းစည်းဝတ်ဆင်လာခြင်း မရှိသူများအား အသိပညာပေးခြင်း၊ စည်းကမ်းမလိုက်နာသူများအား ဒဏ်ကြေးငွေပေးဆောင်စေခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အလေးထားလိုက်နာမှုရှိစေရန် နေ့စဉ်အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့မဈေးကြီးအတွင်း ဈေးရောင်းချသူ ဈေးဝယ်သူများနှင့် မြို့လယ်ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် သွားလာနေသူများ၊ စက်ဘီး၊ ဆိုင်ကယ်၊ အနေးယာဉ်၊ မော်တော်ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို အလေးထားလိုက်နာကြရန် အသိပညာပေးနှိုးဆော်ခြင်း၊ အပြင်ထွက်လာသူတိုင်းအား နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိပါက ဒဏ်ကြေးငွေ ၂၀၀ ကျပ် ပေးဆောင်စေပြီး နှာခေါင်းစည်းတစ်ခုပေး၍ ချက်ချင်းဝတ်ဆင်စေကာ အသိပညာပေးခြင်းများကို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းစိုး(ကွမ်းခြံကုန်း)

## လိုင်လင်းပီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ အိမ်တိုင်ရာရောက် ဖြန့်ဝေပေး

**လိုင်လင်းပီ နိုဝင်ဘာ ၁၄**

ချင်းပြည်နယ် လိုင်လင်းပီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် တစ်ဦးချင်းအလှူရှင်များပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ နှာခေါင်းစည်း ၁၈၀၀၀ လှူဒါန်းခြင်းကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။

**ဂုဏ်ပြုလွှာပေးအပ်**

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ နှာခေါင်းစည်းများ လှူဒါန်းပေးရခြင်းများနှင့် ပတ်သက်၍ "ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြည်သူတွေအနေနဲ့ အိမ်အပြင်ထွက်တိုင်း နှာခေါင်းစည်းတွေ အလွယ်တကူ ဝတ်ဆင်လို့ရအောင် လှူဒါန်းပေးရခြင်းဖြစ်ပါတယ်။ အဲဒီနှာခေါင်းစည်းတွေကို အိမ်တိုင်ရာရောက် ဆက်လက်ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု အလှူရှင်တစ်ဦးက ပြောကြားသည်။

**၅၀ ပါတစ်ဘူးနှုန်း ဖြန့်ဝေ**

ထို့နောက် အဆိုပါ နှာခေါင်းစည်းများကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့တို့က တစ်အိမ်ထောင်လျှင် နှာခေါင်းစည်း ၅၀ ပါတစ်ဘူးနှုန်းဖြင့် အိမ်တိုင်ရာရောက် ဖြန့်ဝေပေးကြပြီး နှာခေါင်းစည်းများ အခမဲ့ရရှိမှုအပေါ် ပြည်သူတစ်ဦးက "အခုချိန်မှာ တစ်ကမ္ဘာလုံးကကြောက်နေရတဲ့ ကပ်ရောဂါကြိုတင်ကာကွယ်နိုင်ဖို့အတွက် အိမ်တိုင်ရာရောက် နှာခေါင်းစည်းတွေလှူဒါန်းပေးကြတဲ့ လိုင်လင်းပီမြို့က တာဝန်ရှိသူတွေနဲ့ အလှူရှင်အဖွဲ့အစည်းတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ယင်းနှာခေါင်းစည်းများကို Lailenpi United၊ Mara Land Covid-19 Prevention Committee၊ Win Win Organization၊ စိုးမိသားစုနှင့် မြို့မိမြို့ဖများ ပူးပေါင်း၍ လှူဒါန်းပေးကြခြင်းဖြစ်ကြောင်း သိရသည်။

ယာကမ်(ပြန်/ဆက်)

## ပြင်စလူမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်

**ပြင်စလူ နိုဝင်ဘာ ၁၄**

ရောဝတီတိုင်းဒေသကြီး ပြင်စလူမြို့၌ နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ရပ်ကွက်၊ ကျေးရွာများတွင် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၄၈၁ စုအတွက်ထောက်ပံ့ငွေကျပ် ၉၆၂၀၀၀၀ အား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကွက်စာရေးများက အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။



ဇင်ဖြိုးသူ(ပြန်/ဆက်)

COVID- 19 ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့

# ကိုဗစ်ကာလ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဒုတိယအကြိမ် စုပေါင်းလှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့ရှိ မြို့နယ် ၁၇ မြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ စုစုပေါင်း ၂၇၀ သို့ အခြေခံစားသောက်ကုန်ကိုးမျိုးနှင့် တိုင်းရင်းဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သန်လျင်မြို့နယ်ရှိ စန္ဒီသက်သတ်လွတ်ဘုရားကျောင်းတွင် ကျင်းပသည်။

**ဒုတိယအကြိမ် လှူဒါန်း**

စန္ဒီပရဆေးမိသားစုက ဦးဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးမိသားစုများ၊ မေတ္တာပြည့်ဝသာသနာပြုအသင်း၊ နှစ်ဦးဓမ္မသဘင်အလှူရှင်မိသားစုများနှင့် တိုင်းကြက်ခြေနီအသင်းတို့ စုပေါင်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့ရှိ မြို့နယ် ၁၇ မြို့နယ်မှ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း ၂၇၀ သို့ တစ်ကျောင်းလျှင် အခြေခံစားသောက်ကုန်များဖြစ်ကြသော ဆွမ်းဆန်တော် တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ ဆား တစ်အိတ်၊ ဆေးမျိုးစုံ၊ လက်သန့်ဆေး၊ နှာခေါင်းစည်း တစ်အိတ်၊ ကုလားပဲ ၁၅ ပိဿာ၊ အာလူး ၁၅ ပိဿာ၊ ခေါက်ဆွဲခြောက် သုံးဖာ၊ ကော်ဖီမစ် သုံးပါကင်၊ ကြက်သွန်နီ ၁၅ ပိဿာနှင့် တိုင်းရင်းဆေးဝါးမျိုးစုံတို့အား ဒုတိယအကြိမ် ပေးအပ်လှူဒါန်းကြသည်။

"ကိုဗစ်ကာလမှာ အားလုံးက ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းတွေအတွက် ပေးအပ်လှူဒါန်းနေကြပါတယ်။ အဲဒါကလည်း အလွန်ကောင်းတဲ့ အလှူဒါနဖြစ်ပါတယ်။ သံဃာတော်များ၊ သီလရှင်ဆရာလေးများကလည်း ကိုဗစ်ကာလမှာ အပြင်ထွက်မရတော့ ဆွမ်းခက်ခဲကြပါတယ်။ အဲဒီအတွက် ဆွမ်းအခက်အခဲမရှိရအောင် စန္ဒီပရဆေးမှ ဦးတင်မောင်က စတင်ပြီး အလှူခံဆောင်ရွက်တာမို့ တိုင်းရင်းဆေးမိသားစုများက ပါဝင်လှူဒါန်းဖြစ်ပါတယ်" ဟု ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦးက ပြောသည်။

ယနေ့ နံနက်ပိုင်းက သန်လျင်မြို့နယ် စန္ဒီသက်သတ်လွတ်ဘုရားကျောင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် ပင့်သံဃာတော်များအား အလှူရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ သန်လျင်၊ ကျောက်တန်း၊ သုံးခွနှင့် ခရမ်းမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၅၇ ကျောင်းတို့အတွက် လှူဖွယ်ပစ္စည်းများအား ကြက်ခြေနီတပ်ဖွဲ့ဝင်များမှတစ်ဆင့် ပေးပို့လှူဒါန်းကြသည်။

ယင်းနောက် ညနေပိုင်းတွင် လှိုင်သာယာမြို့နယ် စန္ဒီပရဆေးစက်ရုံဝင်းအတွင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် အနောက်ပိုင်း ငါးမြို့နယ်နှင့် မြောက်ပိုင်းခရိုင်ရှစ်မြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆက်လက်လှူဒါန်းကြသည်။ နိုဝင်ဘာ ၁၁ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဆရာတော်ကြီး ၁၁ ပါးတို့၏ ကျောင်းတိုက်များသို့ သွားရောက်ကာ လှူဖွယ်ပစ္စည်း ကိုးမျိုးအား ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေက "အခုလိုအလှူဖြစ်မြောက်ဖို့အတွက် တိုင်းရင်းဆေးမိသားစု အလှူရှင်တွေရော၊ မေတ္တာပြည့်ဝသာသနာပြုအသင်း၊ နှစ်ဦးဓမ္မသဘင် အလှူရှင်မိသားစုတွေရော အထူးကျေးဇူးတင်ပါတယ်။ အလှူဖြစ်မြောက်ဖို့ အစစအရာရာ ကူညီပေးတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်များကိုလည်း ကျေးဇူးပါတယ်။ အခွင့်အခါသင့်ရင် ဒီလို ထပ်မံလှူဒါန်းဖို့ ကြိုးစားကြဦးမှာပါ" ဟု ပြောသည်။

ပထမအကြိမ်အဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့ရှိ မြို့နယ် ၂၂ မြို့နယ်မှ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း ၃၆၀ သို့ အောက်တိုဘာလအတွင်းက လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့က လုပ်အားကူညီကာ စာရင်း ကောက်ယူခြင်း၊ ပေးပို့လှူဒါန်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့သည်။

**နှစ်ကြိမ်ခွဲလှူဒါန်း**

စန္ဒီပရဆေးမိသားစုမှ ဦးဆောင်ပြီး တိုင်းရင်းဆေးမိသားစုများ၊ မေတ္တာပြည့်ဝသာသနာပြုအသင်း၊ နှစ်ဦးဓမ္မသဘင်အလှူရှင်မိသားစုများနှင့် တိုင်းကြက်ခြေနီအသင်းတို့မှ စုပေါင်း၍ ရန်ကုန် ခရိုင် လေးခုအတွင်း မြို့နယ် ၃၉ မြို့နယ်ရှိ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း ၆၃၀ သို့ တစ်ကျောင်းလျှင် အခြေခံစားသောက်ကုန်များဖြစ်ကြသော ဆွမ်းဆန်တော်တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ ဆား တစ်အိတ်၊ ဆေးမျိုးစုံ၊ လက်သန့်ဆေး၊ နှာခေါင်းစည်း တစ်အိတ်၊ ကုလားပဲ ၁၅ ပိဿာ၊ အာလူး ၁၅ ပိဿာ၊ ခေါက်ဆွဲခြောက် သုံးဖာ၊ ကော်ဖီမစ် သုံးပါကင်၊ ကြက်သွန်နီ ၁၅ ပိဿာနှင့် တိုင်းရင်းဆေးဝါးမျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၁၀၀၀ ကျော်တို့အား နှစ်ကြိမ်ခွဲကာ ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

**အောင်ငွေး**

# တီးတိန်မြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ဆောင်ရွက်နေသည့် နေကြာစိုက်ပျိုးခြင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ ကျေးရွာခြောက်ရွာ၌ မတည်ရန်ပုံငွေ စီမံကိန်း (VRFP) လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပုံစံသုံးမျိုးခွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဆိုင်းဇန်ကျေးရွာတွင် ပုံစံ - ၁ မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မတည်ပြီး စိုက်ပျိုးရေး လုပ်ငန်းတွင် မိုးနှောင်းပိုင်း နေကြာစိုက်ပျိုးခြင်းလုပ်ငန်းသည် အထူးအောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



**အသင်းဝင် ၁၁၀ ရှိ**

အဆိုပါ ဆိုင်းဇန်ကျေးရွာတွင် မတည်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး လုပ်ကိုင်သူ ၁၁ ဦး၊ မွေးမြူရေး လုပ်ကိုင်သူ ၈၇ ဦး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ ၁၂ ဦး အသင်းဝင် စုစုပေါင်း ၁၁၀ ရှိကြောင်း အသင်းဝင်တစ်ဦးထံမှ သိရသည်။

**လျန်ပီး(သတင်းစဉ်)**

# နောင်ချိုမြို့နယ်၌ စပါးစံကွက်ရိတ်သိမ်း

**သီပေါ နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်(CERP) အရ ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု ရေမောင်းတန်းကျေးရွာမှ တောင်သူ ဦးကျုံးပေါင်း၏ လယ်မြေ (Fs to Rs) ငါးဧက ရွှေရင်အေးအထွက်ကောင်းမျိုးစံထွက် ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် အဆင့်မြင့်မျိုးစေ့ သန့်စင်စက်ဖြင့် မျိုးစေ့သန့်စင်ခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက အဆိုပါလယ်မြေ၌ ကျင်းပသည်။



စံကွက်ရိတ်သိမ်းပွဲသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးထွန်းဝေ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဦးမင်းလွင်ဦးနှင့် ဒေသခံမျိုးစေ့ထုတ်တောင်သူများ တက်ရောက်ကြသည်။

တောင်သူ ဦးကျုံးပေါင်း၏ စပါးစိုက်ခင်းကို ရိတ်သိမ်းခြွေလှေ့ကြရာ တစ်ဧကအခြောက် တင်း ၁၂၅ ဒသမ ၇၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❂ ကာမိုင်းမြို့မှ

အဆိုပါ ထောက်ပံ့ပေးအပ်ရာ၌ ဖားကန့်မြို့နယ်သည် မိမိနေအိမ်တွင် နေထိုင်ရေး သတ်မှတ်ထားသောမြို့နယ်ဖြစ်သည့်အတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် လေးသောင်းစီဖြင့် ကာမိုင်းမြို့ပေါ်ရပ်ကွက်တွင် အိမ်ထောင်စု ၅၈၀၊ ကောင်ရာကျေးရွာတွင် အိမ်ထောင်စု ၂၃၅ စု၊ နန့်စီးအင်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၉၆ စု၊ ကထန်ယန်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၁၉၇ စု၊ ဂေါ်ရီကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၂၅၀၊ နန့်ယားကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၆၈ စုနှင့် ကပ်မော်ဇွပ်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၂၈၆ စု စုစုပေါင်းအိမ်ထောင်စု ၁၇၁၂ စုတို့အတွက် တန်ဖိုးငွေကျပ် ၆၈၄၈၀၀၀၀ တို့ကို မြို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ၊ ရာအိမ်မှူးများနှင့် လူမှုကူညီရေးအသင်းအဖွဲ့တို့က ပူးပေါင်း၍ အဖွဲ့များခွဲပြီး ပြည်သူများထံသို့ လက်ဝယ်အရောက် နေ့ချင်းပြီး အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဖွဲ့သူရအောင်(ပြန်/ဆက်)**




# တိုင်ဖုန်းမုန်တိုင်း ဗမ်ကို အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖုန်းမုန်တိုင်း ဗမ်ကိုသည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ တိုင်ဖုန်းမုန်တိုင်း ဗမ်ကိုသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# မြန်မာကလပ်များ ယှဉ်ပြိုင်ခွင့်ရထားသည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲကို ပုံမှန်အတိုင်းကျင်းပမည်ဟု AFC ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၁၄**

မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်ခွင့်ရထားသည့် အာရှအဆင့် ကလပ်ပြိုင်ပွဲနှစ်ခုဖြစ်သည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတို့ကို လာမည့်နှစ်တွင် ပုံမှန်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

**ယှဉ်ပြိုင်ခွင့်ရထား**

ယင်းပြိုင်ပွဲနှစ်ခုတွင် မြန်မာကလပ်နှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားပြီး ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်၊ ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ဟံသာဝတီအသင်းက AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တို့မှ ကစားရမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ် အာရှချန်ပီယံလိဂ် ခြေစစ်ပွဲတွင် ၂၀၁၅ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။ ဟံသာဝတီအသင်းသည် အာရှအဆင့်ကလပ်ပြိုင်ပွဲတွင် ပထမဆုံး ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် သုံးကြိမ်မြောက်နှင့် AFC Cup ပြိုင်ပွဲတွင် လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၉ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကြိုခြေစစ်ပွဲ ပထမအဆင့်မှ ထွက်ခဲ့ရပြီး ၂၀၁၉ AFC Cup ပြိုင်ပွဲတွင်မူ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ယှဉ်ပြိုင်ခဲ့သော်လည်း အုပ်စုအဆင့် ပထမအကျော့အပြီးတွင် ကပ်ရောဂါကြောင့် ပြိုင်ပွဲဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကလပ်ပြိုင်ပွဲဖြစ်သည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတို့ကို လာမည့်နှစ်တွင် ပုံမှန်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသော်လည်း ကျင်းပမည့်ကာလကိုမူ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် နှစ်များတွင် ပြိုင်ပွဲနှစ်ခုစလုံး၏ ခြေစစ်ပွဲကို ဇန်နဝါရီလနှင့် အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီလတွင် စတင်ကျင်းပလျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါ အခြေအနေအပေါ်မူတည်၍ လာမည့်နှစ် အာရှချန်ပီယံလိဂ် ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲကျင်းပမည့်ကာလကို ထပ်မံထုတ်ပြန်မည်ဖြစ်ပြီး ခြေစစ်ပွဲများကျင်းပပြီးပါက အုပ်စုအဆင့်နှင့် ရှုံးထွက်အဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပရမည်ဖြစ်သည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် AFC Cup ပြိုင်ပွဲကို ဖျက်သိမ်းခဲ့ရပြီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲကိုမူ နှစ်ကုန်ပိုင်းတွင် ပြန်လည် ကျင်းပလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**



လာမည့်ရာသီ အာရှအဆင့်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရထားသည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ ၂၀၂၀ MNL ပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။





MYANMAR COSMETICS ASSOCIATION

## ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

ဒေါ်နီနီအောင် (Director, Myanmar Belle Co.,Ltd)
Kos'e Cosmetics Japan Distributor ၊
(ဗဟိုအလုပ်အမှုဆောင် - မြန်မာနိုင်ငံအလှကုန်အသင်း) သည်
ASEAN Business Inclusive Award 2020 ကို
လက်ခံရရှိသွားပါသဖြင့် မြန်မာနိုင်ငံအလှကုန်အသင်းမှ
ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံအလှကုန်အသင်း




## ဒေါ်နန်းမွန် [၁၃/တကန(နိုင်)၀၆၆၅၂၅] နှင့် အများသိစေရန် ရှင်းလင်းတုံ့ပြန် အသိပေးခြင်း

**ဦးခွန်မင်းဆွေ [၁၃/တကန(နိုင်)၀၄၈၇၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

၁။ (၆-၁၁-၂၀၂၀)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးခွန်မင်းဆွေနှင့် သက်ဆိုင်သူများသိစေရန် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော ကြေညာချက်အပေါ် ရှင်းလင်းတုံ့ပြန်အသိပေးခြင်းဖြစ်ပါသည်။

၂။ ဦးခွန်မင်းဆွေနှင့် ဒေါ်နန်းမွန်တို့သည် (၁-၁-၂၀၁၉) ရက်စွဲပါ နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်း သဘောတူစာချုပ်ကို အသိသက်သေများရှေ့မှောက်၌ ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ (၁၁-၅-၂၀၁၉) ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ ဦးခွန်မင်းဆွေနှင့်ဒေါ်နန်းမွန်တို့သည် (၁-၁-၂၀၁၉) ရက်မှစပြီး ယနေ့အချိန်ထိ ပေါင်းသင်းဆက်ဆံခြင်းမရှိတော့ဘဲ သီးခြားလွတ်လပ်စွာဖြင့် နေထိုင်ခဲ့ကြပါသည်။

၄။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်၍ လင်မယားအဖြစ် ပေါင်းသင်းစဉ်က တည်ရှိခဲ့သော အတူပိုင်ပစ္စည်းအရပ်ရပ်ကို ခွဲဝေပေးရန်အတွက် ဒေါ်နန်းမွန်၏ရှေ့နေမှ ဦးခွန်မင်းဆွေ၏ရှေ့နေထံသို့ အကြောင်းကြားစာပေးပို့ခြင်း၊ ဦးခွန်မင်းဆွေဘက်မှ ခွဲဝေရမည့် ပစ္စည်းစာရင်းတင်ပြခြင်းများကို အပြန်အလှန်အကြောင်းကြားစာများဖြင့် ပေးပို့ ညှိနှိုင်းခဲ့ကြပါသည်။ ယင်းသို့ ညှိနှိုင်းကြစဉ်အတွင်း ဦးခွန်မင်းဆွေမှ မိမိတို့၏ နိုင်ငံပြင်ပတွင် ပညာသင်နေသူ သားနှင့်သမီးတို့အား ကျောင်းစရိတ်များကို ပံ့ပိုးပေးလျက်ရှိပါသည်။ ဆက်လက်၍လည်း ပံ့ပိုးနေမည်ဖြစ်ပါသည်။

၅။ လင်မယားနှစ်ဦးပိုင် ပစ္စည်းနှင့်ပတ်သက်ပြီး နှစ်ဖက်အငြင်းပွားမှုများ တည်ရှိခဲ့ပါသည်။ သို့သော် နှစ်ဖက်မှအငြင်းမပွားသည့်ပစ္စည်းမှာ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဟ-၁၅)(၃၁+၃၂) ဦးအောင်နိုင်မြင့်အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်သည် ဦးအောင်နိုင်မြင့်၊ ဦးကျော်ကျော်ထွန်းနှင့် ဦးခွန်မင်းဆွေတို့မှ ပူးတွဲ၍ ညီတူညီမျှ ပိုင်ဆိုင်သောပစ္စည်းဖြစ်ပါသည်။ ယင်းပစ္စည်းကို ဒေါ်နန်းမွန်၏သဘောတူညီချက်ဖြင့် ထုခွဲရောင်းချပြီး ဖြစ်ပါသည်။ ယင်းသို့ ထုခွဲရောင်းချပြီးနောက် ဦးခွန်မင်းဆွေ ရရှိသည့် အစုငွေကျပ်သိန်း (၁၆၀၀)နှင့်ပတ်သက်ပြီး ဦးခွန်မင်းဆွေမှ ဒေါ်နန်းမွန်ထံသို့ ငွေကျပ်သိန်း (၈၀၀)ကို ခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။

၆။ ဦးခွန်မင်းဆွေအနေဖြင့် လင်မယားကွာရှင်းပြတ်စဲပြီးသည့်နေ့မှစ၍ ယနေ့အချိန်ထိ သားသမီးများ၏ ပညာသင်စရိတ်၊ အသုံးစရိတ်များကို အတတ်နိုင်ဆုံးပံ့ပိုးပေးလျက်ရှိပါသည်။ ဇနီးဟောင်းအား ပိုင်ဆိုင်မှုခွဲဝေပေးခြင်း၊ သားသမီးများအား ငွေကြေးထောက်ပံ့မှုပြုနေခြင်းတို့ကို တာဝန်ကျေစွာဆောင်ရွက်နေပါလျက် သတင်းစာတွင် ဒေါ်နန်းမွန်နှင့် သားသမီးများအား တရားမျှတမှုမရှိသည့် ရက်စက်သူ၊ တာဝန်မကျေပွန်သူအဖြစ် အများပြည်သူ အထင်အမြင်လွဲမှားအောင် ပုံဖော်ရေးသားကြော်ငြာခြင်းကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုအပ်ပါသည်။ နောက်နောင်တွင် ဤသို့သော သိမ်ဖျင်းသည့်လုပ်ရပ်များ ထပ်မံမပြုလုပ်ရန် ပြင်းထန်စွာ သတိပေးအပ်ပါသည်။

၇။ ဒေါ်နန်းမွန်အနေဖြင့် ဖော်ပြပါ (၆-၁၁-၂၀၂၀) ရက်ထုတ် သတင်းစာကြေညာချက်အား ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုပါသည်။ ဒေါ်နန်းမွန်ဘက်မှ တရားစွဲဆိုမည်ဆိုပါကလည်း ရင်ဆိုင်ဖြေရှင်းမည်ဖြစ်ကြောင်းနှင့် ပြန်လည်တရားစွဲဆိုရန်လည်း အသင့်ရှိပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှိုင်ဘွား LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၃၀/၂၀၁၂)**
**အမှတ်-၄၇၅၊ ပထမထပ်(ယာ)၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၅၅၂၂၀၄၊ ၀၈၉၂၇၅၅၀၁၂**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မဟာဘောဂလမ်း၊ တိုက်အမှတ်(၈) ဟုခေါ်တွင်သော RC နှစ်ခန်းတွဲ(၆)ထပ်တိုက်၏ အပေါ်ဆုံးထပ် (၆-လွှာ-B)(ခြေရင်းခန်း) အကျယ်အဝန်း(၁၂.၅ပေx၅၀ပေ)ခန့်ရှိ RC တိုက်ခန်းနှင့် ရေမီးစုံလင်စွာပါရှိပြီး ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေး[၁၂/ကမရ(နိုင်)၀၂၉၅၂၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေများ-**

| | | | |
|---|---|---|---|
| ဒေါ်ဆွေဆွေ | ဦးမြင့်သန်း | ဒေါ်သီရိလှိုင် | ဦးအောင်ဇော်မိုး |
| (စဉ်-၃၀၀၃) | (စဉ်-၆၉၆၃) | (စဉ်-၁၅၂၆၀) | (စဉ်-၁၆၃၅၆) |

Zaluckpwint Real Estate & Law Firm 2013 @gmail.com
အမှတ်(၅၅/၅၆)၊ ကျိုက်ပိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
Ph-09-5018076

## လင်မယားကွာရှင်းပြီးစီးကြောင်းကြေညာခြင်း

အဖ ဦးကျော်ဒင်၏သမီး မငြိမ်းငြိမ်းနု[၁၂/ဗဟန(နိုင်)၀၁၆၇၇၇]ကိုင်ဆောင်သူနှင့် အဖ ဦးဆောင်း၏သား ကိုတင်မောင်နီ [၁၂/ဗဟန(နိုင်)၀၁၀၄၁၇]ကိုင်ဆောင်သူတို့သည် အကြင်လင်မယားအဖြစ်(၁၂)နှစ်ခန့် ပေါင်းသင်းခဲ့ကြပြီး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သည့်အတွက် (၇-၁၀-၂၀၂၀)ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ မငြိမ်းငြိမ်းနုမှ အပြီးအပြတ် ကွာရှင်းပေးခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မငြိမ်းငြိမ်းနု၊ ၎င်း၏မိသားစုနှင့်ပတ်သက်သော မဟုတ်မမှန်ပြောဆိုခြင်း၊ မငြိမ်းငြိမ်းနု၏ တရားဝင်သုံးစွဲနေသော (FB)အကောင့်နှင့်ပတ်သက်၍ ကိုယ်စားဝင်ရောက်နှောင့်ယှက်ခြင်း၊ မလိုလားအပ်သောကိစ္စရပ်များဖော်ပြခြင်းများ မပြုလုပ်ပါရန် သိစေအပ်ပါသည်။ ရှိလာပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကာယကံရှင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မငြိမ်းငြိမ်းနု၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အောင်ကျော်မ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၈၈/၁၇)**
**အမှတ်(၁၈)၊ (၃-လွှာ/ဘီ)၊ မလွကုန်းလမ်း၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၉၄၆၊ ၀၉-၇၉၉၁၅၈၅၈၄**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ပြည်လမ်း၊ ယိုးဒယားလမ်းသွယ်၊ ခြံအမှတ် (၁၃)နေ ဦးမောင်ဖေ [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)-ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန]- ဒေါ်လှမေမြင့်တို့၏သားကြီး

**ဗိုလ်ကြီးအာကာဖေ**

**M.B.,B.S (DSMA), Diploma in Anatomical Pathology (Moscow), M.Med.Sc (Clinical Pathology)**

**အမှတ် (၁)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)**

**နှင့်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ တိုက် (A3-803)နေ ဦးစိုးလွင်ဦး-ဒေါ်မြမြဦး [ဦးစီးအရာရှိ(ငြိမ်း)-လဝက] တို့၏သမီး

**မဥမ္မာမေမောင် (AMY)**

**B.Sc (Chemistry), Flight Attendant (Myanmar Airways International)**

တို့သည် နှစ်ဖက်သောလူကြီးမိဘများနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင့်တင့်မော်တို့၏ ရှေ့မှောက်တွင် ၁၂-၁၁-၂၀၂၀ ရက်၌ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးအာကာဖေ-မဥမ္မာမေမောင် (AMY)**

## FAME

Air Con ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
**ဖုန်း-၀၉-၇၈၀၂၀၇၉၄၅၊ ၀၉-၆၉၂၇၃၁၄၀၈**

ဆိုဒ် ခမ္မ သိယံ
**ခေတ်မြန်မာဆေးသုတ်အဖွဲ့**

| | |
|---|---|
| Unitex | 1'×1' = 250 |
| Orient | 1'×1' = 280 |
| Premier | 1'×1' = 350 |
| Nippon, Dulux, Jotun | 1'×1' = 450 |

**Ph: 09-796211925**

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အိမ်အမှတ်(၁၁၆)နေ
ဦးထွန်းစိန်[လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)SMIDB]-ဒေါ်လှလှရီ[လက်ထောက်မန်နေဂျာ(ငြိမ်း) ငွေစုဘဏ်ခွဲ(၄)ရန်ကုန်]တို့၏သား

**ဒေါက်တာဟိန်းထက်အောင် M.B.,B.S(Yangon)**

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အုတ်ကျင်းဝန်ထမ်းအိမ်ရာ၊ တိုက်-K၊ အခန်း ၂၀၃ နေ
ဦးဝင်းလှိုင်(အငယ်တန်းလက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်မြင့်မြင့်အေး (သစ်စာရင်းကိုင်-၃၊ မြန်မာ့သစ်လုပ်ငန်း)တို့၏သမီး

**ဒေါက်တာမေသဇင်ဦး M.B.,B.S(Yangon)**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၁၂-၁၁-၂၀၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဂုဏ်သရေရှိတရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဒေါက်တာဟိန်းထက်အောင်-ဒေါက်တာမေသဇင်ဦး**




၁၉၃၃ ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်
**ရွှေမှုန်းဂဏန်း**
**ချွေးထုတ်ငန်းဆေးကို သုံးဆောင်ပါ**
**အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ တုပ်ကွေးဖျား၊ အဖျားရောဂါ၊ အနာဝင်ခြင်း နှင့်ချွေးငုတ်ခြင်းများအတွက် မြန်မာ့ဆေးစွမ်းကောင်း**
[illegible]

### အများသိစေရန် သတိပေးကြေညာချက်

[illegible]

**ဒေါ်သွယ်သွယ်ဝ (အရေးပေါ်စော်ဒေ့နေ) (စဥ်-၄၄၅၄)**
[illegible]
ဖုန်း -၀၉-၅၀၃၅၄၇၆ ၊ PC No.11182 E-mail: winandassociate@gmail.com

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အမှတ်(၆၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ် (၆၂)၊ (အလျား ၆၀ပေx အနံ ၂၄ပေ)၊ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း (အလျား ၆၀ပေx အနံ ၂၄ပေ)ရှိ မြေကွက်နှင့် အဆိုပါ မြေကွက်ပေါ်မှ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အမှတ်(၆၂)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်အောင် (ဘ) ဦးဘဖေ (ISN-၁၉၁၀၆၃) [၁၂/ ရကန(နိုင်)၀၃၆၃၈၃] အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ယင်းအိမ်ခြံမြေကို ဦးတင်အောင်ထံမှ ဒေါ်သက်သက်စိုး [၁၂/မဂဒ(နိုင်)၁၁၀၆၆၁]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်၊ ခြံ၊ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်မူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**




**သီဟလင်း**
အိမ်ခြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
01-7570307
09-5112729
09-73009734
09-73242979

**တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏**

### (၂၈-၁၀-၂၀၂၀)ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)(ကြော်ငြာ)၌ အများပြည်သူသိစေရန်ကြေညာချက်အား ပြန်လည်ပြင်ဆင်ကြေညာခြင်း

[illegible]

ညွှန်ကြားချက်အရ
L.L.B, Dip. In Business Law
[illegible]

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်စုမြတ်မောင် (LL.B) ၊ (စဉ်-၁၆၅၅၄)**
**တရားလွှတ်တော်ရှေ့နေ**
[illegible]

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

[illegible]

**သင့် သွေး ဖြင့် အသက် ကယ်ပါ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးမြတ်မင်းဆိုင်း (LL.B)** DL-101(IP),WIPO(Switzerland)
**ဒေါ်သက်သက်ဆွေ (LL.B)** DL-101(IP),WIPO(Switzerland)
(Thukha Pyaesone Law Firm)Phone - 0973099026 , 09968245587.

## ဦးလင်းမြင့်လှိုင် (ကိုလင်း)

### အသက်(၆၃)နှစ်

### (Ex: သစ်တော) (Panasonic–Director အဖွဲ့ဝင်)

[ဦးထွန်းလှိုင်(ဒုညွှန်ချုပ်–ငြိမ်း၊ ဆည်မြောင်း)]–ဒေါ်ခင်လှမြင့်တို့၏ သား၊ [ဦးခင်မောင်လွင် (အငြိမ်းစားရဲမှူးကြီး)–ဒေါ်ခင်မေနှင်း]တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅) ရပ်ကွက်၊ လောပိတလမ်း၊ အမှတ်(၇၉၆)နေ ဒေါ်မေနှင်းလွင်(ငယ်ငယ်)၏ ခင်ပွန်း၊ (ဦးဝင်းမြင့်လှိုင်)–ဒေါ်သိဂီလွင် တို့၏ ညီ၊ ဦးကျော်မြင့်လှိုင် (ညွှန်/ချုပ်–ငြိမ်း၊ ဆည်မြောင်း)–ဒေါ်စန္ဒာခင် (ဒုဝန်ကြီး–ငြိမ်း၊ ယဉ်ကျေးမှု)၊ ဦးဇော်မြင့်လှိုင်တို့၏ အစ်ကို၊ တူ/တူမလေးယောက်တို့၏ ဦးလေး ဦးလင်းမြင့်လှိုင်သည် ၁၄–၁၁–၂၀၂၀ (စနေနေ့) နံနက် ၁၀:၄၅ နာရီတွင် SSC ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလင်းမြင့်လှိုင် (ကိုလင်း)

### အသက်(၆၃)နှစ်

### (Ex: သစ်တော) (Panasonic–Director အဖွဲ့ဝင်)

[ဦးထွန်းလှိုင်(ဒုညွှန်ချုပ်– ငြိမ်း၊ ဆည်မြောင်း)]–ဒေါ်ခင်လှမြင့်တို့၏သား၊ [ဦးခင်မောင်လွင် (အငြိမ်းစားရဲမှူးကြီး)–ဒေါ်ခင်မေနှင်း]တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅) ရပ်ကွက်၊ လောပိတလမ်း၊ အမှတ်(၇၉၆)နေ ဒေါ်မေနှင်းလွင် (ငယ်ငယ်)၏ ခင်ပွန်း၊ ဦးကိုကိုကျော်–ဒေါ်မေမြလွင် (ပေါက်ပေါက်)၊ ဦးမောင်မောင်ဇော်သိန်း–ဒေါ်မေညွှန့်(မိုးမိုး)တို့၏ ညီ/မောင်၊ (ဦးပြည့်ကျော်)–ဒေါ်မေ ပြုံးလွင်(ပြုံး)တို့၏ အစ်ကို၊ တူ/တူမ လေးယောက်တို့၏ ဦးလေး ဦးလင်းမြင့်လှိုင်သည် ၁၄–၁၁–၂၀၂၀ (စနေနေ့) နံနက် ၁၀:၄၅ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

တော

တောင်

ပျက်ပြုန်း

မြေဆီ

သုဉ်း၏

အလ္လာအသျှင်မြတ်အမိန့်တော်ခံယူခြင်း

### မိုဟာမက်ဟာရှင်(ခ)ဦးခင်မောင်သိန်း(တောင်ငူ)

ညွှန်ကြားရေးမှူး(ငြိမ်း)(က.ည.န)

### အသက်(၈၁)နှစ်

တောင်ငူမြို့နေ (ဦးသိန်း–ဒေါ်မမလေး)တို့၏ တစ်ဦးတည်းသောသား၊ (ဦးဖေစိန်–ဒေါ်တင်တင်လတ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၈၇၁/A)နေ ဒေါ်တင်တင်စိန်(ငါး/ဦးစီး၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးသီတာသိန်း–ဦးနေသွေး (Combodia)၊ ဒေါ်အေးသူဇာသိန်း–ဦးကျော်ကိုကိုလွင်(Australia)၊ မသီရိသိန်း တို့၏ချစ်လှစွာသော ကျေးဇူးရှင် မွေးသဖခင်၊ မယဉ်မွန်သွေး၊ မောင်သိဒ္ဓိမင်းလွင် တို့၏ချစ်လှစွာသောဘိုးဘိုးကြီး မိုဟာမက်ဟာရှင်(ခ)ဦးခင်မောင်သိန်း(တောင်ငူ)၊ ညွှန်ကြားရေးမှူး(ငြိမ်း) က.ည.နသည် ၁၃–၁၁–၂၀၂၀ (သောကြာနေ့) ညနေ ၅:၃၀နာရီတွင် အထက်ပါနေအိမ်၌ အလ္လာအသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၄–၁၁–၂၀၂၀ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အေးအေးစိုး

### Advisor to CEO (MPT Joint Operation)

### အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး–ငြိမ်း)

### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ အမှတ် (၃၅)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း(မြောက်)နေ Advisor to CEO (MPT Joint Operation) အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး–ငြိမ်း) မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဒေါ်အေးအေးစိုး အသက် (၆၃)နှစ်သည် ၁၂–၁၁–၂၀၂၀ ရက် ညနေ ၃ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မင်း(ခ)ဦးလုလု–(ဒေါ်အေးအေး) မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အေးအေးစိုး

### Advisor to CEO (MPT Joint Operation)

### အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး–ငြိမ်း)

### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ အမှတ် (၃၅)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း(မြောက်)နေ Advisor to CEO (MPT Joint Operation) အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး–ငြိမ်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒေါ်အေးအေးစိုး အသက် (၆၃)နှစ်သည် ၁၂–၁၁–၂၀၂၀ ရက် ညနေ ၃ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Elite Tech Manufacturing Co.,Ltd**

**Elite Tech IT Services Co.,Ltd**

## ဒေါ်ကြည်ကြည်စိန်

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၆)မိုင်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ အမှတ်(၅၇၂)နေ [ဦးဖေစိန် သစ်တောအရေးပိုင်(ငြိမ်း)–ဒေါ်သန်းတင်)] တို့၏သမီး၊ (ဦးတင်အေး–ဒေါ်အုန်းအုန်း)တို့၏ညီမ၊ (ဒေါက်တာဦးအောင်သန်း–ဒေါ်ရီရီစိန်)တို့၏ အစ်မ၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်/ကြီးကြီး၊ မြေး ငါးယောက်တို့၏အဘွား ဒေါ်ကြည်ကြည်စိန်သည် ၁၃–၁၁–၂၀၂၀ (သောကြာနေ့) နံနက် ၁၁:၃၀နာရီတွင် နေအိမ်၌ (၉၆)ပါး ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ချစ်(ပြည်)

### အသက် (၉၁) နှစ်

### မိုးကုတ်ယောဂီအဖွဲ့ခွဲ (၂၇)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာ အိမ်ရာနေ [ဦးမြမောင် (နိုင်ငံတော်ပန်းချီကျောင်းဆိုင်းဆရာကြီး–ငြိမ်း)–ဒေါ်စန်းကြည်] တို့၏ သမီးကြီး၊ ပြည်မြို့နေ ဒေါ်ခင်မြင့် (မင်းသားလေးစာပေ)၊ ရန်ကုန်မြို့နေ [ဦးလှဆွေ(မြန်မာ့မီးရထား– ငြိမ်း)]၊ဒေါ်ခင်အေး(ခ)တေးသံရှင် အေးအေးသွယ်၊ ဦးတင်မောင်ဋ္ဌေး (စခန်းမှူး–ငြိမ်း)၊(ဒေါ်ရီရီချို–ကထိက–ငြိမ်း)(ရန်ကုန်ယဉ်ကျေးမှု တက္ကသိုလ်)၊ ဦးသိန်းဇော် (ဒု–အရာခံဗိုလ်–ငြိမ်း)၊ တေးသံရှင် မခင်မြတ်မွန်တို့၏ အစ်မကြီးသည် ၂၉–၁၀–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိဆွေမျိုး မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

## ဦးသန်းတင်

### အသက်(၈၅)နှစ်

(ဦးဘသင် H.Q.A–ဒေါ်တင်တင်)တို့၏သားကြီး၊ [(အငြိမ်းစားအတွင်းဝန် သီရိပျံချီ) ဦးဘညွှန့်– ဒေါ်သောင်း]တို့၏သားသမက်၊ ဒေါ်သန်းသန်းခင်–ဦးလှိုင်မြတ်တို့၏အစ်ကိုကြီး၊ ဆရာမ ဒေါ်ကြည်ကြည်ခင်၏ခင်ပွန်း၊ ဦးဆန်းထွန်းဦး၊ ဒေါ်နီလာသန်း–ဦးစိုးနောင်၊ ဦးကျော်ကျော်သန်း၊ ဒေါ်မာလာသန်း–Neilhome၊ ဒေါ်မိုးမိုးသန်း–ဦးခင်မောင်မြတို့၏ဖခင်၊ ခင်ဒီပါမိုး၊ ထွဋ်မြတ်နောင်၊ သဉ္ဇာမိုး၊ သင်းသန္တာ၊ Su Kyi home တို့၏အဘိုး လောပိတရေအားလျှပ်စစ် စီမံကိန်း၊ စက်ကြီးဌာနလက်ထောက်အမှုဆောင်အင်ဂျင်နီယာ၊ Strand Hotel, Inya lake Hotel, သမ္မတဟိုတယ်တို့၏ Chief Engineer (အငြိမ်းစား)ဦးသန်းတင်သည် ၁၃–၁၁–၂၀၂၀ရက် ညနေ ၅:၁၁ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိုးစိုးအောင်

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင် အနောက်ပိုင်းလမ်း၊ အမှတ်(၂၇)နေ (ဦးအောင်ကြီး–ဒေါ်ခင်ကြည်)တို့၏ သမီး၊ [ဦးမြသွင် (မြန်မာ့သစ်လုပ်ငန်း)] ၏ ဇနီး၊ ဦးအေးထွန်း–ဒေါ်တိုးတိုးအောင်၊ ဦးခင်မောင်ချို–ဒေါ်ဆွေဆွေမြင့်၊ ဦးကိုကိုကြီး–(ဒေါ်မီမီအောင်)၊ ဦးခင်မောင်ဘို–ဒေါ်သက်သက်မူ၊ ဦးဋ္ဌေးဝင်း–ဒေါ်သန်းသန်းဋ္ဌေးတို့၏ အစ်မ၊ ဦးဝင်းမောင်–ဒေါ်မာလာသွင်၊ ဦးဇော်မွန်–(ဒေါ်စန္ဒာသွင်)၊ ဒေါ်သူဇာသွင် (မြန်မာ့ဆင်သုတေသနစီမံကိန်း)၊ ဦးရဲမျိုးသွင်၊ ဦးစိန်သောင်း–ဒေါ်ဥမ္မာသွင် (TMW Enterprise Ltd;)တို့၏ မိခင်၊ မြေးလေးယောက် တို့၏ အဘွားသည် ၁၄–၁၁–၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၁၁–၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၂၀–၁၁–၂၀၂၀ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းလှိုင်(ခနေဖြူ)

### မြန်မာ့အာမခံလုပ်ငန်း(ကြီးမှူး)ငြိမ်း

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မေယုလမ်းသွယ်၊ အမှတ်(၄၃၃/A)နေ (ဦးဘိုးသီ–ဒေါ်စိန်ညွှန့်)တို့၏သားငယ်(ဦးမောင်မောင်လှိုင်–ဒေါ်ခင်မေ)တို့၏ သားသမက်၊ ဦးလှကြိုင်– ဒေါ်မာလာညွှန့်တို့၏ ညီ၊ ဒေါ်ခင်အုန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးမင်းလှိုင်၊ ကိုဖြိုးမင်းလှိုင်၊ မခင်ဖြူလှိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၃–၁၁–၂၀၂၀ (သောကြာနေ့) နံနက် ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလပ်ကို ၁၃–၁၁–၂၀၂၀ ရက်တွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန် သူအား ရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ဆပ်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ် ပါသဖြင့် ၁၉–၁၁–၂၀၂၀ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားနာတော်ကြွရောက်ပါရန် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး

## ဦးတင်အောင်ထွန်း

### အသက်(၅၃)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်နေ (ဦးဘဆိုင်–ဒေါ်ခင်ကြည်)တို့၏သား၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်နေ ဦးမြသန်း–ဒေါ်ယဉ်နွဲ့တို့၏ သားသမက်၊ ဦးလှတင်–ဒေါ်နွဲ့နွဲ့ရီ တို့၏မောင်၊ ဦးအောင်မျိုးထွန်း–ဒေါ်ဖြူစင်ဝင်းသူတို့၏ အစ်ကို၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ (၄)လမ်း၊ အမှတ်(၆/က)နေ မဇွန်ပွင့်ဖြူ၊ မောင်ဇင်လင်းထက်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်အေးအေးသန်း(ခ)မစံပယ်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂–၁၁–၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၁၁–၂၀၂၀ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈–၁၁–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ (၄)လမ်း၊ အမှတ်(၆/က)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဉာဏိက

### သိက္ခာတော် (၅၉) ဝါ၊ သက်တော် (၇၉) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၇) ရပ်ကွက်၊ ကျန်စစ်သားလမ်းရှိ ဇီးကုန်းကျောင်းတိုက်၏ ဆရာတော်ဘဒ္ဒန္တဉာဏိက သိက္ခာတော် (၅၉)ဝါ၊ သက်တော် (၇၉) နှစ်သည် ၁၄–၁၁–၂၀၂၀ (စနေနေ့) (သီတင်းကျွတ်လကွယ်နေ့)၊ နံနက် ၈:၄၅ နာရီတွင် (၉၆)ပါး ရောဂါ ဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှတပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တင့်

### (အထက်တန်းပြ–ငြိမ်း) (ဖျာပုံ)

### အသက် (၇၃) နှစ်

ဖျာပုံမြို့၊ ချောင်းတွင်းရပ်နေ (ဦးသိန်းမောင်–ဒေါ်မြခင်) တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ်(၁၀)နေ ဦးလေးမြင့်၏ဇနီး၊ ဦးကျော်စိုးလင်း–ဒေါ်ဇင်ညိုထွေး၊ ဦးတင်ထွန်းလင်း–ဒေါ်အေးကြည်ပြာမောင်၊ ဦးဇေယျာလင်း–ဒေါ်စုလဲ့လဲ့လွင်၊ ဒေါ်နှင်းဝတ်ရည်၊ ဦးစစ်အောင်ဇော်–ဒေါ်မိုးပွင့်ဖြူတို့၏ ချစ်လှစွာသောမိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၁၄–၁၁–၂၀၂၀ (စနေနေ့) နံနက် ၀၀:၃၇ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၆–၁၁–၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၂၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀–၁၁–၂၀၂၀ (သောကြာ နေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း အသက်(၇၀)

### မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)

### (ကျောက်တန်း)

ကျောက်တန်းမြို့နေ (ဦးတင်မောင်)–ဒေါ်သန်းရွှေတို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၁)ရပ်ကွက်နေ ဒေါ်နန်းလှမြင့်၏ခင်ပွန်း၊ ကိုကျော်ဇောဟိန်း–မဝင်းမွန်ဦး(ခေတ္တ–စင်ကာပူ)၊ ကိုစိုးမြတ်မင်း–မမေသန္တာစိုး(ခေတ္တ–စင်ကာပူ) တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး ဦးစိုးဝင်းသည် ၁၀–၁၁–၂၀၂၀(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၁၁–၂၀၂၀(ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးကယ်ဗင်ဘုန်းနိုင်ဦး (EO/EE)(ငြိမ်း)

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ–ဆ–ပ–လ ရပ်ကွက်၊ တိုက်ဟောင်း(၂)၊ အခန်း(၇)နေ [ဦးစီဦး(ခ)ဦးဘီမြင့်ဆွေ]–ဒေါ်ရိုဇီစီဦးတို့၏ တတိယမြောက်သား၊ ဒေါ်ခင်မေဆင့်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ဆင့်ဆင့်ဦး၊ ဒေါက်တာမေဖုန်းသစ်တို့၏ ချစ်လှစွာသောဖခင်၊ ဦးဝင်းနိုင်ဦး–ဒေါ်သန်းသန်းအေး တို့၏ ညီ၊ ဦးရှမ်း–ဒေါ်မာရီခင်စီဦး တို့၏ မောင်၊ ဦးခက်ပန်–ဒေါ်လူစီတင်မေဦး၊ (ဦးရဲနိုင်ဦး)၊ (ဦးထွန်းနိုင်ဦး)၊ (ဦးသန်းဋ္ဌေး)–ဒေါ်နှင်းနွယ်ဦး၊ ဦးသန်းထိုက်ဦး–ဒေါ်စုစုကြည်၊ ဦးအေးနိုင်ဦး၊ ဦးအောင်နိုင်ဦး၊ ဦးမျိုးနိုင်ဦး၊ ဦးဝင်းကျော်ထွန်း–ဒေါ်ထားနွယ်ဦး၊ ဦးCyril အောင်မျိုးဦး–ဒေါ်သက်နွယ်ဦးတို့၏ အစ်ကိုသည် ၁၃–၁၁–၂၀၂၀ (သောကြာနေ့) ညနေ ၅:၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အဆုတ်ကင်ဆာရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅–၁၁–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညိုးငယ်သော စိတ်ထားဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းသိန်းနွယ် (ခ) မဂျာပု

### အသက် (၅၉) နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ အင်းတောင်ရပ်ကွက်နေ [ဦးထွန်းသိန်း (Malaria Inspector၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့၊ ကျန်းမာရေးဌာန)–ဒေါ်အေးနွယ် မူလတန်းပြဆရာမ– ငြိမ်း] တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့နေ ဦးကျော်ညွန့်အောင် (ကုန်သည်)၏ ချစ်လှစွာသောဇနီး၊ (ကိုလင်းထူးနိုင်)–မကလျာနွယ်၊ မနှင်းကြူကြူလှိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး)၊ ကိုအောင်သူရ–မသင်းကြူကြူခိုင်၊ မဝင်းဖြိုးဖြိုးနိုင် (Marketing Manager, Canadian International College–Myanmar)၊ မလှခွာညို့ဝင့် (ဒုတိယဦးစီးမှူး၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး)၊ မလှချယ်ရီဝင့် (ဒုတိယဦးစီးမှူး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်ဥက္ကာဟိန်း၊ မခေတ်မြတ်ရတနာ(ခ) မရှင်းသန့်ဖြူ၊ မောင်လင်းမြတ်ဘုန်းမိုရ် တို့၏ချစ်လှစွာသော အဘွား ဒေါ်သိန်းသိန်းနွယ် (ခ) မဂျာပုသည် ၁၁–၁၁–၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ် ကို ၁၃–၁၁–၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ် ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုကျော်တေဇာသိန်း(ခ) ကိုဦး

### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အောင်ဇေယျအိမ်ရာနေ ဦးသိန်းဇံ(ဒုတိယညွှန်ကြားရေးမှူး–ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်သန်းသန်းဦး [ထွေ/အုပ်(ငြိမ်း)]တို့၏ ချစ်လှစွာသောသား၊ ကော့မှူးမြို့နယ်၊ အဖျောက်ရွာနေ (ဦးဝင်းကြည်)၊ ဒေါ်မူမူနိုင်တို့၏ သားသမက်၊ မပန်းအိဖြူ၏ ချစ်လှစွာသောခင်ပွန်း ၊ အောင်ဇေယျအိမ်ရာနေမစန္ဒီသိန်း၏အစ်ကိုသည် ၁၁–၁၁–၂၀၂၀ ရက် ည ၉ နာရီတွင် ကော့မှူး မြို့နယ်ဆေးရုံ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် အဖျောက်ရွာနေအိမ်မှ အဖျောက်ရွာသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၅၉ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ယှဉ်တွဲပါပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည် -

| အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ဦးရယ်ဒမ်းတန် | ၁/မကန(နိုင်)၀၃၆၈၇၀ | နောင်မွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၆၀ /၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးချန်တန်ခင် | ၁/နမန(နိုင်)၀၀၃၇၆၃ | နောင်မွန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❐

## ကာမိုင်းမြို့၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

ကာမိုင်း နိုဝင်ဘာ ၁၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ဒေသအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၁၇၁၂ စုတို့အတွက် နိုင်ငံတော်က စတုတ္ထအကြိမ်အဖြစ် အိမ်ထောင်တစ်စုလျှင် ငွေကျပ် ၄၀၀၀၀ စီကို ယမန်နေ့နံနက် ၉ နာရီက အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂





## လမ်းမတော်မြို့နယ်၌ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်လုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များနှင့် အခြေခံစားသောက်ကုန်များ တတိယအကြိမ်မြောက် လှည့်လည်ရောင်းချခြင်းကို အမှတ်(၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ (၁၃) လမ်းနှင့် (၁၄) လမ်းကြား၊ (၁၄) လမ်းနှင့် ရွှေတောင်တန်းလမ်းကြားတို့တွင် ယနေ့နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရောင်းချခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ဈေးကားများဖြင့် ရောင်းချသူ၊ ဝယ်ယူသူများ စနစ်တကျ ဝယ်ယူရောင်းချနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

### ကြေးမုံ ယနေ့ ဖတ်စရာ

တက္ကသိုလ်ရာပြည့် ဘဝတစ်ကွေ့
စာမျက်နှာ » ၈

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရန် အရှေ့တောင်အာရှနိုင်ငံများအား ကန်ဒေါ်လာ သန်း ၂၀၀ ကျော် ဂျပန် ထောက်ပံ့မည်
စာမျက်နှာ » ၁၂

နိုဝင်ဘာ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၇၇ ဦး တွေ့ရှိ
စာမျက်နှာ » ၁၆